www.burmeseclassic.com




# မိုးကောက်ဂသူ

## အထီးကျန်တကဲ့ဓား

ကျိုကိုချင်း ယင်၏ သူကျန်းဟူ

ပထမပိုင်း

www.burmeseclassic.com

www.burmeseclassic.com

# မိုးကျော်သူ

# အထီးကျန်ကလဲ့စား

(ပထမပိုင်း)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃-ခုနှစ်

ပထမအကြိမ် အုပ်ရေ-၄၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေးပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အသစ်တရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

www.burmeseclassic.com



## စေတနာရှင်

ယင်းချူး...။

ယင်းချူးအား သိုင်းလောကသားများက 'စေတနာရှင်'ဟူ[illegible]ဘွဲ့ထူး ပေးအပ်ထားလေသည်။

ယင်းချူးသည် တစ်နှစ်ပတ်လုံး နှင်းများဖုံးနေသည့် နှင်း[illegible]ဝင်တန်းများရှိသော မြောက်ဖျားဒေသမှ သိုင်းလောကသို့ ဆင်း[illegible]ပြီး ကျင်လည်ကျက်စားခဲ့သူဖြစ်သည်။

ယင်းချူး၏ သိုင်းပညာသည် မြူနှင်းများ၊ နှင်းပွင့်များကဲ့[illegible]ပါးပြီး ရေခဲကဲ့သို့ လေးလံသည်။

သိုင်းလောကသားများ အသုံးပြုလေ့ပြုထရှိသော သိုင်း[illegible]ညာရပ်များနှင့်မတူ ကွဲပြားခြားနားသော သိုင်းပညာမျိုးဖြစ်ရကား [illegible]လောကဒွိခြေချပြီး မကြာမီမှာပင် ယင်းချူးအား လူသိများလာ[illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းချူးမှာ အခြားသိုင်းသမားများနှင့် မတူဘဲ တမူထူးခြားသူ တစ်ယောက်လည်းဖြစ်သည်။

ယင်းချူးက သဘောကောင်းပြီး လူတစ်ဘက်သားကို ကူညီလိုစိတ်ရှိသူ ဖြစ်သည်။

အခက်အခဲဒုက္ခကြုံတွေ့နေရသည်ကိုတွေ့လျှင် လူဆိုးလူကောင်းမခွဲခြားဘဲ ကူညီရန် ကြိုးစားတတ်ခြင်းကြောင့်လည်း ထူးခြားသူတစ်ယောက်ဟု သတ်မှတ်ခံရသကဲ့သို့ 'စေတနာရှင်'ဟူသော ဘွဲ့ထူး ချီးမြှင့်ခံရခြင်းဖြစ်လေသည်။

ယင်းချူးက သနားတတ်သည်။ သဘောမနောကောင်းသည်။ အကူအညီ ပေးလိုစိတ်ရှိသည်။

ထို့ကြောင့် စိတ်သဘောထား နူးညံ့ပျော့ပျောင်းသူဟု သတ်မှတ်နိုင်ပေသည်။

ရှုပ်ထွေးပွေလီလှသော သိုင်းလောကၕ ယင်းချူးကဲ့သို့ စိတ်နေသဘောထားရှိသူ တစ်ယောက်အဖို့ ရေရှည် ကျင်လည်ကျက်စားသွားရန် လွယ်ကူမည် မဟုတ်ပါချေ။

ယင်းချူးနှင့် ဆန့်ကျင်ဘက်အသွင်ဆောင်သူ သိုင်းလောကၕ အများအပြားရှိကြသည် မဟုတ်ပါလား။

ကောက်ကျစ်စဉ်းလဲခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်းပြယုဂ်ဖြစ်သော သိုင်းသမားဆိုးများသည် စေတနာရှင်ယင်းချူးအား သိုင်းလောကမှ စိတ်ပျက် ထွက်ခွာသွားစေလိမ့်မည်။



သို့မဟုတ်လျှင်...

ယင်းချူးအား အကောက်ကြံကာ ဒုက္ခပေးကြလိမ့်မည် ဖြစ်သည်။

မည်သို့ဆိုစေ။

ယင်းချူးအား ကူညီလိုသူများ၊ မိတ်ဖွဲ့လိုသူသည့် သိုင်းသမားကောင်းများလည်း ရှိကြလိမ့်မည် ဖြစ်သည်။

ထိုသဘောတရားများကို ယင်းချူးကိုယ်တိုင် နားလည်သဘောပေါက်ထားပြီး သိုင်းလောက အနှစ်သာရကို အပြည့်အဝခံစားရလိမ့်မည်ဟု ယုံကြည်ထားလေသည်။

သို့ဖြင့် 'စေတနာရှင်'ဟူသော ဘွဲ့ထူးချီးမြှင့်ခံရသည်အထိ စေတနာကောင်းလှသော ယင်းချူးသည် သိုင်းလောကၕ ကျင်လည်ကျက်စားရင်း မိတ်ဆွေတစ်ယောက် ရရှိခဲ့လေသည်။

ယင်းချူးနှင့် မိတ်ဆွေဖြစ်ခဲ့သူမှာ'ဂူလျောင်'ဆိုသူ ဖြစ်သည်။

ဂူလျောင်သည်လည်း ထက်မြက်သော သိုင်းသမားတစ်ယောက်ဖြစ်သည်။

ယင်းချူးနှင့်ဂူလျောင်တို့ သွေးသောက်မိတ်ဆွေများ ဖြစ်သွားခဲ့ကြရသည်ကို သိုင်းလောကတစ်ခုလုံး တအံ့တသြဖြစ်ခဲ့ကြလေသည်။

အကြောင်းမှာ ဂူလျောင်သည် ယင်းချူးနှင့် ဆန့်ကျင်ဘက်

www.burmeseclassic.com

www.burmeseclassic.com



စိတ်သဘောထား ခံယူချက်ရှိသူ ဖြစ်နေခြင်းကြောင့်ပင်။

ဝူလျောင်မှာ လူဆိုးတစ်ယောက် မဟုတ်သော်လည်း တိုက်ပွဲဆင်နွှဲသည့်အခါ လူဆိုးများထက်ပင် ဆိုးညစ်သူဖြစ်သည်။

ဝူလျောင်သည် တိုက်ပွဲကိုရွေးချယ်ပြီးသည်နှင့် ထိုတိုက်ပွဲကိုအနိုင်ရသည်အထိ မဆုတ်မနစ် တိုက်ပွဲဝင်တတ်သူဖြစ်လေသည်။

ဝူလျောင်က ပြိုင်ဘက်ကို ညှာတာရိုးထုံးစံမရှိပါ။

ပြိုင်ဘက်ကို ရန်သူဟု သဘောထားကာ ပြတ်ပြတ်သားသား တိုက်ခိုက်လေ့ရှိသည်။

တိုက်ပွဲ၌ ဒဏ်ရာရခြင်း၊ ခြေလက်အင်္ဂါဆုံးရှုံးခြင်း၊ အသက်ဆုံးရှုံးခြင်းများသည် မလွဲမသွေကြုံတွေ့ရမည့်ကိစ္စများဖြစ်၍ မထူးဆန်းဟု သဘောထားသည်။

ပြိုင်ဘက်ရန်သူကို မသတ်နိုင်လျှင် ရန်သူလက်ချက်ဖြင့် မိမိသေရမည်ဟု စွဲမှတ်ထားသည်။

မကောင်းမှုဒုစရိုက်များကို ရွံ့မုန်းသည့် အဖြူရောင်သိုင်းသမားတစ်ယောက်ဖြစ်သော်လည်း တိုက်ပွဲများ၌ စေတနာ၊ ကရုဏာ၊ ညှာတာထောက်ထားမှုကင်းမဲ့စွာ၊ ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်တတ်သူဖြစ်ရကား သူ့အား သိုင်းလောကသားများက 'တစ္ဆေတိုးတဖောက်ကန်း'ဟူသော ဘွဲ့ထူးချီးမြှင့်ခဲ့ကြလေတော့သည်။

ယင်းချူးနှင့်ဝူလျောင်တို့ အလွန်ခင်မင်ရင်းနှီးသွားကာ



သွေးသောက်ညီနောင် ဖွဲ့ခဲ့ကြသဖြင့် သိုင်းလောကသားများ အံ့သြတကြီးဖြစ်ခဲ့ကြရသည်မှာ မဆန်းတော့ချေ။

◆ ◆ ◆

ရွှေခရားစားသောက်ဆိုင်...။

'ဟုတ်ဝမ်း'၏ ရွှေခရားစားသောက်ဆိုင်မှာ အလယ်အလတ်တန်းစား စားသောက်ဆိုင်ဖြစ်သော်လည်း ထိပ်တန်းဆိုင်ကြီးများကဲ့သို့ လူစည်ကားနေတတ်ပြီး ဝင်ငွေကောင်းသော ဆိုင်တစ်ဆိုင်ဖြစ်သည်။

အရက်နှင့်ဟင်းလျာများက အနံ့အရသာပြည့်စုံပြီး ခံတွင်းတွေ့စေသကဲ့သို့ ဆိုင်ရှင်ဟုတ်ဝမ်း၏ ချိုသာပြေပြစ်သော ဆက်ဆံမှုကလည်း စားသောက်သူများကို ဆွဲဆောင်နိုင်စွမ်းရှိလေသည်။

ရွှေခရားစားသောက်ဆိုင်၏ တောင်ဘက် တစ်နေရာ၌ ဤမြို့မှ ထိပ်ထိပ်ကြဲ ကုန်သည်သူဌေးကြီးဟိဂျီ၏ ခမ်းနားသော စံအိမ်ဆောက်တည်ရှိသည်။

စေတနာသိုင်းသမား ယင်းချူးသည် သူဌေးကြီးလီနှင့်တွေ့ဆုံဆွေးနွေးပြီး အပြန်ခရီး၌ ရွှေခရားစားသောက်ဆိုင်တွင် ခရီးတထောက်နားကာ စားသောက်ခဲ့လေသည်။

နေမွန်းတည့်တော့မည် ဖြစ်သည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



နံနက်စာစားချိန်ကျော်လွန်သွားခဲ့ပြီ ဖြစ်ရကား ဆိုင်ထဲ၌ အနည်းငယ် လူရှင်းနေသည် ဟုဆိုနိုင်ပေသည်။

စေတနာသိုင်းသမား ယင်းချူးက အရက်နှင့်စားစရာ တစ်မျိုးမှာကြား၊ စားသောက်လိုက်သည်။

သူက မကြာခဏ လာရောက်စားသောက်လေ့ရှိသဖြင့် ဆိုင်ရှင်ဟုတ်ဝမ်းနှင့် မျက်မှန်းတန်းမိနေပြီ ဖြစ်သည်။

ယင်းချူး ဤနေရာသို့ ရောက်လာသည်မှာ မကြာသေးပါချေ။

သုံးလခန့်သာ ရှိသေးသည်။

သူက ကုန်သည်သူဌေးကြီးလီနှင့် ပတ်သက်ပြီး ရောက်လာခဲ့ခြင်းဖြစ်သည်။

သူဌေးကြီးလီသည် အများအမြင်၌ သူတော်ကောင်းကြီး တစ်ဦးကဲ့သို့ ရှိသော်လည်း နောက်ကွယ်၌ မကောင်းမှုမှန်သမျှ အကုန်လုပ်သည့် ဒုစရိုက်သမားကြီး တစ်ဦးဖြစ်သည်။

လူဆိုးလူမိုက်များကို လက်သပ်မွေးထားသည့် ဒုစရိုက်ဂိုဏ်းခေါင်းဆောင်ကြီးဖြစ်နေသည်။

ဤမြို့ကလေးမှ မိုင်ပေါင်းတစ်ရာပတ်လည်၌ ဖြစ်ပွားခဲ့သော လူသတ်မှု၊ လုယက်မှု၊ ဓားပြမှု၊ ဒုစရိုက်မှုအားလုံးသည် သူဌေးကြီးလီ၏လက်ချက်ချည်း ဖြစ်နေပါတော့သည်။

ယင်းချူးက သူဌေးကြီးလီ၏ လုပ်ရပ်များကို တားဆီးဆုံး



ရန်ရောက်လာခဲ့ခြင်း ဖြစ်သည်။

သူဌေးကြီးလီနှင့် သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့ခြင်းဖြစ်သေသည်။

ယင်းချူးက ဒုစရိုက်မှုများကို လုံးဝစွန့်လွှတ်ကာ အများအကျိုးဆောင်ရွက်ရန် စည်းရုံးပြောဆိုခဲ့သည်။

သူဌေးကြီးလီကသာ လက်ခံလျှင် ဒုစရိုက်မှုများ ချုပ်ငြိမ်းကွယ်ပျောက်သွားမည်ဖြစ်သဖြင့် အေးချမ်းသာယာသွားလိမ့်မည်ဖြစ်လေသည်။

ယင်းချူးက ပြဿနာတစ်ခုအား ငြိမ်းချမ်းစွာ ဖြေရှင်းလိုသူသာ ရှိလေသည်။

နှစ်ယောက်သား တွေ့ဆုံဆွေးနွေးပြီးနောက် သူဌေးကြီးလီက ယင်းချူး တောင်းဆိုသမျှကို လက်ခံခဲ့သည်။

သူ၏မကောင်းသော လုပ်ရပ်များကို စွန့်လွှတ်ကာ အများအကျိုးဆောင်ရွက်သွားမည်ဟု ကတိပေးခဲ့သည်။

ထို့ကြောင့်...

မိမိလာရကြိုးနပ်သည်။ ကြိုးပမ်းဆောင်ရွက်ရကျိုးနပ်သည်ဟု ယင်းချူး ကျေနပ်မိလေသည်။

သို့သော်...

ယင်းချူးက ဗိုက်ဆာလာနှင့် အားရပါးရ စားသောက်လိုက်သည်။

www.burmeseclassic.com



ဆိုင်ထဲ၌ လူရှင်းနေသဖြင့် တိတ်တိတ်ဆိတ်ဆိတ် ရှိနေသည်ဟု ဆိုနိုင်သည်။

ယင်းချူး စားသောက်နေစဉ် လူတစ်ယောက်က အနီးသို့ ရောက်ရှိလာလေသည်။

ဆိုင်ရှင် ဟုတ်ဝမ်းဖြစ်သည်။

ယင်းချူးက ခေါင်းညိတ်နှုတ်ဆက်လိုက်သည်။

ဆိုင်ရှင်ဟုတ်ဝမ်းက...

"စားလို့ကောင်းရဲ့လားဗျာ"

ဟုမေးလာသည်။

ယင်းချူးက...

"ဘယ်လို ပြောလိုက်တာလဲဗျာ၊ သိပ်ကောင်းတာပေါ့၊ ပြောရရင် ဘယ်လိုမှန်းတောင်မသိဘူး၊ သည်ကနေ့စားရတာ အကောင်းဆုံးလိုဖြစ်နေတယ်"

ဆိုင်ရှင်ဟုတ်ဝမ်း ပင့်သက်ရှိုက်လိုက်သည်။

"မင်းစားလို့ ကောင်းတယ်ဆိုလို့ ဝမ်းသာပါတယ်"

ယင်းချူးသည် ဆိုင်ရှင်ဟုတ်ဝမ်း၏အသွင် ထူးခြားနေကြောင်း အကဲခတ်မိလိုက်လေသည်။

ထို့ကြောင့်...

"ခင်ဗျား တစ်ခုခုပြောချင်လို့လားဗျာ"

ဆိုင်ရှင်ဟုတ်ဝမ်းက...



"အင်း..ပြောစရာတော့ သိပ်မရှိပါဘူး၊ မင်းစားလို့ကောင်းတယ်ဆိုရင် ကြိုက်သလောက်သာစားပါ၊ သည်ကနေ့ မင်းစားတဲ့ကျသင့်ငွေကို ကျုပ်မယူပါဘူး၊ စေတနာနဲ့ ကျွေးမွေးလိုက်ပါ့မယ်"

ယင်းချူး ပြုံးလိုက်သည်။

"ဆရာကြီး အတော်သဘော ကောင်းနေပါလားဗျာ"

ဟုတ်ဝမ်းက...

"မင်းဟာ လူကောင်းတစ်ယောက်ဆိုတာ ကျုပ်နားလည်ပါတယ်"

ယင်းချူးက..

"ကျွန်တော့်ကို နမြောနေတာပေါ့"

ဆိုင်ရှင်ဟုတ်ဝမ်း အံ့အားသင့်သွားသည်။

"ဟင်"

ယင်းချူးက...

"သူဌေးလီနဲ့ တွေ့ပြီးတဲ့နောက် ကျွန်တော် ရှေ့ဆက် အသက်မရှင်နိုင်တော့ဘူးလို့ အားလုံးပြောနေကြတာ"

"မင်း"

ဆိုင်ရှင်ဟုတ်ဝမ်း လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

ယင်းချူးက...

"သူဌေးကြီးလီက ကျုပ်ကို အချိုသပ်ပြီး ပြန်လွှတ်လိုက်ပေမယ့် သူ့ရဲ့တပည့်တပန်းတွေ လွှတ်ပြီး လုပ်ကြံခိုင်းမှာပဲ မဟုတ်လား

www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ သူက မကောင်းမှုတွေကို စွန့်လွှတ်ပြီး အများကောင်းကျိုး ဆောင်ရွက်ဖို့ ကျုပ်အကြံပေးတာကို လက်ခံခဲ့ပေမယ့် တကယ်တမ်း လက်ခံနိုင်တာမှ မဟုတ်ဘဲဗျာ"

ဆိုင်ရှင်ဟုတ်ဝမ်းက...

"မင်း..မင်းက သူဌေးကြီးလီ အကြောင်းကို သိနေတယ် ဟုတ်လား"

"ဒါပေါ့ဗျာ၊ ဒုစရိုက်ခေါင်းဆောင်တစ်ယောက်ကို ခင်ဗျားရဲ့ လုပ်ရပ်တွေကို ရပ်တန့်က ရပ်ပါ၊ မကောင်းမှုတွေကို စွန့်လွှတ်လိုက် ပါလို့ သွားပြောရုံနဲ့ လက်ခံလိုက်နာမှာ မဟုတ်ပါဘူး။ လာပြောတဲ့ လူကိုတောင် ရန်သူလို သဘောထားမှာ၊ ရှင်းရှင်းကလေးပါ"

"ဒါဖြင့်...မင်းက.."

ယင်းချူးက တည်ကြည်သော မျက်နှာထားဖြင့် ရှင်းပြ လိုက်လေသည်။

"ကျုပ်ဆက်ကြိုးစားသွားမှာပါ။ တစ်ကြိမ်နဲ့ မရရင် နှစ် ကြိမ် သုံးကြိမ်ပေါ့ဗျာ"

ဆိုင်ရှင်ဟုတ်ဝမ်း သက်ပြင်းချလိုက်ပြန်သည်။

"မင်းကံကောင်းပါစေလို့ ကျုပ်ဆုတောင်းလိုက်ပါတယ်၊ ဘာပဲဖြစ်ဖြစ် သည်ကနေ့ စားသောက်ခကို မယူပါရစေနဲ့"

ယင်းချူး ပြုံး၍ လက်ခံလိုက်သည်။

"ကျေးဇူးပါပဲဗျာ"



ဆိုင်ရှင်ဟုတ်ဝမ်းနှင့်တကွ ဤမြို့ကလေးမှ မြို့သူမြို့သား များသည်လည်းကောင်း၊ ဤမြို့ကလေး အနီးပတ်ဝန်းကျင်၌ နေထိုင် ကြသူများသည်လည်းကောင်း၊ ဤမြို့မှ ဖြတ်သန်းသွားလာကြသော ကုန်သည်ပွဲစားခရီးသွားများနှင့် အာမခံဌာနများသည်လည်းကောင်း သူဌေးကြီးလီ၏ဒုက္ခပေးမှု ခံခဲ့ရသည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ ဖြစ်သည်။

သူဌေးကြီးလီ ဦးဆောင်သော ဒုစရိုက်သမားများအား ချိုးနှိမ်နင်းမည့်သူ ပေါ်ပေါက်လာပါစေဟု ဆုတောင်းခဲ့ကြသည် မှာလည်း ကြာပြီ ဖြစ်သည်။

ယခု ယင်းချူး ရောက်ရှိလာ၏။

သို့သော်...

ယင်းချူးသည် သူတို့၏ဆုတောင်းပြည့်အောင် စွမ်းဆောင် ပေးနိုင်မည် မဟုတ်ဟု အားလုံး ယုံကြည်ထားကြလေတော့သည်။

ယင်းချူးနှင့် ဆိုင်ရှင်ဟုတ်ဝမ်းတို့ ပြောဆိုနေကြစဉ်...

"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွပ်ခွပ်..ခွပ်ခွပ်"

ဒုန်းစိုင်းနှင်လာသော မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## ဆန့်ကျင်ဘက်အသွင်

"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံ၊ မြင်းဟီသံများ ကျယ်လောင်စွာ ထွက်ပေါ်ကာ မြင်းစီးသမားတစ်ခု ဆိုင်ရှေ့သို့ ရောက်ရှိလာကြလေသည်။

မြင်းစီးသမားများသည် အနက်ရောင်ဝတ်ထားကြပြီး ဓားလုံ၊ လက်နက်ကိုယ်စီဆောင်ထားကြပြီး ခက်ထန်ကြမ်းတမ်းသည့် အသွင်ရှိကြလေသည်။

ဆိုင်ရှင်ဟုတ်ဝမ်း မျက်နှာပျက်သွားပြီး ယင်းချူး၏ရှေ့မှ ခပ်သုတ်သုတ် ထွက်သွားလေသည်။

အနက်ရောင်ဝတ်ထားကြသူများက ဆိုင်ထဲသို့ ခြေသံပြင်းပြင်းနှင်းကာ ဝင်ရောက်လာကြလေသည်။

ထိုလူများကား သူဌေးကြီးလီ၏တပည့် လူဆိုးလူမိုက်များ ဖြစ်ကြောင်း အားလုံးသိရှိထားကြလေသည်။



သူဌေးကြီးလီ၏လူများသည် ယင်းချူးထံသို့ ဦးတည်သွားကြပြီး အထပ်ထပ် ဝိုင်းရံထားလိုက်ကြလေသည်။

ဆိုင်ထဲ၌ ပြဿနာတစ်ခု ဖြစ်ပေါ်လာတော့မည် ဖြစ်သည်။

စားသောက်နေသူများလည်း ဆိုင်ထဲမှ ကပျာကယာ ထွက်သွားကြတော့သည်။

ယင်းချူးက အရက်တစ်ခွက် ငှဲ့သောက်လိုက်သည်။

တဖန် အရက်ခွက်ကို ပြန်ချထားပြီး ဝိုင်းရံထားသူများအား ကြည့်ကာ...

"ကျုပ်စားသောက်ပြီးသွားမှ ခင်ဗျားတို့ ရောက်လာကြတာ ကျေးဇူးတင်ပါတယ်ဗျာ"

အနက်ရောင်ဝတ်ထားသူများ ယခုထက် စော၍ ရောက်လာပါက စားသောက်မှုကို တစ်ပိုင်းတစ်စဖြင့် ရပ်လိုက်ရမည် မဟုတ်ပါလား။

အနက်ရောင်ဝတ်ထားသူများအား ဦးဆောင်လာသူမှာ ခေါင်းတုံးကြီးတစ်ယောက် ဖြစ်လေသည်။

သူဌေးကြီးလီ အားထားရသည့် လက်ရုံးတစ်ဦးလည်း ဖြစ်သည်။ ခေါင်းတုံးကြီးက...

"မသေခင် ဝဝစားသွားရတာ သိပ်ကို ကံကောင်းတယ် မှတ်ထားပေါ့"

ယင်းချူးက...

www.burmeseclassic.com

www.burmeseclassic.com



"မသေခင် ဟုတ်လား"

"ဟုတ်တယ်၊ မင်း သည်ဆိုင်ထဲမှာပဲ သေရမှာ"

"ဩော်"

ယင်းချူး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဘယ်တော့များလဲဗျာ"

"အခုပဲ"

ခေါင်းတုံးကြီး၏စကားဆုံးသည်နှင့် အနက်ရောင်ဝတ်ထား သူနှစ်ယောက်က ယင်းချူးအား ဝင်ရောက်တိုက်ခိုက်လိုက်ကြလေသည်။

"ဝှစ်–ဝှစ်"

ဝင်းလက်သော ဓားရောင်များ စူးရှသော လေတိုးသံများနှင့်အတူ ပြင်းထန်သော ဓားချက်များက ယင်းချူးထံ တိုးဝင်သွားလေသည်။

ယင်းချူး ထိုင်ရာမှမထဘဲ လက်တစ်ဘက်မြှောက်ကာ အကျီလက်ကို ဝှေ့ယမ်းလိုက်လေသည်။

အတွင်းအားအသုံးပြုလိုက်သည့် လေပွေလှိုင်းများ ဖြစ်ပေါ်လာပြီး တိုးဝင်လာသော ဓားနှစ်လက်ကို ရိုက်ထုတ်ဖယ်ရှားပြီး ဖြစ်သွားလေသည်။ တိုက်ခိုက်သူနှစ်ယောက်လည်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ရလေသည်။

ခေါင်းတုံးကြီး မကျေမနပ် ဖြစ်သွား၏။



"မင်း ဘယ်ဆိုးသို့လဲ၊ ကျုပ်ရဲ့ဓားကို ဖယ်ရှားပစ်ဖို့ ကြိုးစားကြည့်စမ်းပါဦး"

ကိုယ်တိုင် ဓားဘစ်လက်ဖြင့် ရှေ့ဝဦးတိုက်ခိုက်လိုက်လေသည်။ ယင်းချူး ထိုင်ရာမှမထပါ။

"ကောင်းလိုက်တဲ့ ဓားသိုင်း"

ခေါင်းတုံးကြီး၏ဓားသိုင်းကို ချီးကျူးပြီး ခန္ဓာကိုယ်အပေါ်ကို ယိမ်းနွဲ့လှုပ်ရှားကာ ရှောင်တိမ်းပေးလိုက်၏။

"ဝိ...ဒိ"

ခေါင်းတုံးကြီး၏ဓားချက်များသည် ယင်းချူး၏ခန္ဓာကိုယ်အနီးမှ ပွတ်ကာသီကာ လွဲချော်သွားလေသည်။

ယင်းချူး သိုင်းပညာ မခေကြောင်း ခေါင်းတုံးကြီး လက်ခံလိုက်ပြီး သူ၏လူများအား အော်ဟစ်လိုက်လေသည်။

"ဘာလုပ်နေကြတာလဲ ဝင်တိုက်ကြပါတော့လား"

ဤတွင်...

"တိုက်ကြဟေ့"

"ယား"

အနက်ရောင်ဝတ်ထားသူများလည်း ညာသံပေးကာ ဝင်ရောက်တိုက်ခိုက်လိုက်ကြရာ ဓားသောက်ဆိုင်ထဲ၌ ပြင်းထန်သော တိုက်ပွဲ ပေါ်ပေါက်လာလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲ၌ ပြင်းထန်သော တိုက်ပွဲကြီးတစ်ခု ဖြစ်ပေါ်လာလေသည်။

စားသောက်သူများနှင့် ဆိုင်လုလင်များ ထွက်ပြေးရှောင်တိမ်းသွားကြပြီ ဖြစ်သည်။

သို့သော်...

ဆိုင်ရှင်ဟုတ်ဝမ်းကတော့ မပြေးနိုင်ပါ။

သူပိုင်ဆိုင်သော ပစ္စည်းများအတွက် ထွက်မပြေးနိုင်အောင် ဖြစ်နေခြင်းပင်။

ထို့အတူ...

အနောက်ဘက်နံရံနှင့် ကပ်လျက် စားပွဲတစ်လုံး၌ တစ်ယောက်ထဲထိုင်ကာ စားသောက်နေသူတစ်ယောက်လည်း ရှိနေ၏။

ထိုလူမှာ ယင်းချူးနှင့် သက်တူရွယ်တူခန့် ရှိပြီး မီးခိုးရောင် အဝတ်အစားများ ဝတ်ထား၏။

ယင်းချူးနှင့် ဆန့်ကျင်နေသည်ကား ယင်းချူးကဲ့သို့ ပြုံးရွှင်ဖော်ရွေသော အသွင်မရှိ။

အေးစက်မာကျောပြီး ခံစားချက် ကင်းမဲ့သော အမူအရာ ရှိသည်။

ထိုလူရွယ်က တိုက်ပွဲအား လုံးဝအမှုမထားပါ။

အေးအေးဆေးဆေး အရက်သောက်နေ၏။

ထိုစဉ်...



"ဝုန်း"

ယင်းချူး၏လက်ချက်ကြောင့် လွင့်စဉ်လာသည့် အနက်ရောင်ဝတ်ထားသူတစ်ယောက်က မီးခိုးရောင်လူရွယ် အနီးသို့ ရောက်ရှိလာ၏။

လူရွယ်၏မျက်နှာ တင်းခနဲ ဖြစ်သွားပြီး လက်တစ်ဘက် သန့်ထုတ်လိုက်ရာ...

"ဝုန်း"

ထိုလူမှာ ပြင်းထန်သော အင်အားကြီးတစ်ခုက ရိုက်ထုတ်လိုက်သည့်အလား ဆိုင်အပြင်ဘက်သို့ ရောက်သည်အထိ အရှိန်ပြင်းစွာ လွင့်ထွက်သွားတော့သည်။ မရှေးမနှောင်းမှာပင်...

"ဝုန်း"

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

ခေါင်းတုံးကြီး ဦးဆောင်သော အနက်ရောင်ဝတ်ထားသူများ အရေးနိမ့်ကာ ဖရိုဖရဲ နောက်ဆုတ်သွားကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com



ခေါင်းတုံးကြီးတို့လူစု အရေးနိမ့်သွားပြီ ဖြစ်သည်။

အနက်ရောင်ဝတ်ထားသူများ ထိပ်ပေါက်ခေါင်းကွဲ ဒဏ်ရာ အနာတရ ဖြစ်ကာ ထွက်ပြေးသွားကြပြီ ဖြစ်သည်။

ယင်းချူးရှေ့၌ ခေါင်းတုံးကြီးတစ်ယောက်သာ ကျန်ရစ်ခဲ့လေသည်။

ဆိုင်ရှင်ဟုတ်ဝမ်းက ငေးကြည့်နေ၏။

ခေါင်းတုံးကြီးတို့လူစုအား အနိုင်ရလိုက်သော်လည်း ယင်းချူးအား ချီးကျူး၍ မရသေးပါ။

သူဌေးကြီးလီ ရှိနေသမျှ ကာလပတ်လုံး ယင်းချူးအား ဒုက္ခပေးလိမ့်မည် ဖြစ်သည်။

အခက်အခဲအန္တရာယ်များနှင့် အဆက်မပြတ် ကြုံတွေ့ရပြီး နောက်ဆုံး ယင်းချူး ဒုက္ခရောက်သွားလိမ့်မည်ဟု ဆိုင်ရှင်ဟုတ်ဝမ်း ယုံကြည်ထားခြင်းကြောင့် ဖြစ်လေသည်။

ယင်းချူးက...

"ခင်ဗျားကို အနာတရ မဖြစ်စေချင်ပါဘူးဗျာ၊ သူဌေးကြီးလီကိုလဲ စိတ်အေးအေးထားပြီး စဉ်းစားဆုံးဖြတ်ဖို့ ပြောလိုက်ပါ၊ သူ့ရဲ့ လုပ်ရပ်တွေ မှားယွင်းနေတယ်ဆိုတာ သူနားလည်ပါတယ်၊ အမှားကို ပြုပြင်လိုက်မယ်ဆိုရင် အားလုံးကောင်းသွားမယ်"

ခေါင်းတုံးကြီးက...

"ကောင်းပါပြီဗျာ၊ သူဌေးကြီးကို ကျုပ်ပြောပြလိုက်ပါ့မယ်"



ပြောပြီး ဦးညွှတ်လိုက်သည်။

ခေါင်းတုံးကြီးမှာ လူဆိုးတစ်ယောက်ဖြစ်ပြီး သဘောမနောကောင်းသူ မဟုတ်ပါ။

ရှုံးနိမ့်သွားခြင်းကြောင့် ထိတ်လန့်ကာ နောင်တရမည် မဟုတ်ဘဲ ခံပြင်းပြီး အကောက်ကြံဖို့ ကြိုးစားမည့် လူစားမျိုး ဖြစ်ပါတော့သည်။

ခါးကိုင်း၍ လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်သည့် အခိုက်အချိန်လေးမှာပင် အကျႌလက်အိုးကြားမှ ဝှက်ထားသည့် အဆိပ်အပ်ကလေးများဖြင့် တိတ်တဆိတ် ပစ်ခတ်လုပ်ကြံလိုက်သည်။

အဆိပ်အပ်ကလေးများသည် ယင်းချူးထံသို့ တိတ်တဆိတ် ထိုးလွင့်သွားလေသည်။

အဆိပ်အပ်တစ်ချောင်း ထိမှန်လိုက်သည်နှင့် ယင်းချူး ချက်ချင်းလဲကျ သေဆုံးသွားလိမ့်မည် ဖြစ်လေသည်။

ခေါင်းတုံးကြီးကလည်း သူ၏လုပ်ကြံမှု အောင်မြင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။

သို့သော်...

ယင်းချူး အပြုံးမပျက်ဘဲ အဆိပ်အပ်ကလေးများကို အကျႌလက်ဖြင့် လိပ်ကာ ဖမ်းယူထားလိုက်လေသည်။

အဆိပ်အပ်ကလေးများ မြင်ကွင်းမှ အမှန်တကယ် ပျောက်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်သွားတော့သည်။

"ဟင်"

ခေါင်းတုံးကြီး ထိတ်လန့်သွား၏။

ယင်းချူးကို မျက်လုံးပြူး၍ ကြည့်လိုက်သည်။ ယင်းချူးက

"ကျုပ်နေရာမှာ တခြားလူ တစ်ယောက်ယောက်ဆိုရင် ခင်ဗျားအသက်ရှင်နေဖို့ မဖြစ်နိုင်တော့ဘူးဗျ၊ ဟုတ်ရဲ့လား"

ခေါင်းတုံးကြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်..ဟုတ်ပါတယ်ဗျာ"

ယင်းချူးက...

"ကျုပ်နဲ့ တွေ့တာ ခင်ဗျားတို့အားလုံး ကံကောင်းပါတယ်၊ ခင်ဗျားတို့အားလုံး လူကောင်းသူကောင်းတွေ ဖြစ်သွားတာပဲ၊ ကျုပ်ကလဲ တွေ့မြင်ချင်ပါတယ်ဗျာ"

ခေါင်းတုံးကြီးက...

"ခင်ဗျားရဲ့ စေတနာကို လေးစားပါတယ်၊ ကျုပ်တို့ပြုပြင်ပါ့မယ်၊ ကျုပ်ကို သွားခွင့်ပြုပါဗျာ"

"ကောင်းပါပြီ၊ သွားနိုင်ပါပြီ"

ယင်းချူးက သွားခွင့်ပြုလိုက်လေသည်။

ခေါင်းတုံးကြီးလည်း ဆိုင်အပြင်ဘက်သို့ ချက်ချင်းပြေးထွက်သွားလေတော့သည်။

◆ ◆ ◆



ဆိုင်ထဲ၌ ပို၍ လူရှင်းသွား၏။

ဆိုင်ရှင်ဟုတ်ဝမ်း၊ ယင်းချူးနှင့် အေးစက်ခက်ထန်သော လူရွယ်တို့သုံးယောက်သာ ကျန်ရစ်ခဲ့လေသည်။

ယင်းချူးသည် ခေါင်းတုံးကြီးတို့အား ရှင်းပြနိုင်ခဲ့သည်ဟု ယူဆကာ ကျေနပ်နေ၏။

ဆိုင်ရှင်ဟုတ်ဝမ်းကား နောက်ထပ် ပေါ်ပေါက်လာမည့် တိုက်ပွဲများအကြောင်း တွေးပြီး ရင်လေးနေ၏။

အေးစက်ခက်ထန်သော လူရွယ်ကား တုံ့ဏှိဘာဝေ ရှိနေသည်။ ဆိုင်ထဲ၌ အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားခြင်း ဖြစ်လေသည်။

သို့သော်...

တိတ်ဆိတ်ငြိမ်သက်ခြင်းမှာ တဒင်္ဂ အချိန်လေးမျှသာ ဖြစ်သည်။

ဆိုင်အပြင်ဘက်မှ ထွက်ပေါ်လာသော စူးရှသည့် အော်ဟစ်သံက တိတ်ဆိတ်ငြိမ်သက်ခြင်းကို ဖြိုခွဲလိုက်ခြင်းကြောင့် ဖြစ်လေသည်။

"အား"

စူးရှသော အော်ဟစ်သံကြီး ထွက်ပေါ်လာပြီး ချက်ချင်း ကွယ်ပျောက်သွား၏။

ထိုအော်သံမှာ ထွက်ပြေးသွားသော ခေါင်းတုံးကြီး၏အသံ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း ယင်းချူး သတိပြုမိလိုက်သည်။

ခေါင်းတုံးကြီး ထွက်ပြေးသွားသော်လည်း ကံမကောင်းနိုင်တော့ကြောင်း ထင်ရှား၏။

ခေါင်းတုံးကြီးအား မည်သူက ဒုက္ခပေးလိုက်ပါသနည်း။

တွေးတောနေစရာ မလိုပါ။

သူဌေးကြီးလီ၏လက်ချက်ပင် ဖြစ်ရပေသည် မဟုတ်ပါလား။

ယင်းချူးက ဆိုင်တံခါးပေါက်ဆီသို့ လှမ်းကြည့်လိုက်၏။

ထိုအချိန်မှာပင် ခြေသံများ ထွက်ပေါ်လာကာ ဆိုင်ထဲသို့ လူသုံးယောက် ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရ၏။

သူဌေးကြီးလီနှင့် သူ၏ကိုယ်ရံတော်နှစ်ယောက် ဖြစ်သည်။

သူဌေးကြီးလီကိုယ်တိုင် သိုင်းပညာရှင်တစ်ယောက် ဖြစ်သကဲ့သို့ သူ၏ကိုယ်ရံတော်နှစ်ယောက်မှာလည်း ထိပ်တန်းသိုင်းပညာရှိကြပြီး အလွန်ရက်စက် ကြမ်းကြုတ်သူများ ဖြစ်လေသည်။

သူဌေးကြီးလီနှင့် ကိုယ်ရံတော်နှစ်ယောက်သည် ယင်းချူးနှင့် မလှမ်းမကမ်း၌ ခြေလှမ်းရပ်လိုက်ကြလေသည်။

စူးရှသော မျက်လုံးများဖြင့် ယင်းချူးအား စိုက်ကြည့်လိုက်ကြသည်။

ယင်းချူး ပြုံးလိုက်သည်။

"ဒါ..ခင်ဗျားရဲ့သဘောထားကို ဖော်ပြလိုက်တာပေါ့ ဟုတ်လား"



သူဌေးကြီးလီက...

"ယင်းချူး၊ မင်းက ကျုပ်ဆီကို လာခဲ့တာ မှားနေပြီဆိုတာ သိသွားသင့်တာပေါ့"

ယင်းချူးက...

"ခင်ဗျားသေသေချာချာ စဉ်းစားပါဦးဗျာ၊ ခင်ဗျားရဲ့ လုပ်ရပ်တွေ မှားယွင်းနေပြီဆိုတာ တွေ့လာရပါလိမ့်မယ်"

"ဟား...ဟား...ဟား"

သူဌေးကြီးလီ လှောင်ပြောင်ရယ်မောလိုက်လေသည်။

"ကျုပ် မမှားဘူး၊ မင်းမှားတာ၊ ကျုပ်ဟာ ဘယ်တော့မှ လူကောင်း ဖြစ်လာမယ့် လူတစ်ယောက်မှ မဟုတ်တာ"

"ဩော်"

ယင်းချူး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"ကောင်းပြီလေ၊ ခင်ဗျားဟာ လူကောင်း ဖြစ်ဖို့ မပြုပြင်ဘူး မကြိုးစားဘူး၊ နောင်တ မရနိုင်တော့ဘူးဆိုရင်လဲ ကျုပ်လက်လျှော့လိုက်ရတော့မှာပေါ့"

သူဌေးကြီးလီက...

"မင်း နဲ့ချိန်မှာ လက်လျှော့မယ်၊ နောက်ကြောင်းလှည့်ပြန်မယ်ဆိုလို့ မရတော့ဘူး"

ယင်းချူး ရယ်မောလိုက်သည်။

"ကျုပ်လက်လျှော့လိုက်မယ်ဆိုတာ နောက်ကြောင်းလှည့်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖို့ မဟုတ်ပါဘူး၊ ခင်ဗျားကို မဆုံးမလို့ မရဘူးဆိုတာကို နားလည်လိုက်တာပါ"

သူဌေးကြီးလီက...

"ကျုပ်ကို ဆုံးမနိုင်မယ်ဆိုရင်တော့ မင်းဟာ သူရဲကောင်းပဲ"

ယင်းချူးက...

"အားလုံးကတော့ ကျုပ်ကို သူရဲကောင်းလို့ ပြောကြတာပဲဗျ"

သူဌေးကြီးလီက...

"ကျုပ်ကလဲ သူရဲကောင်းကိုမှ ဆုံးမချင်တာပါ"

သူက လက်ဝှေ့ယမ်းပြလိုက်လျှင် ကိုယ်ရံတော်နှစ်ယောက်က ရှေ့သို့ ခုန်ထွက်ကာ ယင်းချူးအား တိုက်ခိုက်လိုက်ကြလေတော့သည်။

စားသောက်ဆိုင်ထဲ၌ တိုက်ပွဲ ဖြစ်ပေါ်လာပြန်လေတော့သည်။

◆ ◆ ◆



## ပေါင်းစပ်ခြင်း

သူဌေးကြီးလီသည် ယင်းချူးအား အနိုင်ရလိမ့်မည်ဟု တထစ်ချ ယုံကြည်ထားလေသည်။

သူ၏ကိုယ်ရံတော်နှစ်ယောက်မှာ အားထားရသည် မဟုတ်ပါလား။

ကိုယ်ရံတော်နှစ်ယောက်သည် ဓားတစ်လက်စီ အသုံးပြုကာ ယင်းချူးအား ဝဲယာတစ်ဘက်တစ်ချက်မှ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ကြခြင်း ဖြစ်လေသည်။

"ဝှစ်...ဝှစ်"

"ဟူး...ဟူး"

လေတိုးသံများ၊ ဓားဝှေ့ယမ်းသံများ ထွက်ပေါ်လာကာ ဓားသွားများက ယင်းချူး၏တစ်ကိုယ်လုံး ဖုံးလွှမ်းထားလိုက်လေသည်။

ပြင်းထန်သော ဓားချက်များကြောင့် ယင်းချူး ဒုက္ခရောက်သွားမည် ဟုထင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးခိုးရောင်ဝတ်ထားသူက မလှုပ်မယှက်။

သူဌေးကြီးလီက အခြေအနေ စောင့်ကြည့်နေ၏။

သူ၏ကိုယ်ရံတော်နှစ်ယောက်သည် ယင်းချူးအား ကောင်းစွာ ထိန်းချုပ်ထားနိုင်သည်ဟု ယုံကြည်ထား၏။

သူက လှုပ်ရှားလိုက်မည်ဆိုသည်နှင့် ယင်းချူး ဒုက္ခရောက်ရမည်ဟုလည်း ယုံကြည်ထားလေသည်။

သူဌေးကြီးလီက ပိုင်မှ လုပ်တတ်သူ ဖြစ်သည်။

လက်နက်ပုန်းကလေးများ အသင့်ပြင်ရင်း ယင်းချူးအား တိုက်ခိုက်ခြင်းမပြုမီ သေချာအောင် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

ဤတွင် ဈောင်ကျကျ စားပွဲမှ မီးခိုးရောင်ဝတ်ထားသူကို သတိပြုမိလိုက်လေသည်။

သူဌေးကြီးလီ မျက်မှောင်ကုပ်သွားလေသည်။

မီးခိုးရောင်ဝတ်ထားသူအား သေသေချာချာ အကဲခတ်လိုက်လေသည်။

သူ၏ရင်ထဲ အေးစိမ့်သော ခံစားချက်များ ဖြစ်ပေါ်လာတော့သည်။

အဆိပ်ပြင်းလှသည့် မြွေဆိုးတစ်ကောင်အား တွေ့လိုက်ရသကဲ့သို့ ဖြစ်လေသည်။

"သူက ဘယ်သူလဲ"



သူဌေးကြီးလီ တွေးတောလိုက်သည်။

ဤမြို့ကလေးနှင့် အနီးပတ်ဝန်းကျင် ဒေသတဝိုက်၌ မည်သို့သောကိစ္စဖြစ်စေ အပ်ကျသည်ကအစ သူသိထားပေသည်။

မီးခိုးရောင်ဝတ်ထားသူကိုတော့ သူ မသိပါ။

ထိုလူသည် မျက်နှာစိမ်းတစ်ဦး ဖြစ်ပြီး ထိပ်တန်းသိုင်းသမား ရှိသူတစ်ယောက် ဖြစ်ကြောင်းလည်း တခဏအတွင်း သတိပြုမိခဲ့လေသည်။

ထို့ကြောင့် ယင်းချူးအား မတိုက်ခိုက်ဝံ့အောင် ဖြစ်သွားလေသည်။

သူက ယင်းချူးကို အာရုံစိုက်လိုက်ချိန်၌ မီးခိုးရောင်ဝတ်ထားသူက လှုပ်ရှားလာမည်ဆိုလျှင် အခက်ကြုံရနိုင်သည် မဟုတ်ပါလား။

သူဌေးကြီးလီ မလှုပ်ရှား ဖြစ်တော့ဘဲ ကျောက်ရုပ်ကြီးတစ်ခုအလား မလှုပ်မယှက် ဖြစ်သွားလေတော့သည်။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်"

"ယား"

ကိုယ်ရံတော်နှစ်ယောက်က ညာသံပေးကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြလေသည်။

သူတို့၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။

ဓားချက်များက ပြင်းထန်သည်။

လျှင်မြန်တိကျသည်။

ဓားတစ်ချက် ထိသည်နှင့် ယင်းချူး အသက်ပျောက်သွားမည် ဖြစ်လေသည်။

ယင်းချူးက ထိုင်မြဲထိုင်နေဆဲ။

သူ၏လက်ထဲ ဓားတစ်လက် ရောက်လာသည်။

ဓားဝှေ့ယမ်းကာ ကိုယ်ရံတော်နှစ်ယောက်၏ တိုက်ခိုက်မှုကို ပြန်လည်ရင်ဆိုင်နေလေသည်။

"ခြွမ်း..ခြွမ်း"

ဓားများ ပြင်းထန်စွာ ထိတွေ့မိလိုက်ပြီး မီးပွင့်ကလေးများ ထွက်ပေါ်လာလေသည်။

ကိုယ်ရံတော်နှစ်ယောက်သည် အသာစီးရသကဲ့သို့ ရှိပါသော်လည်း...

အချိန်အတန်ကြာလာသည့်တိုင်အောင် ယင်းချူး၏အကျိုင် ထိအောင် တိုက်ခိုက်နိုင်ခြင်း မရှိသေးရကား ကိုယ်ရံတော်နှစ်ယောက် ဒေါသထွက်လာတော့သည်။



"တောက်"

"သေပေတော့"

အော်ငေါက်ရင်း အစွမ်းကုန်ထုတ်ကာ ပို၍ ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြလေသည်။

ယင်းချူး ထိုင်နေ၍ မရတော့ပါ။

ဆက်ပြီး ထိုင်နေပါက ကိုယ်ရံတော်နှစ်ယောက်၏ တိုက်ခိုက်မှုကို ကောင်းစွာ ခုခံကာကွယ်နိုင်တော့မည် မဟုတ်ဘဲ အခက်ကြုံရတော့မည် ဖြစ်ကြောင်း နားလည်လိုက်သည် မဟုတ်ပါလား။

"ဟိတ်"

ယင်းချူး ထိုင်ရာမှ ကြွတက်ကာ လေထဲခုန်တက်လိုက်လေသည်။

"ဟူး"

သူ၏ခန္ဓာကိုယ် လေထဲ ရောက်သွား၏။

လက်တစ်ဘက်က ဓားဝှေ့ယမ်းကာ ကိုယ်ရံတော်နှစ်ယောက်၏ တိုက်ခိုက်မှုကို ဖယ်ရှားလိုက်လေသည်။

"ခြွမ်း..ခြွမ်း"

ကိုယ်ရံတော်နှစ်ယောက်လည်း နောက်ဆုတ်ပေးလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

"မင်း ဘယ်ပြေးမလဲ"

အော်ငေါက်ကာ ပြိုင်တူ လေထဲခုန်တက်ကာ ယင်းချူး အား လိုက်လံတိုက်ခိုက်လိုက်ကြလေသည်။

ထိုတဒင်္ဂအချိန်လေးသည် သူဌေးကြီးလီအတွက် အခွင့် ကောင်းတစ်ရပ် ဖြစ်သွားလေသည်။

သူဌေးကြီးလီသည် မီးခိုးရောင်လူရွယ် ရှိနေသည့်တိုင် အောင် အခွင့်အရေးကို လက်လွှတ်မခံနိုင်သဖြင့် လက်နက်ပုန်းလေး များဖြင့် ပစ်ခတ်လိုက်တော့သည်။

သူဌေးကြီးလီက လှုပ်ရှားလိုက်သည်နှင့် တပြိုင်နက် မီးခိုး ရောင်ဝတ်ထားသူလည်း လှုပ်ရှားလာလေတော့သည်။

◆ ◆ ◆

သူဌေးကြီးလီက လက်နက်ပုန်းများဖြင့် ယင်းချူးအား တိုက်ခိုက်လိုက်သည့် တဒင်္ဂအချိန်လေးမှာပင် မီးခိုးရောင်ဝတ်ထားသူ က ရေနွေးကြမ်းပန်းကန်လုံးကို ပစ်လွှင့်လိုက်လေသည်။

"ဝုန်"

ရေနွေးကြမ်းပန်းကန်လုံးသည် သူဌေးကြီးလီထံသို့ ပစ်လွှင့် သွားလေသည်။



မြှားတစ်စင်း ပစ်လွှင့်လာသကဲ့သို့သော လေတိုးသံကြောင့် သူဌေးကြီးလီ ထိတ်လန့်သွားလေသည်။

ကပျာကယာ ခန္ဓာကိုယ်ယိမ်းနွဲ့ ရှောင်တိမ်းလိုက်လေ သည်။

"ဗြိုး"

ရေနွေးကြမ်းပန်းကန်လုံးမှာ သူဌေးကြီးလီ အနီးမှ ပွတ် သီကာ ဖြတ်သန်းသွားလေသည်။

ရေနွေးကြမ်းပန်းကန်လုံးက ထိမှန်ခြင်း မရှိသော်လည်း သူဌေးကြီးလီ ရှောင်လိုက်ရသဖြင့် ခန္ဓာကိုယ်ဟန်ချက်ပျက်သွားသည် ဟု ဆိုနိုင်၏။

ထို့ကြောင့် သူ၏လက်နက်ပုန်းလေးများလည်း ပစ်မှတ်သို့ ညွှတ်သည့်မတ်မတ် ပစ်လွှင့်သွားခြင်း မရှိတော့ဘဲ ပစ်မှတ်မှ လွဲချော် သွားလေသည်။

သူဌေးကြီးလီ၏လက်နက်ပုန်းများသည် ယင်းချူးအား ထိ ခြင်း မရှိဘဲ အကျိုးမဲ့ ဖြစ်သွားသည်ဆိုသော် အကြောင်း ရှိမည် မှတ်ပေ။

ယခုတော့...

လက်နက်ပုန်းလေးများသည် ပစ်မှတ်ကို လွဲချော်သွား သည်သာမက ယင်းချူးအား တိုက်ခိုက်ရန် ကြိုးစားနေသည့် ကိုယ်ရံ တော်နှစ်ယောက်ဆီသို့ လမ်းကြောင်းလွဲကာ တိုးဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်နေကြသည်ဖြစ်ရာ လူချင်း နီးကပ်နေကြပြီး ယင်း ချူးအား လွဲချော်သွားသည်နှင့် အနီးၨရှိနေသည့် ကိုယ်ရံတော် နှစ် ယောက်ထံသို့ တိုးဝင်သွားခြင်း ဖြစ်ပါတော့သည်။

ကိုယ်ရံတော်နှစ်ယောက် ထိတ်လန့်သွားကြလေသည်။

"သတိထား"

အချင်းချင်း သတိပေးလိုက်ကြသည်။

ယင်းချူးအား တိုက်ခိုက်ခြင်း မပြုနိုင်ကြတော့ဘဲ ကမူ ကယာ ရှောင်တိမ်းလိုက်ကြလေသည်။

သို့တိုင် လက်နက်ပုန်းအချို့က ကိုယ်ရံတော်တစ်ယော အား ထိဖြစ်အောင် ထိသွားလေသည်။

လက်နက်ပုန်းလေးများ၌ အဆိပ်သုတ်လိမ်းထားသည် ဖြ ရကား လက်နက်ပုန်းထိကာ အဆိပ်မိသွားသော ကိုယ်ရံတော် စူးရှစွာ အော်ဟစ်လိုက်လေသည်။

"အား"

အဆိပ်က ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန် သဖြင့် ကိုယ်ရံတော်မှာ ချက်ချင်းပင် ပါးစပ်၊ နှာခေါင်းနှင့် နား သွေးများ ယိုစီးကျလာပြီး....

"ဝုန်း"

ကြမ်းပြင်ပေါ် ခြေပစ်လက်ပစ် ပြုတ်ကျသွားတော့သည်

ကိုယ်ရံတော်တစ်ယောက် အသက်ပျောက်သွားပြီ ဖြစ်



ကျန်ကိုယ်ရံတော်တစ်ယောက်လည်း သက်သာသည်တော့ တ်ပါချေ။

ယင်းချူးက အလွတ်မပေးဘဲ တိုက်ခိုက်လိုက်သည် မ ပါလား။

"ဝိုး"

မိန်းနိုးရှောင်ဝတ်ထားသူ ပစ်လွှတ်လိုက်သော ရေနွေးကြမ်း န်လုံးသည် သူ့ဒွေးကြီးလီ ရှောင်လိုက်သဖြင့် ပွတ်ကာသီကာ ကျော်သွားပြီး ယင်းချူးထံသို့ ဦးတည်သွားလေသည်။

"သွားစမ်း"

ယင်းချူးက လက်ဝါးရိုက်ထုတ်လိုက်ရာ ဖြစ်ပေါ်လာသော လှိုင်းများက ရေနွေးကြမ်းပန်းကန်လုံးအား အစိတ်စိတ် အ ကွဲအက်ကြေမွသွားစေသည့်အပြင် လာရာလမ်းအတိုင်း ည် ပစ်လွှင့်သွားစေခဲ့တော့သည်။

ယင်းချူးသည် ရေနွေးကြမ်းပန်းကန်လုံးအား ရိုက်ထုတ်ပြီး ကျန်ရှိနေသေးသော ကိုယ်ရံတော်အား ဆက်လက်တိုက်ခိုက် လေသည်။

သူ၏လှုပ်ရှားမှုမှာ တစ်ချိန်တည်း တစ်ပြိုင်တည်း လျှပ် လှုပ်ရှားလိုက်ခြင်း ဖြစ်လေသည်။

ကိုယ်ရံတော်သည် သူ၏အဖော်ခံလိုက်ရသည်ကို မြင်လျှင် သန့်ကာ နောက် ဆုတ်ဖို့ ကြိုးစားနေစဉ်မှာပင် ယင်းချူး၏ဓား

www.burmeseclassic.com

www.burmeseclassic.com



ချက်က ရိုပ်ခနဲ ကျရောက်လာလေသောအခါ ရောင်တိမ်းနိုင်စွမ်းမရှိ ဖြစ်သွားတော့သည်။

"ဝုတ်"

"ဒုတ်"

"အား"

ပြင်းထန်သော ဓားချက်က ကိုယ်ရံတော်၏ခန္ဓာကိုယ်အား ခပ်စွေစွေ အနေအထားဖြင့် နှစ်ခြမ်းခွဲပစ်လိုက်တော့သည်။

ကိုယ်ရံတော်မှာ ကြမ်းပြင်ပေါ်သို့ မရောက်မီ လေထဲမှာပင် အသက်ပျောက်သွားလေတော့သည်။

♦ ♦ ♦

ကိုယ်ရံတော်နှစ်ယောက်မှာ ယင်းချုံးကို အထက်စီးရမည့် အခြေအနေ ရောက်ရှိပြီးမှ ကံဆိုးသွားကြလေသည်။

နှစ်ယောက်စလုံး ကြမ်းပြင်ပေါ်ရောက်ကာ အသက်ပျောက်နေကြပြီ ဖြစ်လေသည်။

ထို့အတူ...

သူ့ဌေးကြီးလီလည်း အခြေအနေ မကောင်းတော့ချေ။

သူ့အား ရေနွေးကြမ်းပန်းကန်လုံးနှင့် မီးခိုးရောင်ဝတ်ထားသူက ပစ်လိုက်သည်ကို သိရှိပြီး ချက်ချင်းလှည့်၍ ရင်ဆိုင်လိုက်၏



"ကိုယ်နဲ့မဆိုင်ဘဲ ဝင်ရှုပ်တာ သေချင်လို့ပဲ"

သူ၏ခန္ဓာကိုယ်သည် မြားတစင်းပမာ မီးခိုးရောင်ဝတ်ထားသူထံသို့ တိုးဝင်သွား၏။

လက်နှစ်ဘက် ဆန့်တန်းကာ အရှိန်ဖြင့် တိုးဝင်တိုက်ခိုက်ခြင်း ဖြစ်လေသည်။

သူ၏လက်နှစ်ဘက်၌ ဘူးကလေးများ ပါရှိသော သံမဏိလက်အိတ်များ စွပ်ထားလေသည်။

အဆိပ်များလည်း သုတ်လိမ်းထားသည် ဖြစ်ရကား အလွန်ကြောက်စရာကောင်းသော လက်နက်တစ်မျိုး ဖြစ်လေသည်။

သူ့ဌေးကြီးလီသည် မြို့ပြင်ဘက်၏ ဓားလှံလက်နက်များကို လက်အိတ်စွပ်ထားသည့် လက်နှစ်ဘက်ဖြင့် ဖမ်းဆီးကာ ချိုးဖဲ့ပစ်ပြီး မြို့ပြင်ဘက်ကို အနိုင်ယူခဲ့သည်မှာ အကြိမ်များပြီး ဖြစ်လေသည်။

ယခုလည်း မီးခိုးရောင်ဝတ်ထားသူက လက်နက်တစ်ခုခုဖြင့် တိုက်ခိုက်လာပါက လက်နက်ကို လက်အိတ်စွပ်ထားသည့် လက်တစ်ဘက်ဖြင့် ဖမ်းဆီးပြီး ကျန်လက်အိတ်စွပ်ထားသည့် လက်တစ်ဘက်ဖြင့် တိုက်ခိုက်အနိုင်ယူဖို့ ရည်ရွယ်ထားခြင်း ဖြစ်လေသည်။

သို့သော်...

လက်တွေ့တွင် သူမျှော်လင့်ထားသကဲ့သို့ ဖြစ်မလာပါချေ။

အကြောင်းမှာ ယင်းချုံး ရိုက်ထုတ်လိုက်သည့် အကြမ်းပန်းကန်လုံးကွဲ အပိုင်းအစများသည် လက်နက်ပုန်းများသဖွယ် တိုးဝင်

www.burmeseclassic.com

www.burmeseclassic.com



လာခြင်းကြောင့် ဖြစ်လေသည်။

"ဟင်"

သူဌေးကြီးလီ ထိတ်လန့်သွားလေသည်။ ကပျာကယာ အပေါ်ခုန်တက် ရှောင်တိမ်းဖို့ ကြိုးစားလိုက်လေသည်။

သူ၏လှုပ်ရှားမှုက လျင်မြန်လှသဖြင့် အကြမ်းပန်းကန်ကွဲများကို ရှောင်တိမ်းနိုင်မည်မှာ ကျိန်းသေ၏။

သို့သော် သူက မီးခိုးရောင်ဝတ်ထားသူအား ဆက်၍ မတိုက်ခိုက်နိုင်တော့ပါ။

မီးခိုးရောင်ဝတ်ထားသူအား တိုက်ခိုက်မှု အကြံအစည်ကို စွန့်လွှတ်လိုက်ရလေသည်။

သူဌေးကြီးလီက တိုက်ခိုက်လာသည်နှင့် မီးခိုးရောင်ဝတ်ထားသူကလည်း ပြန်လည်တုန့်ပြန်လိုက်လေသည်။

သူဌေးကြီးလီက ဆက်၍ တိုက်ခိုက်နိုင်ခြင်း မရှိသောအခါ မီးခိုးရောင်ဝတ်ထားသူ၏တိုက်ခိုက်မှုက ကြောက်မက်ဖွယ်ကောင်းသွားတော့သည်။

ပြင်းထန်သော လေပွေလှိုင်းများသည် သူဌေးကြီးလီထံသို့ တိုးဝင်သွားတော့သည်။

"ဟူး"

သူဌေးကြီးလီက လေထဲ ကျွမ်းတပတ်ပစ်ကာ ရှောင်တိမ်းလိုက်လေသည်။



သူက နှစ်ဆင့်ရှောင်လိုက်သော်လည်း လေပွေလှိုင်းများနှင့် အကြမ်းပန်းကန်ကွဲ အပိုင်းအစများက သူ့အား လွှမ်းခြုံထားလိုက်လေသည်။

ထို့အပြင်...

"ခင်ဗျား နောင်တရမှာပါ"

စကားသံနှင့်အတူ ယင်းချူးက အနီးသို့ ရောက်ရှိလာပြန်ရအား ကံဆိုးသွားပြီ ဖြစ်ကြောင်း သူဌေးကြီးလီ နားလည်သွားတော့သည်။

"အား"

သူဌေးကြီးလီ၏ အထိတ်တလန့် အော်သံနက်ကြီးကြောင့် ဆိုင်ရှင်ဟုတ်ဝမ်း ကြက်သီးဖြန်းဖြန်းထကာ နားနှစ်ဘက်ကို လက်ဖြင့် ကပျာကယာ ဖိ၍ ပိတ်ထားလိုက်မိလေတော့သည်။

ထိုတခဏမှာပင် တိုက်ပွဲလည်း ပြီးဆုံးသွားလေတော့သည်။

◆ ◆ ◆

မြို့ပြင်၌ တောင်ကုန်းလေးတစ်ခု ရှိသည်။

ထိုတောင်ကုန်းလေးပေါ်၌ ဘုံကျောင်းလေးတစ်ခု ရှိနေ၏။

ဘုံကျောင်းလေးနှင့် မလှမ်းမကမ်း၌ အရိပ်ကောင်းသော

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးတစ်ပင် ရှိနေသည်။

ထိုသစ်ပင်ကြီးအောက်၌ လူနှစ်ယောက် ရှိနေကြေ သည်။

ယင်းချူးနှင့် မီးခိုးရောင်ဝတ်ထားသူတို့နှစ်ယောက် ရှိနေ ကြ၏။

ယင်းချူးက...

"သူဌေးကြီးလီဟာ သည်လောက် ကြောက်စရာကောင်း မယ် မထင်ဘူး"

မီးခိုးရောင်ဝတ်ထားသူက...

"ကိစ္စ မရှိဘူး။ သူက ခင်ဗျားကို လက်ဖျားနဲ့တောင် ထိ မရပါဘူး"

ယင်းချူးက...

"ခင်ဗျားရဲ့စကားက ထူးခြားနေပါလား"

မီးခိုးရောင်ဝတ်ထားသူက...

"ကျုပ် တကယ်ပြောနေတာ"

ယင်းချူးက...

"သူဌေးကြီးလီက ကျုပ်ကို ဒုက္ခပေးမယ်ဆိုရင် ခင်ဗျားက လက်ပိုက်ကြည့်မနေဘူး ဆိုပါတော့"

မီးခိုးရောင်ဝတ်ထားသူက...

"ကျုပ်က သူဌေးကြီးလီတို့ ခင်ဗျားကို အကောက်ကြံမယ်



ဆိုတဲ့ သတင်းကို ကြားမိတာနဲ့ ချက်ချင်း လိုက်လာခဲ့တာပေါ့"

ယင်းချူးက...

"ကျုပ်အတွက် စိုးရိမ်နေတာ၊ ခင်ဗျားမှာ အကြောင်းတစ်ခု ရှိနေလို့ ဖြစ်မယ် ထင်တယ်"

"မှန်ပါတယ်ဗျာ"

"ဘယ်လိုအကြောင်းများလဲ ပြောပါဦး"

"ကျုပ်က ခင်ဗျားနဲ့ ယှဉ်ပြိုင်ချင်လို့ပါဗျာ"

"ဩော်"

ယင်းချူးက မီးခိုးရောင်ဝတ်ထားသူအား ခြေဆုံးခေါင်းဆုံး ...ခတ်လိုက်လေသည်။

ထိုလူမှာ ထိပ်တန်းသိုင်းသမားတစ်ယောက် အသွင် ရှိနေ ...း အပြစ်ပြောစရာ တစ်ကွက်မျှ မတွေ့ရချေ။

သူ၏ခန္ဓာကိုယ်မှလည်း အေးစိမ့်သော ဓား၏အငွေ့အ ...တ်များ ထွက်ပေါ်နေ၏။

ကြောက်စရာကောင်းသူတစ်ယောက် ဖြစ်သည်ဟု ယင်း ...း နားလည်လိုက်လေသည်။

ယင်းချူး သက်ပြင်းချလိုက်သည်။

"ကျုပ်က သိုင်းလောကမှာ ကျင်လည်ကျက်စားခဲ့တာ ... တော်ကြာခဲ့ပါပြီ၊ သည်အရပ်ဒေသဘက်ကို ခရီးထွက်လာတော့မှ ... လမ်းခရီးမှာ သတင်းတစ်ခု ကြားခဲ့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



မီးခိုးရောင်ဝတ်ထားသူ ပြုံးလိုက်သည်။

"ခင်ဗျားက စိန်ခေါ်ယှဉ်ပြိုင်ချင်တဲ့ လူတစ်ယောက် ရှိနေတယ်ဆိုတဲ့ သတင်း မဟုတ်လားဗျာ"

ယင်းချူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားက ဂူလျှောင် မဟုတ်လားဗျာ"

မီးခိုးရောင်ဝတ်ထားသူကလည်း ခေါင်းညိတ်လိုက်လေသည်။

"မှန်ပါတယ်ဗျာ၊ ကျုပ်က ဂူလျှောင်ပါ"

ဂူလျှောင်သည်လည်း တဖြည်းဖြည်း ကျော်ကြားလာသော သိုင်းသမားတစ်ယောက် ဖြစ်သည်။

သိုင်းလောကသားများက ယင်းချူးအား 'စေတနာသိုင်းသမား'ဟု ဘွဲ့ထူးပေးအပ်ထားသကဲ့သို့ ဂူလျှောင်ကိုလည်း ဘွဲ့ထူးတစ်ခု ပေးထားကြလေသည်။

ဂူလျှောင် ပေးအပ်ခြင်းခံရသော ဘွဲ့ထူးမှာ 'တစ္ဆတ်ထိုး တခေါက်ကန်း' ဟူ၍ ဖြစ်လေသည်။

တစ္ဆတ်ထိုး တခေါက်ကန်း ဂူလျှောင်က သိုင်းပညာယှဉ်ပြိုင်ရန် သူ့အား လိုက်လံရှာဖွေနေသည့် သတင်းကို ယင်းချူး မကြာသေးမီက ကြားသိခဲ့ရလေသည်။

ယခု...

ယင်းချူးနှင့် ဂူလျှောင်တို့ မျက်နှာချင်းဆိုင် ဆုံတွေ့မိလိုက်



ဦ ဖြစ်လေသည်။

ယင်းချူး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က အဓိပ္ပါယ်မဲ့ မယှဉ်ပြိုင်ချင်ပါဘူးဗျာ"

ဂူလျှောင်က...

"တယ်သူက သိုင်းပညာ ပိုသာတယ်ဆိုတာ သိရအောင် ပြိုင်တာပဲ၊ ဘာကြောင့် အဓိပ္ပါယ် မရှိရမှာလဲ"

ယင်းချူးက...

"ဒါကိုပဲ ကျုပ်က အဓိပ္ပါယ် မရှိဘူးလို့ သတ်မှတ်ထားတာ"

ဂူလျှောင်က...

"စိန်ခေါ်ယှဉ်ပြိုင် တိုက်ခိုက်ကြတဲ့ ကိစ္စတွေဟာ သိုင်းလော မှာ ထူးဆန်းတဲ့ ကိစ္စမျိုးမှ မဟုတ်တာ၊ ကဲ..အချိန်ကြာပါတယ် ဓားထုတ်လိုက်ပါ"

ပြောရင်း ခါးဒွိုက်ဆွဲထားသော ဓားကို ခြင်ခနဲမြည် အောင် တ်လိုက်လေသည်။

ဝင်းလက်သော ဓားရောင်များ ဖြိုးပျက်ထွက်ပေါ်လာ၏။

ယင်းချူး နောက်ဆုတ်လိုက်သည်။

"ခင်ဗျားနဲ့ မယှဉ်ချင်ပါဘူးဗျာ"

ဂူလျှောင် လက်မခံပါ။

"မရဘူး၊ ခင်ဗျား မယှဉ်ချင်ဘူးဆိုရင် ကျုပ်ရှေ့မှာ ဒူး ာက်ပြီး ဦးသုံးကြိမ်ချ ရှစ်ခိုးကန်တော့ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ယင်းချူး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

ဝူလျောင်ကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။

ဝူလျောင် လျောင်ပြုံးပြုံးကာ...

"ဒါဆို ခင်ဗျား ထွက်သွားလို့ ရပါတယ်ဗျာ"

ယင်းချူး ခေါင်းခါယမ်းလိုက်သည်။

"ဒါတော့ မဖြစ်နိုင်ဘူးဗျ"

ဝူလျောင်က...

"ဒါဖြင့် ကျုပ်တို့ ယှဉ်ပြိုင်လိုက်ကြတာပေါ့"

"ကောင်းပြီ"

ယင်းချူး လက်ခံလိုက်ရလေတော့သည်။

◆ ◆ ◆

ယင်းချူးသည်လည်းကောင်း၊ ဝူလျောင်သည်လည်းကောင်း ထိပ်တန်းသိုင်းပညာ ရှိကြသူများ ဖြစ်ကြသည်။

တစ်ယောက်ကိုတစ်ယောက် အနိုင်ရဖို့ သိုင်းကွက်ပေါ များစွာ အသုံးပြုရမည် ဖြစ်သကဲ့သို့ အချိန်ကြာမြင့်စွာ ယှဉ်ပြိုင်ရ လိမ့်မည် ဖြစ်သည်။

သို့သော်...



ယင်းချူးနှင့် ဝူလျောင်တို့၏ ယှဉ်ပြိုင်ပွဲကား တခဏအတွင်းမှာပင် အနိုင်အရှုံးအဖြေ ထွက်ပေါ်လာလေတော့သည်။

"ဟိတ်"

"ယား"

ညာသံပေးသံများ ထွက်ပေါ်လာသည်။

ယင်းချူးနှင့် ဝူလျောင်တို့ ဓားကိုယ်စီ အသုံးပြုကာ ယှဉ်ပြိုင်လိုက်ကြလေသည်။

ဓားရိပ်များ၊ လေတိုးသံများ ထွက်ပေါ်လာသည်။

တခဏအတွင်းမှာပင် သိုင်းကွက်ဆယ်ကွက်ခန့် နှစ်ယောက်စလုံး ထုတ်ဖော်အသုံးပြုလိုက်ကြ၏။

ထို့နောက်...

"ခြွမ်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာ၏။

ဓားနှင့်ဓားချင်း ပြင်းထန်စွာ ထိတွေ့မိကာ မီးပွင့်ကလေးများပင် ထွက်ပေါ်လာလေသည်။

"ဒိုး"

ယင်းချူး၏လက်ထဲမှ ဓားမှာ လွင့်စဉ်သွားကာ မလှမ်းမကမ်းရှိ သစ်ပင်ကြီး၌ ဒုတ်ခနဲ မြည်အောင် စိုက်ဝင်သွား၏။

ဓားလွှတ်လိုက်ရသဖြင့် ယင်းချူး ရှုံးနိမ့်သွားတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ပြိုင်ပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။

ယင်းချူး အရေးနိမ့်သွားလေသည်။

ဂူလျှောင်ကို တစ်ချက်ကြည့်ကာ...

"ကျုပ် ရှုံးသွားပြီ"

ဟု ပြောလိုက်သည်။

ဂူလျှောင်က သူ့အား စိုက်ကြည့်နေ၏။

ယင်းချူးက...

"ကျုပ် သွားတော့မယ်"

သူက ဂူလျှောင်ကို အမှုမထားတော့ဘဲ သစ်ပင်ကြီး ရှိရာ လှမ်းသွားလိုက်သည်။

သစ်ပင်၌ စိုက်ဝင်နေသော ဓားရှည်ကို ဆွဲနုတ်ကာ ဓားအိ ထဲ ထိုးသွင်း သိမ်းဆည်းလိုက်သည်။

သူက ဂူလျှောင်ကို လုံးဝမကြည့်ပါ။ ဂူလျှောင်ကသာ ယင်းချူး လှုပ်ရှားသမျှကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။

ယင်းချူးက သူ၏မြင်း ရှိရာသို့ သွားနေခြင်း ဖြစ်သည်။

ဂူလျှောင်နှင့် တဖြည်းဖြည်း လှမ်းဝေးသွားပြီး မြင်းညို ကြီးအနီးသို့ ရောက်မှန်းမသိ ရောက်သွား၏။

ယင်းချူး ထွက်သွားတော့မည် ဖြစ်သည်။

ယင်းချူးကဲ့သို့ လူစားမျိုးအား အနိုင်ရလိုက်သည်မှာ ဂူလျှောင်အတွက် ဝမ်းသာဂုဏ်ယူစရာ မဟုတ်ပါလား။



သို့သော် ဂူလျှောင်၏ရင်ထဲ မည်သို့မျှ မခံစားရပါချေ။

သူအနိုင်ရလိုက်သော်လည်း အဓိပ္ပါယ်ကင်းမဲ့သကဲ့သို့ ဖြစ်နေသည် မဟုတ်ပါလား။

ဂူလျှောင်က မျက်တောင်မခတ် ကြည့်နေဆဲ...

ယင်းချူးက မြင်းညိုကြီးပေါ်သို့ ခုန်တက်လိုက်ပြီ ဖြစ်သည်။

ရုတ်တရက် ဂူလျှောင်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ယင်းချူးကို အော်ပြောလိုက်သည်။

"ရပ်လိုက်"

ယင်းချူးက လှည့်ကြည့်လိုက်သည်။

ဂူလျှောင်က...

"ခင်ဗျား တမင် အရှုံးပေးလိုက်တာပဲ"

ယင်းချူး ဘာမှမပြောပါ။

ဂူလျှောင်က...

"ခင်ဗျား တမင် အရှုံးပေးခဲ့တာ"

ယင်းချူးက...

"ကျုပ် ရှုံးသွားပါပြီ"

ဂူလျှောင်က...

"မရဘူး၊ ကျုပ်နဲ့ ယှဉ်ပြိုင်ရမယ်"

"ကျုပ်တို့ယှဉ်ပြိုင်ပြီးပြီလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါယှဉ်ပြိုင်တာ မဟုတ်ဘူး၊ ခင်ဗျားဟန်ဆောင် ယှဉ်ပြိုင်ခဲ့တာ"

ယင်းချူးက...

"ကျူပ် တကယ် ရှုံးခဲ့တယ်ဆိုတာ မင်းလက်ခံသင့်ပါတယ် မင်းကျေနပ်လိုက်ပါ။ ကဲ..ကျူပ်သွားတော့မယ်"

စကားဆုံးလျှင် မြင်းငေါက်ကာ ဒုန်းစိုင်းမောင်းနှင်သွားတော့သည်။

"ဟီး..ဟီး..ဟီး"

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းညိုကြီးက ရှည်လျားစွာ ဟီလိုက်ပြီး ဒုန်းစိုင်းမောင်းနှင်သွားတော့သည်။

"ခင်ဗျားသွားလို့ မရဘူး"

ဝူလျောင်က အော်ငေါက်ရင်း လက်ဝှေ့ယမ်းကာ လက်နက်ပုန်းလေးများဖြင့် ပစ်ခတ် တိုက်ခိုက်လိုက်လေသည်။

သူ၏လက်နက်ပုန်းလေးများက ယင်းချူးကို ဟန့်တားနိုင်မည်ဟု ယုံကြည်ထားလေသည်။

သို့သော်...

ယင်းချူးက လှည့်မကြည့်ဘဲ ဓားဆွဲထုတ်ကာ လက်နောက်ပြန်ဝှေ့ယမ်းလိုက်လျှင် လက်နက်ပုန်းလေးများကို အဝေးသို့ ရိုက်ထုတ်ပြီးသား ဖြစ်သွားတော့သည်။



"ခြွင်..ခြွင်..ခြွင်"

ဝူလျောင်၏လက်နက်ပုန်းလေးများကား ယင်းချူးအား ထိခိုက်ခြင်းမရှိဘဲ မြေပေါ်ကျသွားတော့သည်။

ယင်းချူးလည်း အဝေးသို့ ရောက်ရှိသွားတော့သည်။

"ခင်ဗျား ပြေးလို့ရမလား"

ဝူလျောင် ဒေါသတကြီး အော်ဟစ်လိုက်သည်။

မြေပေါ်ခြေချောင်းကာ ယင်းချူးနောက်သို့ ပြေးလိုက်သွားလေသည်။

ဝူလျောင်မှာ ထိပ်တန်းသိုင်းပညာ ရှိသည်သာမက ထိပ်တန်းကိုယ်ဖော့ပညာ ရှိသူလည်း ဖြစ်ရကား သူ၏လှုပ်ရှားပုံမှာ ကြယ်ကြွေသည့်အလား လျင်မြန်နေပါတော့သည်။

"ဟူး..ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာလေသည်။

ဝူလျောင် လိုက်လာသည်ကို မြင်လျှင် ယင်းချူးလည်း မြင်းကို ပို၍အရှိန်မြှင့်ကာ ဒုန်းစိုင်းနှင်သွားလေသည်။

တခဏအတွင်းမှာပင် နှစ်ယောက်သား အစက်အပြောက်လေးများအဖြစ် အဝေးသို့ ရောက်ရှိသွားပြီး နောက်ဆုံး မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ဖိတ်စာတစ်စောင်

တစ်နှစ်...။

တစ်နှစ်ဟူသော အချိန်သည် မျက်စိတမှိတ်အတွင်း ကုန်ဆုံးသွားသည်ဟုပင် ထင်ရလေသည်။

ယင်းချူးက သူဌေးကြီးလီအား ဆုံးမပြီးနောက်တွင် ခွန်လွန်တောင်၌ သွားရောက်နေထိုင်ခဲ့လေသည်။

ခွန်လွန်ဂိုဏ်းချုပ် ရသေ့ရှမ်းသည် ယင်းချူးနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ဦး ဖြစ်လေသည်။

ရသေ့ရှမ်းသည် ခွန်လွန်တောင်၏ အနောက်ဘက် တောင်ကုန်းရှိ ရသေ့များ တရားဘာဝနာ ရှုမှတ်သည့် ကျောင်းသင်္ခမ်းတစ်ခု၌ ယင်းချူးအား နေရာလာပြီး လိုလေသေးမရှိ ဧည့်ဝတ်ပြုခဲ့လေသည်။

ယင်းချူးသည် စာဖတ်သည်။ သိုင်းလေ့ကျင့်သည်။



ရသေ့ရှမ်းနှင့် စစ်တုရင်ထိုးသည်။ သိုင်းလောကအကြောင်း ဆွေးနွေးသည်။

ဤသို့ဖြင့် အနားယူနေထိုင်ခဲ့သည်မှာ တစ်နှစ်ဟူသော အချိန်ကုန်ဆုံးသွားခဲ့လေသည်။

တစ်နေ့...

ရသေ့ရှမ်းက ယင်းချူးထံသို့ ရောက်ရှိလာသောအခါ ထူးခြားခြား စာတစ်စောင် ယူဆောင်လာလေသည်။

"ကျုပ်တို့ ခွန်လွန်တောင်ကို ခင်ဗျားနာမည်နဲ့ စာတစ်စောင် ရောက်လာတယ်"

ယူလာသောစာကို ယင်းချူးအား ပေးလေသည်။

"ဘယ်သူ့ဆီကပါလိမ့်"

ယင်းချူးက စာကို ယူကာ ဖတ်ကြည့်လိုက်၏။

စာအိတ်ပေါ်၌...

"ဆရာယင်းချူး

မွေးနေ့ပွဲ ဖိတ်ကြားလွှာ"

ဟု ရေးသားထားလေသည်။

ယင်းချူး ပြုံးလိုက်သည်။

"မွေးနေ့ပွဲဖိတ်စာပဲ၊ ဘယ်သူကများ တကူးတက ဖိတ်ကြားလိုက်သလဲ မသိဘူး"

ရသေ့ရှမ်းက...

www.burmeseclassic.com

www.burmeseclassic.com



"ဖိတ်စာလာပို့တဲ့လူကတော့ မင်း သည်မှာ ရောက်နေ တယ်ဆိုတာ အတော့်ကို ခက်ခက်ခဲခဲ စုံစမ်းပြီးမှ သိခဲ့ရတာ၊ မွေး ပွဲကို ဆက်ဆက်လာခဲ့စေချင်တယ်လို့ မေတ္တာရပ်ခံသွားတယ်"

ယင်းချူးက...

"အဲသည်လူကော"

"ဖိတ်စာပေးပြီး ပြန်သွားပြီ၊ ကျုပ်နဲ့တွေ့လိုက်တာ မဟုတ် ဘူး၊ ခွန်လှန်ပြင်ပ ဆက်သွယ်ရေးတာဝန်ခံနဲ့ တွေ့ပြီး ပေးသွားတာ

ရသေ့ရှမ်းက ရှင်းပြလိုက်သည်။

ယင်းချူးလည်း သက်ပြင်းချကာ စာအိတ်ကို ဖောက်လိုက် သည်။

စာအိတ်ထဲ၌ အနီရောင်ဖိတ်စာတစ်စောင် ပါရှိလေသည်

ဖိတ်စာ၌...

"ဆရာယင်းချူး

သဲဝါတောင်ကြား၌ ကျင်းပမည့် မွေးနေ့ပွဲသို့ ကြွရောက် မြှင့်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

သဲဝါတောင်ကြားပိုင်ရှင်"

ဟု ရေးသားထားလေသည်။

ယင်းချူးက...

"သဲဝါတောင်ကြားပိုင်ရှင်ဆိုပါလား၊ ကျုပ် မသိရပါလား

အံ့သြသော လေသံဖြင့် ပြောလေသည်။



ရသေ့ရှမ်းလည်း မျက်မှောင်ကုပ်ထား၏။

"သဲဝါတောင်ကြားဆိုတာ သိုင်းလောကမှာ ရှိနိုင်ပါတယ်၊ ရှိခဲ့ရင်လဲ သိပ်ပြီးထင်ရှားတဲ့ နေရာတစ်ခုတော့ မဖြစ်နိုင်ဘူး၊ သာ မန်ပဲ ဖြစ်လိမ့်မယ်"

ယင်းချူးက...

"ကျုပ်တော့ တကယ် မသိဘူးဗျ"

ရသေ့ရှမ်းက...

"မသိရင် ဘာကြောင့် ဖိတ်ကြားရတာလဲ"

ယင်းချူး ခေါင်းခါယမ်းလိုက်သည်။

"မပြောတတ်ဘူး"

ရသေ့ရှမ်းက...

"ခင်ဗျား စဉ်းစားကြည့်စမ်းပါဦး"

ယင်းချူး အနည်းငယ် စဉ်းစားလိုက်ပြီး...

"ကျုပ်က သိုင်းလောက တန်တလျား သွားနေခဲ့တာ၊ လူ ပေါင်းစုံ၊ အဖြစ်အပျက်မျိုးစုံနဲ့ ကြုံတွေ့ခဲ့ရတာဆိုတော့ ဘယ်လို ပြောရမှန်းမသိ ဖြစ်နေတယ်"

ရသေ့ရှမ်း ပြုံးလိုက်သည်။

"ခင်ဗျားကို ကြည့်ပြီး ကျုပ်သဘောပေါက်လိုက်တယ်၊ ခင် ဗျားက သိုင်းလောက တန်တလျားသွားပြီး လူတကာကို ကူညီနေ တဲ့ လူတစ်ယောက်ပဲ၊ အဲဒါ တောင်ကြားပိုင်ရှင်ဆိုတဲ့လူကို ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဝါမှန်း မသိဘဲ ခင်ဗျားကူညီကောင်း ကူညီခဲ့မိတာလဲ ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် သဲဝါတောင်ကြားပိုင်ရှင်အတွက် အရေးပါတဲ့ တစ်ယောက်ယောက်ကို ကူညီမိခဲ့တာလဲ ဖြစ်နိုင်တာပဲ”

ဖြစ်နိုင်ချေ ရှိသည်များကို သုံးသပ်ပြလေသည်။ တဖန်...

“ဘာပဲဖြစ်ဖြစ် ခင်ဗျားအနားယူနေတာ ကြာနေပြီ၊ သိုင်းလောကထဲဆင်းပြီး လှုပ်ရှားဖို့ ကောင်းပြီ၊ သဲဝါတောင်ကြားကို သွားတာက စလိုက်ပေါ့”

ဟု အကြံပေးလေသည်။

ယင်းချူးလည်း လက်ခံလိုက်လေသည်။

“ကျုပ်လဲ ပျင်းရိလာတာနဲ့ အတော်ပါပဲလေ၊ သိုင်းလောကထဲ ဆင်းလိုက်ဦးမယ်”

ရသေ့ရှမ်းက...

“သဲဝါတောင်ကြားကို သွားမယ် မဟုတ်လား”

“ဒါပေါ့..”

“ကောင်းတယ်..ကောင်းတယ်၊ ဒါထက် ခင်ဗျားက သဲဝါတောင်ကြား ဘယ်မှာရှိတယ်ဆိုတာ သိသလား”

“ဟင့်အင်း”

ယင်းချူး ခေါင်းခါယမ်းလိုက်သည်။

သဲဝါတောင်ကြားသည် ထင်ရှားသော နေရာ မဟုတ်ရကား ယင်းချူး မသိသလို အခြားသိသူလည်း ရှားပါးလိမ့်မည် ဖြစ်သည်။



ယင်းချူးက...

“ခင်ဗျားကိုပဲ အကူအညီတောင်းရမှာပဲ”

ဟု ပြောလိုက်သည်။

ရသေ့ရှမ်း ခေါင်းညိတ်လိုက်သည်။

“ကျုပ်တို့ ဂိုဏ်းထဲမှာ သိုင်းလောကအကြောင်း ခရေစေ့တွင်းကျ သိတဲ့ ဂိုဏ်းခွဲမှူးတစ်ယောက် ရှိပါတယ်၊ သူ့ကို မေးကြည့်ရင် သဲဝါတောင်ကြားအကြောင်း သိရမှာ သေချာပါတယ်”

“ကျေးဇူးပါပဲဗျာ”

ယင်းချူး ကျေးဇူးတင်စကား ပြောလိုက်လေသည်။

ခွန်လွန်ဂိုဏ်းချုပ်သည် အသက်အရွယ်ကြီးရင့်ကာ မမာကျန်း ဖြစ်လာပြီး လွန်ခဲ့သည့် ငါးနှစ်က ကွယ်လွန်သွားခဲ့သည်။

ဂိုဏ်းချုပ်သည် ခွန်လွန်ဂိုဏ်းချုပ် ရာထူးကို ဆက်ခံရန် ရသေ့ရှမ်းကို ရွေးချယ်ခဲ့လေသည်။

ရသေ့ရှမ်းမှာ အသက်ငယ်ရွယ်နေခြင်းကြောင့် ဖြစ်သည်။

ရသေ့ရှမ်းထက် အသက်ကြီးသူ ဝါစဉ်ကြီးသူများက မကျေနပ် ဖြစ်ခဲ့ကြသည်။ အချို့က ရသေ့ရှမ်းအား အကောက်ကြံဖယ်ရှားဖို့ပင် ကြိုးစားခဲ့ကြသည်။

ရသေ့ရှမ်းအား လုပ်ကြံမှုတစ်ခုတွင် ယင်းချူးက ကူညီဖြေရှင်းပေးခဲ့ရာမှ နှစ်ယောက်သား ရင်းနှီးသွားခဲ့ခြင်း ဖြစ်သည်။

နောက်ပိုင်းတွင်...

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ရှမ်းမှာ အရည်အချင်း ပြည့်စုံပြီး ဝိဇ္ဇာ်းချုပ်ရာထူးကို ဆက်ခံထိုက်သူ ဖြစ်ကြောင်း အားလုံးနားလည်သဘောပေါက်ကာ ဝိဇ္ဇာ်းချုပ်ရာထူးကို ကြည်ကြည်ဖြူဖြူ ပေးအပ်ခဲ့ကြသည်။

ရသေ့ရှမ်းသည် ယင်းချူးနှင့် ပတ်သက်၍ ဘာမဆို ကူညီပေးဖို့ ဝန်မလေးတော့ချေ။ မကြာပါချေ။

သဲဝါတောင်ကြား အကြောင်းကို ယင်းချူး သိရှိလိုက်ရလေတော့သည်။

◆ ◆ ◆

သဲဝါတောင်ကြား...။

သဲဝါတောင်ကြားမှာ စန်းတုံးနယ်၌ တည်ရှိသည်။

ဝေးလံသီခေါင်သော နေရာဖြစ်၍ လူသူအရောက်အပေါက်နည်းပါးသည်။

တစ်ချိန်က လူဆိုးဓားပြများ ခိုအောင်းနေထိုင်ခဲ့ကြသည့် သဲဝါတောင်ကြားသည် နာမည်ပျက် ရှိခဲ့ပြီး မသွားသင့်မသွားထိုက်သော နေရာတစ်ခု ဖြစ်ပါတော့သည်။

သို့သော် ယင်းချူးက သဲဝါတောင်ကြားသို့ သွားရန် ဆုံးဖြတ်လိုက်လေသည်။

◆ ◆ ◆



မင်းနွံငါ

သဲဝါတောင်ကြား...။

သဲဝါတောင်ကြားသည် ကျောက်တောင်ကြီးနှစ်ခုကြားမှ သဲဝါများ ဖုံးလွှမ်းထားသည့် တောင်ကြားတစ်ခု ဖြစ်သည်။

ဝေးလံသီခေါင်သော အရပ်ဒေသတစ်ခု ဖြစ်သော်လည်း သဲဝါတောင်ကြား အပြင်ဘက်၌ မြေဩဇာအလွန်ကောင်းမွန်သောကြောင့် သစ်တောများ၊ ချောင်းများရှိပြီး စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်သူများ နေထိုင်သည့် ရွာကလေးများရှိ၍ စည်စည်ကားကားရှိသည်ဟု ဆိုနိုင်သည်။

သဲဝါတောင်ကြား၌ ခိုအောင်းနေထိုင်ခဲ့ကြသော လူဆိုးဓားပြများလည်း ယခုအချိန်၌ မရှိတော့ပါ။

သဲဝါတောင်ကြားအတွင်း၌ လီဟုတ်ဆိုသူက စံအိမ်ကြီးတစ်ခု ဆောက်လုပ်ကာ တခမ်းတနား နေထိုင်ပြီး သဲဝါတောင်ကြားပိုင်ရှင်ဘွဲ့ထူး ခံယူခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သဲဝါတောင်ကြားပိုင်ရှင် လီဟုတ်ကပင် လူဆိုးဓားပြများကို ဆုံးမနှိမ်နင်းခဲ့ခြင်း ဖြစ်သည်။

သဲဝါတောင်ကြားနှင့် အနီးပတ်ဝန်းကျင်၌ တောင်ကြားပိုင်ရှင်လီဟုတ်မှာ သြဇာတိက္ကမကြီး များလှပေတော့သည်။

ယခု...

သဲဝါတောင်ကြားပိုင်ရှင် လီဟုတ်က အသက်ငါးဆယ်ပြည့် မွေးနေ့ပွဲ ကျင်းပမည် ဖြစ်လေသည်။

သဲဝါတောင်ကြားပိုင်ရှင် လီဟုတ်က သူ၏မွေးနေ့ပွဲသို့ တက်ရောက်ဖို့ ယင်းချူးအား ဖိတ်ကြားခဲ့သည်။

ထူးခြားသည်ကား ယင်းချူးက လီဟုတ်ကို လုံးဝမသိရှိခြင်း ဖြစ်သည်။

ယင်းချူးက မသိလျှင် လီဟုတ်က သိနေရပေမည်။

မည်သို့သော အကြောင်းဖြင့် မိမိအား သိနေရသည်ကို ယင်းချူး စိတ်ဝင်စားကာ သဲဝါတောင်ကြားသို့ လာခဲ့ခြင်း ဖြစ်ပေတော့သည်။

◆ ◆ ◆

သဲဝါတောင်ကြားသည် သဲများ ဖုံးလွှမ်းကာ ပူပြင်းခြောက်သွေ့၍ ကန္တာရတစ်ခုအလား စိတ်ပျက်စရာကောင်းသော နေရာတစ်



ဟု ထင်စရာ ရှိလေသည်။

သို့သော်...

လက်တွေ့တွင် တောင်ကြားအဝင်ဝ၌သာ သဲဝါများ ဖုံးလွှမ်းနေပြီး အတွင်းဘက်၌ သဲများမရှိတော့ဘဲ သစ်ပင်ပန်းပင်၊ ရေကန်များဖြင့် အလွန်သာယာလှပသော တောင်ကြားတစ်ခု ဖြစ်နေတော့သည်။

ခရီးပြင်းနှင်လာခဲ့သော ယင်းချူးသည် မွေးနေ့ပွဲ ကျင်းပမည့် နှစ်ရက်အလိုတွင် သဲဝါတောင်ကြားသို့ ရောက်ရှိလာလေသည်။

ယင်းချူးက မြင်းကို အသာအယာ စီးနင်း၍ တောင်ကြားထဲသို့ ဝင်လိုက်သည်နှင့်...

လူတစ်စုက အသင့်စောင့်ကြိုကာ ခရီးဦးကြိုပြုနေကြသည်ကို တွေ့လိုက်ရလေသည်။ ယင်းချူးက မြင်းကို ရပ်တန့်လိုက်သည်။

ထိုလူစုအား အကဲခတ်လိုက်ပြီး...

"ကျုပ်က ယင်းချူးပါဗျာ"

ဟု ပြောလိုက်သည်။

ထိုလူစု အား ဦးဆောင်လာသည့်အဘိုးအိုက...

"ဆရာယင်းချူးကို ဂါရဝပြုပါတယ်ဗျာ၊ ကြွပါ"

ဦးညွတ်ဂါရဝပြုပြီး လမ်းပြခေါ်ဆောင်သွားလေသည်။

ယင်းချူးလည်း ထိုလူစုနှင့်အတူ လိုက်သွားရာ သဲဝါမြေကို ဖြတ်သန်းပြီးနောက် စိမ်းလန်းစိုပြည်ကာ အေးချမ်းသာယာလှပနေ

www.burmeseclassic.com

www.burmeseclassic.com



သော တောင်ကြားအတွင်းပိုင်းသို့ ရောက်ရှိသွား၏။

တောင်ကြားအတွင်းပိုင်း၌ ခမ်းနားထည်ဝါသော စံအိမ်ကြီး တစ်ခု ရှိနေသည်။ ထိုစံအိမ်ကြီးကား သဲဝါတောင်ကြားပိုင်ရှင် လီဟုတ်၏စံအိမ်ကြီးပင် ဖြစ်လေသည်။

ယင်းချူးသည် သဲဝါတောင်ကြားပိုင်ရှင်ထံသို့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်ရှိသွားလေတော့သည်။

◆ ◆ ◆

သဲဝါစံအိမ်...။

သဲဝါစံအိမ်မှာ မင်းစိုးရာဇာများ နေထိုင်သည့် စံအိမ်ကြီး တစ်ခုအလား ခမ်းနားထည်ဝါလွန်းလှသည်။

သို့သော် စံအိမ်ကြီးမှာ လူသူကင်းရှင်းကာ တိတ်ဆိတ် ခြောက်သွေ့နေလေသည်။

မွေးနေ့ပွဲ ကျင်းပမည်ဆိုလျှင် အားလုံး သက်ဝင်လှုပ်ရှား ကြရမည် ဖြစ်သည်။

မွေးနေ့ပွဲအတွက် ပြင်ဆင်နေရမည် ဖြစ်သည်။

ယင်းချူးသည် အခြေအနေကို အကဲခတ်ရင်း ထူးခြား ရှိနေကြောင်း သတိပြုမိခဲ့လေသည်။

ထို့ကြောင့် သတိကြီးစွာထားရင်း လိုက်ပါသွားရာမှ ဧည့်



ခန်းထဲသို့ ရောက်ရှိသွားပြီး အသင့်စောင့်ကြိုနေသည့် စံအိမ်ပိုင်ရှင် လီဟုတ်နှင့် တွေ့ဆုံလိုက်ရလေတော့သည်။

ဧည့်ခန်းဆောင်ကြီးမှာ ကျယ်ဝန်းပြီးခမ်းနားကြီးကျယ်လှ ပေသည်။

အဖိုးတန်ပရိဘောဂများ၊ အလှစိုက်ပန်းအိုးများ၊ ပန်းချီ ကားများဖြင့် တန်ဆာဆင်ထား၏။

ဧည့်ခန်းဆောင်အလယ်မှ စားပွဲတစ်လုံး၌ စားသောက်ဖွယ် ရာများ၊ အရက်များ အလျှံပယ်ရှိနေ၏။

ဝတ်ကောင်းစားလှဝတ်ဆင်ထားသူတစ်ယောက် အခန့် သားထိုင်နေ၏။

ထိုလူသည် ယင်းချူး ဧည့်ခန်းထဲ ဝင်ရောက်လာသည်ကို တွေ့ရလျှင် လက်ဝှေ့ယမ်းကာ ကြိုဆိုလိုက်လေသည်။

"မိတ်ဆွေ ရောက်လာပြီကိုး၊ ကြွပါ..ကြွပါ"

ယင်းချူးက...

"မိတ်ဆွေဟာ သဲဝါတောင်ကြားပိုင်ရှင် လီဟုတ်လားဗျာ"

ထိုလူက...

"ဟုတ်ပါတယ်၊ ကျုပ်က လီဟုတ်ပါ၊ မိတ်ဆွေလေးကို ဖိတ် ကြားလိုက်တာ ကျုပ်ပါပဲ"

ယင်းချူးက စားပွဲဆီသို့ လှမ်းသွားလိုက်၏။

သူ့အား ကြိုဆိုကာ လိုက်လံပို့ဆောင်ပေးခဲ့သည့် အဘိုးအို

www.burmeseclassic.com

www.burmeseclassic.com



တို့လူစုက ဧည့်ခန်းထဲသို့ ဝင်မလာဘဲ ပြန်လည်ထွက်ခွာသွားကြလေသည်။

ဧည့်ခန်းထဲ၌ လီဟုတ်နှင့် ယင်းချူးတို့နှစ်ယောက်သာ ရှိနေကြပါတော့သည်။

"ထိုင်ပါ"

လီဟုတ်က နေရာထိုင်ခင်းပေးလေသည်။

ယင်းချူး စိတ်ထဲ ကသိကအောက် ဖြစ်နေသော်လည်း ဘာမှ မပြောဘဲ လီဟုတ်နှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်လေသည်။

လီဟုတ်က...

"ကျုပ်က မိတ်ဆွေလေးကို တွေ့ချင်တာနဲ့ ကျုပ်လူတွေက အတော့်ကို ခက်ခက်ခဲခဲ လိုက်ရှာခဲ့ရတယ်"

ယင်းချူးက...

"နောက်ဆုံး ကျုပ်ကို ရှာတွေ့ခဲ့ကြတာပဲ မဟုတ်လားဗျာ"

လီဟုတ်က...

"အင်း..ရှာတွေ့လို့ တော်သေးတာပေါ့၊ ဒါမှမဟုတ်ရင် ကျုပ်ရဲ့မွေးနေ့ပွဲဟာ အတော့်ကို ပျင်းရိခြောက်သွေ့သွားမှာ"

ယင်းချူးက လီဟုတ်ကို စိုက်ကြည့်လိုက်သည်။

"ခင်ဗျားက မွေးနေ့ပွဲကို တကယ်ပဲ ကျင်းပမှာလား"

"ဟုတ်တယ်လေ၊ ဘာကြောင့်လဲ"

"သည်နေရာမှာ ဘာမှ ပြင်ဆင်ထားတာ မတွေ့ရလို့ ထူးဆန်းနေသလားလို့ပါ"



"ဪ..ဒါလား"

လီဟုတ် ပြုံးလိုက်သည်။

"ကျုပ်မွေးနေ့ပွဲ ကျင်းပမှာ ဖြစ်ပေမယ့် ဧည့်သည်ဆိုလို့ မိတ်ဆွေလေး တစ်ယောက်ထဲကိုပဲ ဖိတ်ကြားခဲ့တာလေ"

"ဟင်"

ယင်းချူး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

လီဟုတ်က...

"ကျုပ်မှာ မိတ်ဆွေတွေ အများကြီး ရှိပါတယ်၊ ဒါပေမယ့် မိတ်ဆွေလေးတစ်ယောက်ပဲ ရောက်လာရင် ပြည့်စုံနေပါပြီ၊ ဒါကြောင့် တခြားလူတွေကို မဖိတ်ကြားတော့ဘူးလေ"

ယင်းချူး သက်ပြင်းချကာ...

"ကျုပ်တစ်ယောက်ထဲ ရောက်လာတာနဲ့ ပြည့်စုံသွားပြီဆိုတာ အဓိပ္ပါယ်တစ်ခုခုတော့ ရှိလိမ့်မယ် ထင်တယ်"

"ဟုတ်ပါတယ်"

"ဘာကြောင့် ကျုပ်တစ်ယောက်ထဲ ရောက်လာတာနဲ့ ပြည့်စုံပြီလို့ ထင်ရတာလဲဗျာ"

လီဟုတ်၏မျက်နှာတွင် ထူးခြားသော အရိပ်အရောင်များ ပေါ်လာလေသည်။

"ဒါအဓိပ္ပါယ် ရှိပါတယ်၊ မိတ်ဆွေလေးကြောင့် ကျုပ်ရဲ့မွေး

www.burmeseclassic.com

www.burmeseclassic.com



နေ့ပွဲကို မင်္ဂလာရှိရှိ ကျင်းပနိုင်တာပါ"

သူက ဆက်ပြောမည် ဖြစ်ကြောင်း သိထား၍ ယင်းချူးက ငြိမ်နေလိုက်၏။

လီဟုတ်က…

"မိတ်ဆွေလေးက ကျုပ်အတွက် အမင်္ဂလာတွေကို ဖယ်ရှားပေးခဲ့တာလေ"

ယင်းချူးသည် လီဟုတ်ကို ကြည့်ရင်း လူတစ်ယောက်အား သတိရလာလေသည်။

ယင်းချူး သတိရလိုက်သူမှာ သူဋ္ဌေးကြီးလီ ဖြစ်သည်။

လီဟုတ်၏မျက်နှာသွင်ပြင်နှင့် စကားပြောဆိုပုံသည် သူဋ္ဌေးကြီးလီနှင့် ခပ်ဆင်ဆင်တူနေသည် မဟုတ်ပါလား။

သေသေချာချာကြည့်လေလေ လီဟုတ်မှာ သူဋ္ဌေးကြီးလီနှင့် ရုပ်ချင်းတူလာလေလေပင်။ လီဟုတ်က…

"လူတစ်ယောက်ကြောင့် ကျုပ်ရဲ့ဘဝတစ်လျှောက်လုံး လူတောထဲမှာ မျက်နှာမပြဝံ့အောင် ဖြစ်ခဲ့ရတယ်လေ၊ မိတ်ဆွေလေးက သူ့ကို ဖယ်ရှားပစ်လိုက်တော့ ကျုပ်အတွက် ဝန်ထုပ်ဝန်ပိုးကြီးကျသွားပြီး လွတ်လပ်ပေါ့ပါးသွားတော့တာပေါ့"

ယင်းချူးက…

"ခင်ဗျားကို ဒုက္ခပေးနေတဲ့လူက သူဋ္ဌေးကြီးလီ မဟုတ်လားဗျာ"



လီဟုတ်က…

"မှန်ပါတယ်၊ သူဋ္ဌေးကြီးလီကြောင့် ကျုပ်မှာ ဘဝတစ်လျှောက်လုံး အခက်ကြုံခဲ့ရတာပေါ့"

ယင်းချူးက…

"ခင်ဗျားတို့နှစ်ယောက် ပတ်သက်မှု တစ်ခုခုတော့ ရှိမယ်ထင်တယ်"

လီဟုတ် မငြင်းပါ။

"ဒါလဲ မှန်ပါတယ်၊ ကျုပ်တို့နှစ်ယောက်ဟာ ညီအစ်ကိုတွေပါ၊ သူက အငယ်၊ ကျုပ်က အကြီးပါ"

သူဋ္ဌေးကြီးလီသည် သဲဝါတောင်ကြားပိုင်ရှင် လီဟုတ်၏ ညီငယ် ဖြစ်နေပါတော့သည်။

ယင်းချူး မွှင့်မွှင့်လင်းလင်း မေးလိုက်သည်။

"ခင်ဗျားရဲ့ညီဟာ ကျုပ်လက်ချက်နဲ့ သေဆုံးသွားခဲ့ရတာမို့ ကျုပ်ကို မကျေမနပ် ဖြစ်နေတာပေါ့ ဟုတ်လား"

လီဟုတ် လက်ကာပြလိုက်သည်။

"ကျုပ်ပြောပါရစေဦး၊ ကျုပ်တို့ဟာ ညီအစ်ကိုတွေ ဖြစ်ပေမယ့် စိတ်နေသဘောထားချင်း မတူညီကြပါဘူး၊ ကျုပ်က ရိုးရိုးအေးအေးနေချင်တယ်၊ ကျုပ်ညီ သူဋ္ဌေးလီကတော့ ဆိုးသွမ်းမိုက်မဲတယ်၊ သူဟာ ဒုစရိုက်သမား ဖြစ်လာသလို သူဋ္ဌေးကြီးတစ်ဦးလဲ ဖြစ်လာခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



ယင်းချူးက…

"ကျုပ်က သူ့ကို အခွင့်အရေးပေးခဲ့ပါတယ်၊ တကယ်ဆို သူနောင်တရဖို့ ကောင်းတာဗျ"

လီဟုတ်က…

"ကျုပ်ကလဲ သူ့ကို အမျိုးမျိုး ဆုံးမဖျောင်းဖျခဲ့ပါတယ် ဒါပေမယ့် သူနားမထောင်ခဲ့ဘူးလေ၊ ခုတော့ သူကံဆိုးသွားရပြီပေါ့"

"ကျုပ်စိတ်မကောင်းပါဘူးဗျာ၊ သူသာ မကောင်းမှုတွေကို စွန့်လွှတ်ပြီး ကိုယ့်ကိုကိုယ် ပြုပြင်မယ်၊ အများအကျိုး ဆောင်ရွက်ပြီး အပြစ်ကြေးပေးဆပ်မယ်ဆိုရင် သူ ခုလို ကံဆိုးမှာ မဟုတ်ပါဘူး"

"သူ မရှိတော့ဘူးဆိုရင် ကျုပ်လဲ မျက်နှာပျက်စရာမရှိ တော့ဘူးလေ၊ အင်း..ကျုပ်ဘဝ လွတ်လပ်ပြီး အေးချမ်းသွားတယ်လို့ ဆိုရမှာပေါ့၊ ဒါကြောင့် ညီအစ်ကိုအရင်း ဖြစ်ပေမယ့် ကျုပ်ရဲ့ဂုဏ် သိက္ခာကျဆင်းစေတဲ့၊ အရှက်ရစေတဲ့ ကျုပ်ညီကို ဆုံးမပေးတဲ့ မိတ် ဆွေလေးကို ကျေးဇူးတင်မဆုံးပါဘူး၊ ကျုပ်ဟာ ဘဝသစ်တစ်ခု မွေး ဖွားလိုက်တယ်လို့တောင် ခံစားရပါတယ်၊ ဒါကြောင့် ကျုပ်က မိတ် ဆွေလေးကို ဂုဏ်ပြုဖို့ စီစဉ်လိုက်တာပါ၊ ဘဝသစ်အတွက် မွေးနေ့ သဘောပေါ့လေ"

ယင်းချူး ပြုံးလိုက်သည်။

"တောင်ကြားပိုင်ရှင်ရဲ့ စိတ်ကူးစိတ်သန်း ထူးခြားလှပါတယ် ဗျာ"



လီဟုတ်က…

"ကဲ…မိတ်ဆွေလေး သုံးဆောင်လိုက်ပါဦး"

အသင့်ပြင်ထားသော စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံ ကျွေးမွေးလေသည်။

ယင်းချူး အကြွပ်ရိုက်သွား၏။

ညီဖြစ်သူမှာ သူ၏လက်ချက်ဖြင့် သေဆုံးသွားခဲ့ရပြီး အစ်ကိုဖြစ်သူ ဧည့်ခံကျွေးမွေးသမျှ စားသောက်ရမည်မှာ မျိုမကျနိုင် သည့်ကိစ္စ ဖြစ်လေသည်။

"သုံးဆောင်လိုက်ပါဦး၊ ကျုပ်ညီကိစ္စကို ဘယ်လိုမှ သဘော မထားပါနဲ့၊ သူ ရှေ့ဆက် အသက်ရှင်နေဦးမယ်ဆိုရင် သူ့ကြောင့် လူတွေ အများကြီး ဆက်ပြီး ဒုက္ခရောက်နေကြရဦးမှာပဲ မဟုတ်လား၊ မိတ်ဆွေလေးဟာ အများကောင်းကျိုးအတွက် လုပ်သင့်လုပ်ထိုက် တဲ့အလုပ်ကို လုပ်ကိုင်ဆောင်ရွက်ခဲ့တာပါပဲ"

ယင်းချူး သက်ပြင်းချလိုက်သည်။

"တောင်ကြားပိုင်ရှင် သဘောထားပြည့်ဝလှပါတယ်၊ တောင်ကြားပိုင်ရှင်ရဲ့ စေတနာကို လေးစားတဲ့ အနေနဲ့ အရက်တစ် ခွက်တော့ သောက်ပါ့မယ်"

ဟု ပြောပြီး အရက်တစ်ခွက် သောက်လိုက်လေသည်။

အရက်သောက်ပြီး ထိုင်ရာမှ ထလိုက်သည်။

"ကျုပ်ကို သွားခွင့်ပြုပါဦးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ယင်းချူးက နှုတ်ဆက်လိုက်သဖြင့် လီဟုတ်က...

"ဟင်း..အခုပဲ ရောက်တယ်၊ အခုပဲ သွားတော့ မလို့လား ခရီးဝေးက လာရတာ ပင်ပန်းလိုက်တာ၊ သည်မှာ တစ်ရက်နှစ်ရက် လောက် အေးအေးဆေးဆေး အနားယူပါဦးလား"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်မှာ တခြားကိစ္စလေးတွေ ရှိသေးလို့ သွားခွင့်ပြုပါဦး"

ယင်းချူး ထပ်မံခွင့်တောင်းလိုက်ရာ လီဟုတ်လည်း မတ သာတော့ဘဲ ခွင့်ပြုလိုက်ရလေတော့သည်။

◆ ◆ ◆

စံအိမ်တော်ကြီးမှာ အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ လေသည်။

ယင်းချူးက လီဟုတ်ကို နှုတ်ဆက်ကာ ထွက်လာခဲ့၏

လီဟုတ်၏စံအိမ်ကြီးနှင့် အနီးပတ်ဝန်းကျင်၌ လူသူတ တစ်ယောက်မျှ မတွေ့ရဘဲ တိတ်ဆိတ်ငြိမ်သက်နေ၏။

ယင်းချူး၏ရင်ထဲ ထူးခြားသော ခံစားချက်များ ခံစားလာ လေသည်။

"လီဟုတ်ကို ယုံကြည်စိတ်ချလို့ ရပါ့မလား"

"သူက ငါ့ကို တကူးတက လိုက်ရှာခဲ့တာ၊ သူနဲ့ သူ့ဌေး



တို့ ညီအစ်ကိုတွေ ဖြစ်နေတာ၊ ဒါတွေ ပြောပြဖို့ သက်သက် မဖြစ် ဘူး၊ တခြား အကြောင်းတစ်ခုခုရှိမှာ သေချာတယ်"

ဟု တွေးမိလာလေသည်။

ယင်းချူး ဆက်၍ တွေးတောလိုက်ရာ...

"သူတို့နှစ်ယောက်ဟာ ညီအစ်ကိုတွေ ဖြစ်နေတယ်၊ ညီ သူ သေဆုံးသွားတဲ့ကိစ္စကို အစ်ကိုဖြစ်သူက ဘယ်နည်းနဲ့မှ ကျေ နိုင်မှာ မဟုတ်ဘူး"

ဟု သုံးသပ်မိလေတော့သည်။

လီဟုတ်က မကျေနပ်သဖြင့် သူ့ကို ဖိတ်ခေါ်ခဲ့သည်ဆိုပါ လျှင်...

"သူက ငါ့ကို အကောက်မကြံဘဲနေမှာ မဟုတ်ဘူး"

လီဟုတ်က အကောက်ကြံလိမ့်မည် ဖြစ်ကြောင်း ယုံကြည် စိတ်ချလိုက်သည်။

သူ၏အပြန်လမ်းမှာလည်း ဖြောင့်ဖြူးတော့မည် မဟုတ်

ယင်းချူးက သတိထားကာ ပတ်ဝန်းကျင်ကို အကဲခတ် လိုက်လေသည်။

ယင်းချူးသည် မြင်းညိုကြီးကို ဖြည်းဖြည်းမှန်မှန် စီးနင်း ရင်း တောင်ကြားအပြင်ဘက်သို့ ရောက်မှန်းမသိ ရောက်ရှိလာ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြားအပြင်ဘက်၌ ကျောက်တုံးကျောက်ခဲများ သစ်ပင်ပန်းပင်များ နေရာယူထား၏။

လေပြည်လေညှင်းဖြေးယမ်းတိုက်ခတ်လာသောအခါ မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံလာ၏။

ကျေးငှက်ကလေးများကလည်း ဘာသာဘာဝတေးကို သီကြေးကာ ဟိုမှသည် ပျံဝဲနေကြ၏။

ယင်းချူး၏ရင်ထဲ အေးမြသွားသည်ဟု ဆိုနိုင်သည်။

သို့သော် ထိုအေးမြသော ခံစားချက်ကို ခံစားလိုက်ရသည်မှာ တဒင်္ဂမျှသာ ဖြစ်လေသည်။

ရင်ထဲစိုးရိမ်ပူပန်ကာ အန္တရာယ်ရှိနေပြီဟူသော အသိကချက်ချင်း အစားထိုး ဝင်ရောက်လာတော့သည်။

ထိုသို့ ဖြစ်ပေါ်ခံစားလာရသည်မှာ မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်အောက်၌ လူတစ်ယောက်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်သည်။

ထိုလူမှာ သဲဝါတောင်ကြားသို့ ရောက်လာစဉ်က ခရီးဦးကြိုပြုခဲ့သော အဘိုးအို ဖြစ်လေသည်။

ယင်းချူးက မြင်းကို စုပ်သပ်ကာ ရပ်တန့်လိုက်လေသည်။

ယင်းချူး ရပ်တန့်လိုက်သည်နှင့် အဘိုးအိုက သစ်ပင်အောက်မှ ထွက်လာလေတော့သည်။

◆ ◆ ◆



အဘိုးအို သစ်ပင်အောက်မှ ထွက်လာသည်။

ယင်းချူးလည်း မြင်းပေါ်မှ ဆင်းလိုက်သည်။

အန္တရာယ်ကို ရှောင်လွှဲ၍မရဘဲ ရင်ဆိုင်သွားရမည် ဖြစ်ကြောင်း နားလည်ထား၍ ဖြစ်သည်။

အဘိုးအိုက မလှမ်းမကမ်း၌ ခြေလှမ်းရပ်လိုက်ပြီး...

"မင်းကို သူရဲကောင်းတစ်ယောက်အဖြစ် လေးစားပါတယ်၊ သခင်ကြီးလီဟုတ်ကလဲ သူ့ညီကို သဘောမကျပါဘူး၊ ဒါပေမယ့် သူ့ညီကို သတ်ပစ်လိုက်တာကို လက်မခံနိုင်ဘူးလေ"

ယင်းချူးက...

"ဒါပေါ့...သူတို့ဟာ ညီအစ်ကိုတွေပဲဗျာ"

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"မှန်တယ်၊ ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ သူ့ရှေ့ဟာ သခင်ကြီးရဲ့ညီပါပဲ"

ယင်းချူး သက်ပြင်းချလိုက်သည်။

"ကျုပ်ကို ဒုက္ခပေးချင်လို့ လိမ်ညာဖိတ်ခေါ်ခဲ့တာကိုး"

အဘိုးအိုက...

"သခင်ကြီးက သူ့ညီကို သိပ်ချစ်ပါတယ်"

ယင်းချူး မဲ့ပြုံးပြုံးလိုက်သည်။

"သည်လိုဆိုရင်တော့ ခင်ဗျားတို့ သခင်ကြီးကိုပါ ဆုံးရှုံးရတော့မယ် ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို ခေါင်းခါယမ်းလိုက်သည်။

"မင်း မတတ်နိုင်ပါဘူး"

ယင်းချူးက...

"ဘာကြောင့် မတတ်နိုင်ရမှာလဲ"

အဘိုးအိုက...

"မင်းက သိုင်းပညာ အသုံးမပြုနိုင်တော့လို့ပေါ့"

"ဩော်"

"ကျုပ်ပြောတာ မယုံရင် အတွင်းအားဖော်ထုတ်ပြီး စမ်းသပ်ကြည့်ပါ၊ မင်းအဆိပ်မိနေပြီဆိုတာ သိရပါလိမ့်မယ်"

အဘိုးအိုက အေးတိအေးစက် ပြောလေသည်။

ယင်းချူး ရင်ထိတ်သွား၏။

ချက်ချင်း အတွင်းအားဖော်ထုတ်ကာ သွေးကြောများအတိုင်း လှည့်ပတ်စီးဆင်းစေပြီး စစ်ဆေးကြည့်လိုက်လေသည်။

ဤတွင်...

အဘိုးအို ပြောသကဲ့သို့ အဆိပ်မိထားပြီ ဖြစ်ကြောင်း သိလိုက်ရလေတော့သည်။

ယင်းချူး ရင်ထိတ်သွား၏။

"ငါ ဘယ်အချိန်က အဆိပ်မိသွားတာလဲ"

သူက လီဟုတ် ချည့်ခံခဲ့သော အရက်တစ်ခွက် သောက်မိသည်ကို ပြန်လည် အမှတ်ရလိုက်လေသည်။



ထိုအရက် သည် အဆိပ်ခတ်ထားသော အရက် ဖြစ်နေသည် တကား။

အဘိုးအိုက...

"သခင်ကြီးက အရောင်အဆင်း အနံ့အရသာ မရှိတဲ့ အဆိပ်ကို အသုံးပြုတဲ့ နေရာမှာ အင်မတန် ကျွမ်းကျင်တာပေါ့။ မင်း အရက်တစ်ခွက် သောက်လိုက်တာနဲ့ အဆိပ်မိသွားတာ၊ မင်းကိုယ်တိုင်တောင် မသိလိုက်ဘူး မဟုတ်လား"

ယင်းချူးက...

"ကျုပ်ကို အကောက်ကြံဖို့ ခင်ဗျားတို့လူစု အတော်အပင်ပန်းခံပြီး ကြိုးစားခဲ့တာကိုး"

အဘိုးအိုက...

"မင်းကို လိုက်ရှာနေတာပဲ ခက်ခဲပင်ပန်းခဲ့တာပါ။ တောင်ကြားထဲကို ရောက်လာပြီးတဲ့နောက် မင်းကို ဆုံးမတဲ့အခါ ဘာမှ ပင်ပန်းစရာ မရှိတော့ပါဘူးလေ"

ယင်းချူးက...

"ကျုပ်က အဆိပ်မိနေပြီ ဆိုပေမယ့် ကျုပ်ကို လွယ်လွယ်တော့ မရနိုင်ပါဘူးလေ"

အဘိုးအို ရယ်မောလိုက်သည်။

"မင်းက ခုချိန်အထိ ကိုယ့်ကိုကိုယ် အထင်ကြီးနေတုန်းပဲ ကိုး"

www.burmeseclassic.com

www.burmeseclassic.com



ယင်းချူး ခေါင်းခါယမ်းလိုက်သည်။

"ကျူပ်ကိုယ်ကျူပ် အထင်ကြီးတာ မဟုတ်ပါဘူးဗျာ၊ ကျူပ်က လူတစ်ယောက်ကို အထင်ကြီးမိတာပါ"

အဘိုးအိုက...

"ဘယ်သူလဲ"

"ခင်ဗျား‌ရဲ့ နောက်ကျောဘက်က လူပေါ့"

"ဘာ"

"ခင်ဗျားရဲ့ နောက်ကျောဘက်မှာ လူတစ်ယောက် ရောက်နေပြီလေ"

"ဟား...ဟား...ဟား"

ယင်းချူး၏စကားအဆုံးတွင် အဘိုးအိုက ဟားတိုက်ရယ်မောလိုက်လေတော့သည်။

ယင်းချူးက...

"ကျူပ် တကယ် ပြောနေတာဗျ"

အဘိုးအို ခေါင်းခါယမ်းလိုက်သည်။

"ကျူပ်ကို သည်လိုနည်းနဲ့ ဘယ်တော့မှ လှည့်စားလို့ မရဘူး မှတ်ထားပါ"

"ကျူပ်လှည့်စားတာ မဟုတ်ဘူး"

"ကိစ္စမရှိဘူး။ ကျူပ်အမှုမထားပါဘူး၊ မင်းသာ ကျူပ်ရဲ့ ဓားချက်က လွတ်နိုင်အောင် ကြိုးစားပါ"



အဘိုးအိုက ဓားဘစ်လက် ဆွဲထုတ်လိုက်၏။

ယင်းချူးက...

"ခင်ဗျား ဒုက္ခရောက်တော့မှာပဲ"

ဟု ညည်းတွားလိုက်၏။

အဘိုးအိုအား အမှုမထားဘဲ တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်...

"သူပြောတာ မှန်တယ်ဗျ"

နောက်ကျောဘက်မှ အေးစိမ့်သော စကားသံ ထွက်ပေါ်လာသည်ကို အဘိုးအို ကြားလိုက်ရလေတော့သည်။

◆ ◆ ◆

အဘိုးအို၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

တစ်ကိုယ်လုံး တောင့်တင်းသွား၏။

အေးစိမ့်သော စကားသံက နောက်ကျောဘက်မှ နီးကပ်စွာ ထွက်ပေါ်လာသည် မဟုတ်ပါလား။

ယင်းချူး ပြောသကဲ့သို့ တစ်စုံတစ်ယောက်သည် သူ၏ ကျောဘက်၌ နီးကပ်စွာ ရောက်ရှိနေပြီ ဖြစ်လေသည်။

မည်သူမည်ဝါ ဖြစ်ကြောင်း အဘိုးအို မသိပါ။

www.burmeseclassic.com

www.burmeseclassic.com



သူသိရှိနားလည်ထားသည်မှာ နောက်ကျောဘက်မှ လူက သူ့အား ဒုက္ခပေးမည့်သူဟူ၍ ဖြစ်လေသည်။

အဘိုးအိုက ဓားကို တင်းကြပ်စွာ ဆုပ်ကိုင်ရင်း မလှုပ်မယှက်ရပ်နေ၏။

တစ်ကိုယ်လုံး တောင့်တင်းနေပြီး အသက်မရှူပုံအောင် ဖြစ်နေ၏။ အေးစိမ့်သော စကားသံက နောက်ကျောဘက်မှ ထွက်ပေါ်လာပြန်သည်။

"ခင်ဗျား ဓားချပြီး ထွက်ပြေးသွားမယ်ဆိုရင် အချိန်မီသေးတယ်ဗျ"

အဘိုးအိုက...

"မင်း ဘယ်သူလဲ"

နောက်လှည့်မကြည့်ဘဲ မေးလိုက်သည်။

နောက်ကျောဘက်မှ လူက...

"ဝူလျောင်"

စကားသံဆုံးသည်နှင့် အဘိုးအိုက ချာခနဲလှည့်ကာ ဓားဖြင့် ထိုးသွင်းတိုက်ခိုက်လိုက်လေတော့သည်။

◆ ◆ ◆



အဘိုးအိုမှာ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်သည်။

သူ၏လှုပ်ရှားမှု လျှပ်ပြက်သကဲ့သို့ လျင်မြန်နေပြီး သူ၏ဓားချက်ကလည်း သေကွင်းသေကွက်ကို တိကျစွာ ထိုးသွင်းတိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

သို့သော် နောက်ကျောဘက်၌ ရှိနေသော ဝူလျောင်က ပို၍လျင်မြန်နေသည်။

အဘိုးအို ချာခနဲလှည့်လိုက်သည်နှင့် သူ၏ခြေထောက်တစ်ဘက်ကို ဆန့်ထုတ်ကန်ကျောက်ပြီးသား ဖြစ်သွားလေတော့သည်။

အဘိုးအို၏လှုပ်ရှားမှုများ တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွား၏။ ပြင်းထန်သော ခြေထောက်ကန်ချက်ကြောင့်...

"ဝုန်း"

"အား"

ရှူးရှူးရှူး အော်ဟစ်ရင်း အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

◆ ◆ ◆

အဘိုးအိုမှာ မြေပေါ် ခွေခွေကလေး လဲကျကာ သတိလစ်နေမြောနေပြီ ဖြစ်လေသည်။

အဘိုးအိုအား ဆုံးမလိုက်သူမှာ တဖွတ်ထိုးတဖောက်ကန်း

www.burmeseclassic.com

www.burmeseclassic.com



ဝူလျောင် ဖြစ်လေသည်။

ယင်းချူးက…

"ကျေးဇူးပဲ"

ဟု ပြောလိုက်သည်။

ဝူလျောင်က…

"သည်တစ်ခါ ခင်ဗျားပြေးလို့ မရတော့ဘူး"

ယင်းချူးက…

"ကျုပ် မပြေးပါဘူး"

ဝူလျောင်က…

"ကျုပ်က ခင်ဗျားကို တွေ့ချင်လို့ တစ်နှစ်လုံးလုံး အပင်ပင် ခံပြီး လိုက်ရှာခဲ့ရတာ၊ နောက်ဆုံး ခွန်လွန်တောင်ကို ရောက် သတင်းရလိုက်တာ"

ယင်းချူး ခေါင်းညိတ်လိုက်သည်။

"မင်းရဲ့ ဇွဲလုံ့လကို ကျုပ်ချီးကျူးပါတယ်"

ဝူလျောင်က…

"ခင်ဗျားအသိအမှတ်ပြုတယ်ဆိုရင် ကျုပ်နဲ့ယှဉ်ပြိုင် လက်ခံရလိမ့်မယ်"

ယင်းချူးက…

"ဒါတော့ မဖြစ်နိုင်ဘူး ထင်တယ်"

"ဘာကြောင့်လဲ"



" ကျုပ် အဆိပ်မိထားလို့ပါ"

"ဘာ"

ယင်းချူးက အကျိုးအကြောင်း ရှင်းပြလိုက်လေသည်။

ဝူလျောင် မကျေမနပ် ဖြစ်သွားလေသည်။

"ဒါတော့ သဲဝါတောင်ကြားပိုင်ရှင်က အကောက်ကြံတာပဲ၊ သူ့ကို ဆုံးမရမယ်"

ယင်းချူးက…

"သူလဲ ညီဖြစ်သူကြောင့် ခုလို လုပ်မိတာပါ။ သူ့ကို ခွင့်လွှတ် ရပါတယ်"

ဝူလျောင်က…

"ခင်ဗျား ရှုံးနေတာလား"

"ကျုပ်က‥"

"သဲဝါတောင်ကြားပိုင်ရှင်က ခင်ဗျားကို မသတ်ရမချင်း ခ်မှာ မဟုတ်ဘူးဆိုတာ ထင်ရှားနေတာပဲဗျ"

ယင်းချူး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တော့ ဘယ်လိုမှ သဘောမထားပါဘူးလေ"

ဝူလျောင်က…

"ကျုပ်ကတော့ လက်မခံနိုင်ဘူးဗျ။ ခင်ဗျား သည်နေရာမှာ င့်နေပါ"

စကားဆုံးလျှင် ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းချူးက…

"မင်း ဘယ်သွားမလို့လဲ"

ဝူလျောင်က…

"သဝါတောင်ကြားဗိုင်ရှင်ကို သွားပြီး ဆုံးမ မလို့ပေါ့ဗျာ"

"ထားလိုက်ပါတော့၊ သူ့ကို ချမ်းသာပေးလိုက်ပါ"

"ခင်ဗျားသဘောကောင်းပေမယ့် ကျုပ်ကတော့ သဘော မကောင်းဘူးဗျ"

ဝူလျောင်က ပြေးသွားရန် ဟန်ပြင်လိုက်ပြန်သည်။

ယင်းချူးက…

"မင်းက သဝါတောင်ကြားဗိုင်ရှင်ကို သွားပြီး ဆုံးမနေချိန်မှာ ကျုပ်ထွက်ပြေးသွားမှာ မကြောက်ဘူးလား"

"ဘာ"

"ကျုပ်က မင်းပြန်လာတဲ့အထိ စောင့်နေမယ် ထင်နေလား"

"ခင်…ခင်ဗျား"

ယင်းချူးက…

"မင်း သွားချင်သွားလေ"

ဝူလျောင် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မသွားတော့ဘူး"

ယင်းချူးက…



"ဒါဖြင့်…"

ဝူလျောင်က…

"ခင်ဗျားအဆိပ်မိထားတော့ ကျုပ်နဲ့ယှဉ်ပြိုင်ဖို့ မဖြစ်နိုင်ဘူး"

"သိပ်မှန်တာပေါ့"

"ခင်ဗျားရဲ့ အဆိပ်တွေ ပျောက်ကင်းသွားအောင် ဆေးကုပေးမယ်"

ယင်းချူးက…

"မင်း ဆေးကုတတ်လို့လား"

"ဘယ်က ဆေးကုတတ်ရမှာလဲ"

"ဒါဖြင့် မင်းက…"

"ခင်ဗျားကို ကုသပေးမယ့် သမားတော်ဆီကို ပို့ပေးမယ်"

"ကြော်"

"အဆိပ်ကို နိုင်နင်းကျွမ်းကျင်တဲ့ သမားတော်တစ်ယောက် ကျုပ်သိတယ်"

ယင်းချူးက…

"အဲဒါ ကျုပ် ဘာလုပ်ရမလဲ"

ဝူလျောင်က…

"ကျုပ်မိတ်ဆွေ သမားတော်က ခင်ဗျားရဲ့ အဆိပ်တွေ ပျောက်ကင်းသွားအောင် ကုသပေးလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ယင်းချူးက…

"ကျုပ်ရဲ့အဆိပ်တွေ ပျောက်ကင်းသွားပြီဆိုရင်.."

"ကျုပ်တို့နှစ်ယောက် ယှဉ်ပြိုင်ကြတာပေါ့"

ယင်းချူး၏စကားမဆုံးမီ ဝူလျောင်က ကြားဖြတ်ပြောလိုက်လေသည်။

"ဟား..ဟား..ဟား"

ယင်းချူး သဘောကျစွာ ရယ်မောလိုက်လေသည်။

ဝူလျောင်ကို သူရှောင်ရှားနေ၍ မရတော့ပါ။

ထို့ကြောင့် ဝူလျောင် ခေါ်ဆောင်ရာ နောက်သို့ လိုက်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

◆ ◆ ◆



## မိဝဲ့ခွေ

သမားတော်တောင်ကုန်း။

သမားတော်တောင်ကုန်းသည် သိုင်းလောက၌ ထင်ရှားသော တောင်ကုန်းတစ်ခု ဖြစ်သည်။

နာမည်နှင့်လိုက်အောင် သမားတော်များက ထိုတောင်ကုန်း၌ မှီတင်းနေထိုင်လျက် ရှိသည်။

သိုင်းလောကအား စိတ်ပျက်စိတ်ကုန်သွားသော ဆေးဆရာများ၊ သမားတော်များသည် ထိုတောင်ကုန်းလေး၌ လာရောက်အခြေချ နေထိုင်ကြသဖြင့် အများက သမားတော်တောင်ကုန်းဟု ခေါ်ဝေါ်ခဲ့ကြခြင်း ဖြစ်သည်။

ထိုတောင်ကုန်းသည် သစ်ပင် ဝါးပင်များဖြင့် စိမ်းလန်းစိုပြည်နေပြီး၊ ဆေးဘက်ဝင်သော အပင့်ဆေးပင်များလည်း အမျိုးစုံလင်စွာ ပေါက်ရောက်လျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာများ၊ သမားတော်များသည် ဆေးဖော်စပ်ရန် ဤတောင်ကုန်းလေးသို့ လာရောက်ရှာဖွေကြရင်း တောင်ကုန်းလေး၏ အေးချမ်းသာယာပုံနှင့် ဆန်းပြားသော ဘယဆေးပင်များ ပေါက်ရောက်နေပုံကို နှစ်သက်သဘောကျခဲ့ကြသည်။

သို့ဖြင့်...

အေးချမ်းစွာ နေထိုင်သွားတော့မည်ဟု ဆုံးဖြတ်ကြသော အခါ ဤတောင်ကုန်းလေးအား ရွေးချယ်လိုက်ကြခြင်း ဖြစ်သည်။

ဆေးဆရာများ၊ သမားတော်များ ဖြစ်ရကား ဘယဆေး ပေါများသော ဤတောင်ကုန်းလေး၌ ဇာတ်မြုပ်နေထိုင်ရန် ဆုံးဖြတ်လိုက်ကြခြင်း ဖြစ်ပေသည်။

ဆေးဆရာများ၊ သမားတော်များသည် ဤတောင်ကုန်း လေး၌ အေးချမ်းစွာ နေထိုင်ရင်း ဘယဆေးပင်များကို လေ့လာကြသည်။

ဆေးဝါးများ ဖော်စပ်ကြသည်။

ဤသို့ဖြင့် ဝါသနာပါရာ လုပ်ကိုင်ဆောင်ရွက်ရင်း ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ခဲ့ကြပေတော့သည်။

သို့တိုင်...

ဆေးဆရာများ၊ သမားတော်များ အမှန်တကယ် အေးအေး ချမ်းချမ်း နေရရှာသည်တော့ မဟုတ်ပါချေ။

အကြောင်းမှာ...



ဝေဒနာရှင်များ၊ လူမမာများက ဆေးကုရန် လိုက်လာကြခြင်းကြောင့် ဖြစ်သည်။

ဝှလျောင်၏မိတ်ဆွေ သမားတော်တစ်ယောက်က ဤတောင်ကုန်းလေး၌ နေထိုင်လျက် ရှိသည်။

ထို့ကြောင့် ယင်းချူးလည်း ဝှလျောင်နှင့်အတူ လိုက်လာရင်း ဤ တောင်ကုန်းလေးသို့ ရောက်ရှိလာခဲ့ရတော့သည်။

ဝှလျောင်က သူ့မိတ်ဆွေ သမားတော်အား နားပူနားဆာ ပူဆာခဲ့ရာ သမားတော်လည်း မနေသာတော့ဘဲ ယင်းချူးအား ဆေးကုပေးခဲ့လေသည်။

သို့ဖြင့်...

ခြောက်လခန့် အကြာတွင် ယင်းချူး၏အဆိပ်ဝေဒနာ လုံးဝ ပျောက်ကင်းကာ လူကောင်းပကတိ ဖြစ်သွားလေသည်။

သိုင်းပညာ အသုံးပြုနိုင်သော ထိပ်တန်းသိုင်းသမားဘဝကို ပြန်လည်ရရှိသွား၏။

ဤတွင်...

"ခင်ဗျားနေကောင်းသွားပြီ၊ သိုင်းပညာကို ပြန်ပြီး အသုံး ချနိုင်ပြီ၊ သည်တော့ ကျုပ်တို့ယှဉ်ပြိုင်ကြတာပေါ့"

ဝှလျောင်က စိန်ခေါ်လိုက်လေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ယင်းချူးသည် ဝူလျောင်နှင့် ယှဉ်ပြိုင်လိုခြင်း မရှိပါ။

သိုင်းပညာသည် တစ်ယောက်နှင့်တစ်ယောက် ယှဉ်ပြိုင်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ နိုင်ထက်စီးနင်း ပြုကျင့်ခြင်း စသည့် နေရာများ၌ အသုံးချဖို့ မဟုတ်ဘဲ အများအကျိုး ဆောင်ရွက်ရာ၌ အသုံးပြုရမည့် ပညာရပ်မျိုး ဖြစ်ကြောင်းကို သေသေချာချာ ရှင်းပြသည်။

သို့သော် ဝူလျောင် နားမဝင်ပါ။

အလွန်ခေါင်းမာသူတစ်ယောက်အလား သိုင်းပညာ ယှဉ်ပြိုင်ဖို့ကိုသာ အစဉ်တစိုက် စောင့်ဆိုင်းနေတော့သည်။

ယင်းချူး မည်သို့မျှ မတတ်နိုင်တော့ပါ။

အကျိုးသင့်အကြောင်းသင့် ရှင်းပြ၍ မရတော့သည့် နောက်ဆုံး ဝူလျောင်နှင့် ယှဉ်ပြိုင်ဖို့ လက်ခံလိုက်ရလေတော့သည်။

သမားတော်တောင်ကုန်းနှင့် မနီးမဝေးရှိ တောင်ကုန်းလေးတစ်ခု၌ သိုင်းပညာယှဉ်ပြိုင်ခဲ့ကြသည်။

နှစ်ယောက်စလုံး ထိပ်တန်းသိုင်းပညာ ရှိသူများ ဖြစ်ကြ၍ကား သုံးရက်သုံးညတိုင်တိုင် ပညာကုန်ထုတ်ကာ ယှဉ်ပြိုင်ခဲ့ကြသော်လည်း မည်သူမျှ အနိုင်မရခဲ့ကြချေ။

နောက်ဆုံး နှစ်ယောက်စလုံး ခြေကုန်လက်ပန်းကျကာ သရေပွဲအဖြစ် လက်ခံလိုက်ကြရာ ယှဉ်ပြိုင်ပွဲလည်း ပြီးဆုံးသွားခဲ့လေတော့သည်။

❖ ❖ ❖



တောင်ပေါ်လေက တဟူးဟူးမြည်ကာ တိုက်ခတ်နေ၏။

ယင်းချူးနှင့် ဝူလျောင်တို့သည် ခြေကုန်လက်ပန်းကျကာ မြေပေါ်၌ ခြေပစ်လက်ပစ် ထိုင်နေကြလေသည်။

ယင်းချူးက မည်သို့မျှ သဘောမထားသော်လည်း ဝူလျောင်ကား အကြီးအကျယ် စိတ်ပျက်နေ၏။

ယင်းချူး ရိပ်မိသဖြင့်...

"ကျုပ်က မင်းနဲ့ မယှဉ်ပြိုင်ချင်ပါဘူး၊ ဒါပေမယ့် ကျုပ် မယှဉ်ပြိုင်ဘူးဆိုရင် မင်းကျေနပ်မှာ မဟုတ်လို့ မင်းကျေနပ်အောင် ယှဉ်ပြိုင်ခဲ့ရတာ"

ဝူလျောင် ဘာမှမပြောပါ။

ယင်းချူးက...

"ယှဉ်ပြိုင်တဲ့အခါ ကျုပ်ပညာကုန်မသုံးရင်လဲ မင်းသဘောကျမှာ မဟုတ်ပြန်ဘူး"

ဝူလျောင်က...

"ကျုပ်က ခင်ဗျားကို အနိုင်ရမယ် ထင်နေတာ"

ယင်းချူးက...

"ဒါပေါ့...မင်း အနိုင်ရသင့်တာပေါ့၊ ဒါပေမယ့်..."

ဝူလျောင် လက်ကာပြလိုက်သည်။

"တော်ပါတော့ဗျာ၊ ခင်ဗျားလက်ချက်နဲ့ ရှုံးနိမ့်မသွားအောင်တောင် မနည်းကြိုးစားနေရတာ"

www.burmeseclassic.com

www.burmeseclassic.com



ယင်းချူး ခေါင်းညိတ်လိုက်သည်။

"ဒါတော့ မင်းတစ်ယောက်ထဲ မဟုတ်ဘူး၊ ကျုပ်လဲ မင်းကို မရှုံးအောင် အသေအလဲ ကြိုးစားခဲ့ရတာ၊ ဘာပဲဖြစ်ဖြစ် တို့နှစ်ယောက် သရေပွဲ ဖြစ်သွားတာ အကောင်းဆုံးရလဒ်ပါပဲ"

ပူလျှောင်က...

"ကျုပ်တော့ မထင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျုပ်ရဲ့ရည်မှန်းချက်အတိုင်း ဖြစ်မြောက်နိုင်တော့မှာ မဟုတ်လို့ပေါ့"

ယင်းချူး မျက်မှောင်ကုပ်သွား၏။

"မင်းက ကျုပ်နဲ့ ယှဉ်ပြိုင်ချင်တာ ရည်မှန်းချက်တစ်ခု ရှိနေ တာပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လိုရည်မှန်းချက်မျိုးလဲ ပြောစမ်းပါဦး"

ယင်းချူး မေးလိုက်သောအခါ ပူလျှောင်၏မျက်နှာ တည် ကြည်လေးနက်သွားလေသည်။

"ကျုပ်က နန်းတွင်းမှာ ကျင်းပမယ့် ကိုယ်ရံတော်သိုင်း သမား ရွေးချယ်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံဖို့ ရည်ရွယ်ထား တာ"

"ဪ"



"နန်းတွင်းကိုယ်ရံတော်တစ်ယောက် ဖြစ်ဖို့ဆိုတာ လွယ်ကူ ဲ့ ကိစ္စတစ်ခု မဟုတ်ဘူးဆိုတာ ခင်ဗျားနားလည်မှာပါ၊ ပွင့်ပွင့်လင်း င်း ပြောရရင် ကျုပ်က နန်းတွင်းကိုယ်ရံတော် ခေါင်းဆောင်ရာထူး ကို လိုချင်တာ"

ယင်းချူး အံ့သြသွား၏။

"လက်စသပ်တော့ မင်းက နန်းတွင်းကိုယ်ရံတော်ခေါင်း ဆောင် ဖြစ်ချင်နေတာကိုး"

ပူလျှောင်က...

"ကျုပ်က မိဘမဲ့တစ်ယောက်ပါဗျာ၊ ကျုပ်ငယ်စဉ်ကတည်း ကယ်လှည့်တရားဟောနေတဲ့ ရှောင်လင်ဘုန်းကြီးတစ်ပါးနဲ့အတူ ပြီး ပညာသင်ခဲ့ရတယ်၊ ကျုပ်ဆရာက တစ်နေ့ နန်းတွင်းကိုယ်ရံ တော်တစ်ယောက် ဖြစ်အောင် ကြိုးစားရမယ်လို့ မှာကြားခဲ့တာ"

ယင်းချူးက...

"မင်းရဲ့ဆရာဟာ အတော့်ကို လေးစားချီးကျူးစရာကောင်း ဘုန်းတော်ကြီးတစ်ပါးပါပဲ"

ပူလျှောင်က...

"ကျုပ် သိုင်းလောကထဲ ဆင်းလာတော့ ကိုယ်ရံတော်ပြိုင်ပွဲ ခင် ကျုပ်ရဲ့ပညာကို လက်တွေ့စမ်းသပ်ကြည့်ချင်မိတယ်၊ နာ ကျော်ကြားနေတဲ့ သိုင်းသမားတစ်ယောက်ကို ယှဉ်ပြိုင်အနိုင်ယူ ယ်ဆိုရင် ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ စိတ်ချရမယ်လို့ တွေးမိ

www.burmeseclassic.com

www.burmeseclassic.com



တယ်လေ၊ ဒါနဲ့ ဘယ်သူနဲ့ ယှဉ်ကြည့်ရင် ကောင်းမလဲ လိုက်ကြည့် ရင်းက ခင်ဗျားကိုတွေ့ပြီး ရွေးချယ်လိုက်တာ"

ယင်းချူးက...

"လက်စသပ်တော့ သည်လိုကိုး၊ မင်းက တခြားတစ် ယောက်ယောက်ကို မျက်စိကျသွားရင် ကျုပ်နဲ့ယှဉ်ပြိုင် ဖြစ်ရ မဟုတ်တော့ဘူးပေါ့"

"ဒါအမှန်ပါပဲ"

"ဒါဆို ကျုပ် ကံဆိုးသွားတာပေါ့"

ယင်းချူး၏စကားကြောင့် ဝူလျောင် ရယ်မောလိုက်၏

"သည်လိုလဲ မဟုတ်ပါဘူးဗျာ၊ သေသေချာချာဆန်းစစ် ကျုပ်ကလဲ ခင်ဗျားက လွဲပြီး တခြားတစ်ယောက်ယောက်ကို မျက် ကျမိမှာ မဟုတ်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားတစ်ယောက်သာ ကျုပ်အတွက် အကောင်း ပြိုင်ဘက် ဖြစ်မယ်ဆိုတာ ကျုပ်ကောင်းကောင်းကြီး နားလည် လို့ပါ၊ စိတ်ချ၊ ခင်ဗျားက လွဲပြီး တခြားတစ်ယောက်ယောက်ကို ကျုပ် ရွေးဖြစ်မှာ မဟုတ်ပါဘူး"

ယင်းချူးက...

"ကျုပ် ကံကောင်းတယ်လို့ မင်းဆိုလိုချင်တာလား"

ဝူလျောင် ရယ်မောလိုက်ပြန်သည်။



"ကျုပ် သည်လို ပြောချင်တာ မဟုတ်ပါဘူး၊ ကျုပ်ရွေးချယ် တာ မှန်ကန်သွားတယ်လို့ ပြောပါရစေ"

ယင်းချူးက...

"မင်းက ကျုပ်ကို အထင်ကြီးနေတာကိုး၊ ကျုပ်က မင်းမျှော် ထားသလောက် မဟုတ်ပေပါဘူး၊ အခုပဲ ကြည့်လေ၊ မင်းနဲ့ ပွဲ ဖြစ်အောင် မနည်းကြီး ကြိုးစားခဲ့ရတာ မဟုတ်လား"

ဝူလျောင်က...

"ခင်ဗျားက ကျုပ်ကို ရှုံ့သူ တစ်ယောက်လို သဘောမထား သည်တော့ ပညာကုန်ထုတ်ချင်မှ ထုတ်မယ် ဘယ်ပြောနိုင်ပါ ဗျာ"

"ဟာ"

ယင်းချူး အော်လိုက်လေသည်။

ဝူလျောင်က...

"ခင်ဗျားက မကောင်းသူပယ် ကောင်းသူကယ်နေတာ၊ ဆိုးနေပြ၊ ဒုစရိုက်သမားတွေဆိုရင် ခင်ဗျားက ပညာကုန်ထုတ် ဖြစ်မနေ အနိုင်ယူခဲ့တာ၊ ဒါကြောင့် ခင်ဗျားနဲ့ တကယ် ယှဉ်ပြိုင် တယ်ဆိုရင် ကျုပ်က လူဆိုးကြီးတစ်ယောက် ဖြစ်အောင် အရင် ထားရမယ့် သဘောဆိုတာလဲ ကျုပ်နားလည်လိုက်ပါပြီဗျာ"

ယင်းချူး အထိတ်တလန့် ဖြစ်သွား၏။

"ဟာ...မဟုတ်ဘူး...မဟုတ်ဘူး၊ သည် သဘောမျိုး မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ မင်း လူဆိုးလုပ်လို့ မရဘူး”

ဝူလျောင် ပခုံးတွန့်လိုက်လေသည်။ ယင်းချူးက...

“မင်း လူဆိုးလုပ်လို့ မရဘူး။ ကျုပ်က တကယ့်ကို ပညာကုန်ထုတ်ပြီး မင်းနဲ့ယှဉ်ပြိုင်ခဲ့တာ”

ဝူလျောင်က...

“ခင်ဗျား သေချာတယ်နော်”

ယင်းချူးက...

“သေချာတာပေါ့၊ ကျုပ်ပညာကုန် မထုတ်ရင် မင်းကို ယှဉ်နိုင်မှာ မဟုတ်ဘဲ၊ ရှုံးသွားမယ့်အပြင် အသက်တောင် ဆုံးရှုံးသွားဦးမှာ၊ မင်း ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ မင်းကိုယ်တိုင် မသိရင်တောင် ကျုပ်က လက်တွေ့သိနေပြီ”

ထိုစကားကြောင့် ဝူလျောင် ကျေနပ်သွားလေသည်။

“ခင်ဗျားပညာကုန်ထုတ်ပြီး တကယ် ယှဉ်ပြိုင်ခဲ့တာဆိုရင်တော့ ကျုပ်ရဲ့ရည်မှန်းချက် ပျောက်ဆုံးမသွားသေးဘူးပေါ့ဗျာ”

ယင်းချူးက...

“အေပေါ့ မင်းဟာ ကိုယ်ရံတော်ခေါင်းဆောင်ရာထူးထက် ပိုမြင့်တဲ့ရာထူး ရနိုင်တယ်ဆိုတာ ကျုပ် အာမခံပါတယ်”

“ဟား..ဟား..ဟား”

ဝူလျောင် သဘောကျစွာ ရယ်မောလိုက်လေသည်။

ယင်းချူးက...



“ကျုပ်တစ်ခု ပြောချင်တယ်”

သူက တည်ကြည်သော မျက်နှာထားဖြင့် အလေးအနက် မေးလိုက်သည်။

“ကျုပ်ကို မိတ်ဆွေတစ်ယောက်အဖြစ် မင်းလက်မခံနိုင်ဘူးလား”

“ဘာဗျ”

ဝူလျောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ယင်းချူးက...

“မင်းလက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ ကျုပ်က မင်းကို တကယ့် သွေးသောက်မိတ်ဆွေတစ်ယောက်လို သဘောထားလိုက်ပါပြီ”

ဝူလျောင် ငြိမ်ကျသွား၏။

ယင်းချူးအား စိုက်ကြည့်နေသည်။

သူ၏ရင်ထဲ၌ကား ထူးထူးခြားခြား လှုပ်ရှားနေလေသည်။

ယင်းချူးက...

“သည်လောကမှာ မင်းလိုလူစားမျိုး နောက်ထပ်တစ်ယောက် တွေ့ရနိုင်မှာ မဟုတ်ဘူးလို့ ကျုပ်ယုံကြည်ထားတယ်လေ”

ဝူလျောင် ပင့်သက်ရှိုက်လိုက်သည်။

“တကယ်တော့ ခင်ဗျားကသာ ကျုပ်အတွက် ရှိသေလေးစားလိုက်တဲ့ နောင်တော်ကြီးတစ်ယောက်နဲ့တူတဲ့ မိတ်ဆွေကောင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပါပဲဗျာ၊ ကျုပ်ကံကောင်းလွန်းလို့ ပင်ဖျားနဲ့ဆုံတွေ့ တယ်ဆိုတာ နားလည်လိုက်ပါပြီ"

ယင်းချူး ကျေနပ်သွား၏။

ထိုနေ့ ထိုအချိန်မှစ၍ သူတို့နှစ်ယောက် မိတ်ဆွေများ ဖြစ် သွားခဲ့ကြလေတော့သည်။

◆ ◆ ◆

ယင်းချူးနှင့် ဂူလျောင်တို့နှစ်ယောက် ပြိုင်ဘက်များ ဘဝ သွေးသောက်မိတ်ဆွေဘဝ ပြောင်းလဲသွားခဲ့ကြလေသည်။

နှစ်ယောက်သား ဘုံကျောင်းတစ်ခုသို့ သွားကာ သွေး သောက်မိတ်ဆွေများအဖြစ် တိုင်တည်ဆုတောင်း သစ္စာပြုလိုက်ကြ သည်။

စားသောက်ဆိုင်တစ်ဆိုင်သို့ သွားကာ အမှတ်တရ စား သောက်ပွဲ ကျင်းပကြသည်။

တဖန် နှစ်ယောက်သား သိုင်းလော၏ အထင်ကရ နေရာ များသို့ သွားရောက်လည်ပတ်ခဲ့ကြသည်။

ထိုနောက်ပိုင်းတွင် မိမိတို့၏ ရည်မှန်းချက်အတိုင်း ဆက် လက်လုပ်ကိုင် ဆောင်ရွက်ရန် လမ်းခွဲလိုက်ကြလေသည်။

အနောက်ပိုင်းဒေသ၌ လူဆိုးဓားပြများ ထကြွသောင်းကျန်း



သဖြင့် ဆုံးမနှိမ်နင်းရန် ယင်းချူးက အခြားသိုင်းလောက မိတ် ဆွေများနှင့်အတူ လိုက်ပါသွားလေသည်။

ယင်းချူးက အနောက်ပိုင်းဒေသသို့ သွားချိန်၌ ဂူလျောင်က နန်းတွင်းသို့ ဦးတည်ထွက်ခွာသွားလေသည်။

သို့ဖြင့် နှစ်ယောက်သား လမ်းခွဲခဲ့ကြရလေတော့သည်။

◆ ◆ ◆

နွေ...။

မိုး...။

ဆောင်း...။

ရာသီအလီလီ ပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။

ယင်းချူးသည် မကောင်းသူပယ် ကောင်းသူကယ် အဖြူ ရောင်သိုင်းသမားဘဝဖြင့် သိုင်းလောက၌ ဆက်လက်ကျင်လည် ကျက်စားခဲ့လေသည်။

ယင်းချူး၏ကောင်းသတင်းဂုဏ် ပို၍ ထင်ရှားကျော်ကြား လာပြီး အထင်ကရ သိုင်းဂိုဏ်းကြီးများကပင် လေးစားရသူ ဖြစ်လာ သည်။

ထို့အတူ...

ဂူလျောင်လည်း နန်းတွင်းကိုယ်ရံတော် ရွေးချယ်ပွဲ၌ အောင်

www.burmeseclassic.com



ပွဲခံနိုင်ပြီး ကိုယ်ရံတော်တစ်ဦး ဖြစ်လာသည်။

ဂူလျောင်မှာ ရည်ရွယ်ချက်ကြီးမားသူ ဖြစ်သည့်အတိုင်း သာမန်ကိုယ်ရံတော် ဘဝဖြင့် ရောင့်ရဲမနေဘဲ အချိန်ရှိသရွေ့ အပင်တကုတ် ကြိုးစားနေခဲ့သည်။

အခွင့်အခါသင့်တိုင်း သူ၏အစွမ်းအစကို ထုတ်ဖော်ပြသ သည်။

သို့ဖြင့်...

အချိန်ကြာလာသည်နှင့်အမျှ ဂူလျောင်၏အစွမ်းအစကို နန်း တွင်းမှ တွေ့မြင်သိရှိလာခဲ့သည်။

ဂူလျောင်အား ချီးမြှင့် မြှောက်စားလာသည်။

ဂူလျောင်သည် သစ္စာရှိသူ၊ တိကျပြတ်သားပြီး ရဲရင့်သ တာဝန်ကျေသူ ဖြစ်သည့်အပြင် သိုင်းပညာထူးချွန်သူ ဖြစ်ရကာ အတွင်းဝန်မင်းက နန်းတွင်းကိုယ်ရံတော်ခေါင်းဆောင် ရာထူးနှ အဆင့်အတန်းတူညီသော ဒုစရိုက်မှုများ နှိမ်နင်းရေးအဖွဲ့ခေါင်း ဆောင် ရာထူးပေးအပ်ခဲ့သည်။

ဂူလျောင်မှာ နန်းတွင်း၌ တာဝန်ထမ်းဆောင်ရင်း အချိန် ကုန်ရမည်ထက် တိုင်းပြည်တဝှမ်းမှ ဒုစရိုက်သမားများအား ဆုံးမနှိမ် နင်းစေခြင်းက ပို၍ အကျိုးရှိလိမ့်မည်ဟု သဘောထားခဲ့လေသည်။

ဤတွင်...

ဂူလျောင်မှာ နန်းတွင်းကိုယ်ရံတော်ခေါင်းဆောင် တာဝန်



အပြင် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ဖြစ်လာသည်။

ဂူလျောင်သည် နန်းတွင်း၌သာ မနေတော့ဘဲ နာမည်ကြီး သူဆိုးများအား လိုက်လံဖမ်းဆီး ချေမှုန်းရသည့် တာဝန်ဖြင့် သိုင်း လောကသို့ ပြန်လည်ရောက်ရှိလာတော့သည်။

ဂူလျောင်နှင့် ယင်းချူးတို့၏ဘဝပေး အခြေအနေ ပြောင်း လဲသွားသကဲ့သို့ သိုင်းလောကကြီးမှာလည်း အပြောင်းအလဲများစွာ ဖြင့် ခရီးဆက်နေခဲ့လေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## ဘဝတကွေ့

မြစ်ဝါမြစ် အနောက်ဘက်တွင် 'သံမဏိကြူးလှေ'ဆိုသည့် လူဆိုးဓားပြကြီးတစ်ဦး နာမည်ကြီးလာလေသည်။

ကြူးလှေသည် သိုင်းပညာထက်မြက်သကဲ့သို့ ဓားလှံပြီးသူ ဟု သတင်းကြီးသည်။

နောက်လိုက်တပည့်တပန်း တစ်ရာကျော်ခန့်ဖြင့် မြစ်ဝါမြစ် ရိုးတစ်လျှောက်၌ လုယက်တိုက်ခိုက်နေသူ ဖြစ်သည်။

သံမဏိကြူးလှေကြောင့် မြစ်ကြောင်း ခရီးသွားလာသော လှေသမ္ဗာန်များ မကြာခဏ လုယက်ခံရသကဲ့သို့ မြစ်ဝါမြစ်ရိုးတစ် လျှောက်မှ မြို့ရွာများရှိ ငွေတိုက်များ၊ ချမ်းသာကြွယ်ဝသည့် သူဌေး သူကြွယ် ကုန်သည်ပွဲစားများလည်း မကြာခဏ ဓားပြတိုက်ခံရသော သည်။

သံမဏိကြူးလှေတို့လူစုသည် ဓားပြတိုက် လုယက်ရုံ ပစ္စည်းယူရုံသာမကဘဲ မထင်လျှင် မထင်သလို လူသတ်တတ်သည်



အမျိုးသမီးများကိုလည်း ဖျက်ဆီးပြီး မြို့ရွာနေအိမ်များကို မီးရှို့ဖျက်ဆီးတတ်ကြသေး၏။

မြစ်ဝါမြစ်ရိုးတစ်လျှောက် နေထိုင်သွားလာသူများ ဖိန့်ဖိန့် တုန်အောင် ကြောက်ရွံ့ရသည့် လူဆိုးဓားပြကြီး ဖြစ်လေသည်။

သံမဏိကြူးလှေ၏သတင်းသည် နန်းတွင်းသို့တိုင် ရောက် သွားလေသည်။

ထို့ကြောင့် သံမဏိကြူးလှေအား ဆုံးမရန် နန်းတွင်းမှ ပု လျှောင်အား တာဝန်ပေးလိုက်လေသည်။

ထိုအချိန်တွင်...

သိုင်းလောကသားများသည်လည်း သံမဏိကြူးလှေအား ဆုံးမရန် မြစ်ဝါမြစ် အနောက်ဘက်သို့ ဦးတည်ခရီးနှင်နေကြတော့ သည်။

◆ ◆ ◆

ပုလျှောင်သည်လည်း မြစ်ဝါမြစ် အနောက်ဘက်ဒေသသို့ ရောက်ရှိလာပြီး သံမဏိကြူးလှေ၏သတင်းကို စုံစမ်းခဲ့သည်။

ထိုအချိန်တွင် သိုင်းလောကသားများသည် ပုလျှောင်တို့ ထက် အရင် ရောက်နှင့်နေကြပြီး သံမဏိကြူးလှေ ဦးဆောင်သော ဓားပြအဖွဲ့ကို တိုက်ခိုက်ချေမှုန်းနေကြပြီ ဖြစ်လေသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



မြစ်ဝါမြစ် အနောက်ဘက်ဒေသ နေရာအနှံ့အပြား၌ ေ
ကောညပါ တိုက်ပွဲများ အဆက်မပြတ် ဖြစ်ပွားနေတော့သည်။

ဒေသခံများကလည် သိုင်းလောကသားများကို အားပေး
ညီကြသည်။

ရိက္ခာများ ထောက်ပံ့သည်။ နေရာထိုင်ခင်းပေးသည်။ ကြ
လွှတို့၏သတင်းများကို စုံစမ်းပေးသည်။

တိုက်ပွဲများ၌လည်း သိုင်းလောကသားများနှင့် လက်
ကာ ပါဝင်တိုက်ခိုက်ကြသည်။

ထို့ကြောင့် သံမဏိကြိုးလွှတို့လူစုမှာ တဖြည်းဖြည်
အရေးနိမ့်သွားတော့သည်။

တိုက်ပွဲများ၌ ထိခိုက်သေကြေ ပျက်စီးကုန်သည်။

သံမဏိကြိုးလွှ၏ အခိုင်အမာ ဓားပြစခန်းမှာ သိုင်းလေ
ကသားများ လက်တွင်းကျရောက်သွားပြီး မီးရှို့ဖျက်ဆီးခံလိုက်
သည်။

သံမဏိကြိုးလွှမှာ အထိနာကာ နောက်လိုက်အနည်း
နှင့်အတူ ထွက်ပြေးသွားလေသည်။

သိုင်းလောကသားများလည်း သံမဏိကြိုးလွှနော
သကြီးမကြီး လိုက်ကြလေသည်။

နန်းတွင်းကိုယ်ရံတော်အဖွဲ့ကို ခေါင်းဆောင်လာသော
လျောင်က အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီး...



"ခုချိန်မှာ သိုင်းလောကသားတွေနဲ့ လက်တွဲဆောင်ရွက်
တာ အကောင်းဆုံးပဲ"

ဟု ဆုံးဖြတ်လိုက်သည်။

မြစ်ဝါမြစ်သို့ ရောက်လာကြသော သိုင်းသမားများအား
သိုင်းသမားတစ်ယောက်က ဦးဆောင်လာခြင်း ဖြစ်သည်။

ထိုသိုင်းသမားအား သူ့ရဲကောင်းကြီးဟု အများပြည်သူက
ခေါ်ဆိုကြပြီး မည်သူကမျှ သူ၏အမည်ကို မခေါ်ကြချေ။

ဝူလျောင်သည် တပည့်ကိုယ်ရံတော်တစ်ဦးအား သူ့ရဲ
ကောင်းကြီးထံသို့ စေလွှတ်ကာ ဆက်သွယ်လိုက်လေသည်။

မကြာပါချေ။

ဝူလျောင်နှင့် ယင်းချူးတို့ အဆက်အသွယ်ရခဲ့လေတော့
သည်။

◆ ◆ ◆

လပြည့်ည ဖြစ်သည်။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေ၏။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

ဝူလျောင်သည် မြင်းကို အသားကုန်စီးနင်းလာရင်း ကောင်း
ကင်ပေါ်မှ လဝန်းကြီးကို မော့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လကို ကြည့်ပြီး အချိန်အခါကို တွက်ဆလိုက်ခြင်း ဖြစ်လေ
သည်။

လဝန်းသည် ကောင်းကင်ပေါ်သို့ တဖြည်းဖြည်း မြင့်တ
လာနေရကား တစ်စထက်တစ်စ ညဦးနက်လာပြီ ဖြစ်ကြောင်း တွ
ဆ၍ ရလေသည်။

ဝူလျှောင်က ရှေ့တူရူသို့ ကြည့်ကာ သွားရမည့် ခရီးအကွ
အဝေးကို တွက်ဆလိုက်ပြန်သည်။

သူက သူ့ရဲကောင်းနှင့် ချိန်းထားသော နေရာသို့ သွား
ခြင်း ဖြစ်လေသည်။

"အင်း..သည်အတိုင်းဆို နောက်ထပ် ထမင်းတစ်အိုးချ
လောက်ကြာရင် ချိန်းထားတဲ့နေရာကို ရောက်မှာပဲ"

သူက မြင်းခုန်းစိုင်းကာ ခရီးပြင်းမနှင်ပုံပါ။

သိုင်းလောကသားများ၏ စီးနင်းတိုက်ခိုက်မှုကြောင့် သ
ဏိကြူးလျှေ၏စခန်း ပြိုကွဲပျက်စီးသွားရာ ကြူးလျှေ၏နောက်လို
လူဆိုးဓားပြများ ထွက်ပြေးသွားကြပြီး အရပ်လေးမျက်နှာသို့ ရော
ရှိသွားကြ၏။

ဒေသခံများ၊ သိုင်းလောကသားများကလည်း လိုက်လံ
ဖွေကာ တိုက်ခိုက်နေကြသည် ဖြစ်ရာ နေရာအနှံ့အပြား၌ တိုက
များ ဖြစ်ပေါ်နေသည်။

လူဆိုးဓားပြများကလည်း ပုန်းအောင်းရှောင်တိမ်းရ



အလစ်အငိုက်တွင် သိုင်းလောကသားများအား ချောင်းမြောင်းတိုက်
ခိုက်ယင်း တုန့်ပြန်ကြသည်။

အခြေအနေ အရပ်ရပ်မှာ ရှုပ်ထွေးနေမိတော့သည်။

လူဆိုးဓားပြများသည် ညအချိန်၌ အမှောင်ကို အခွင့်
ကောင်းယူကာ ချောင်းမြောင်းတိုက်ခိုက်တတ်ကြသဖြင့် သိုင်းလော
ကသားများ ထိခိုက်ကျဆုံးမှုများ ရှိနေသဖြင့် နောက်ပိုင်းတွင် ည
ဘက်၌ အထူးသတိထားသွားလာကြရန် ခေါင်းဆောင်ဖြစ်သော သူ့ရဲ
ကောင်းက အမိန့်ထုတ်ပြန်ထားရသည်အထိ ဖြစ်လေသည်။

ဝူလျှောင်လည်း ညအချိန် တစ်ယောက်ထဲ လာခဲ့ရခြင်း ဖြစ်
ရကား အထူးသတိထားနေရခြင်း ဖြစ်ပါတော့သည်။

မြင်းခုန်းစိုင်းသွားပါက မြင်းခွာသံများက ရန်သူကို အသိ
ပေးသကဲ့သို့ ရှိမည်ဖြစ်ကာ ချောင်းမြောင်းတိုက်ခိုက်ရန် ဖိတ်ခေါ်
သကဲ့သို့ ဖြစ်နေနိုင်သည် မဟုတ်ပါလား။

ဝူလျှောင်က သတိဝီရိယဖြင့် ခရီးဆက်ခဲ့ရာ ညသန်းခေါင်
အချိန် မတိုင်မီ ချိန်းဆိုထားသော နေရာသို့ ဆိုက်ဆိုက်မြိုက်မြိုက်
ရောက်ရှိသွားခဲ့လေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းလေးတစ်ခု ဖြစ်သည်။

တောင်ကုန်းလေး၏ဝဲဘက်၌ စမ်းချောင်းလေးတစ်ခုက ကွေ့ပတ်စီးဆင်းသွား၏။ စမ်းချောင်းလေးတစ်ဘက်၌ စိမ်းလန်းစိုပြည်နေသော တောအုပ်တစ်ခုရှိသည်။

ငွေလျှောင်သည် တောင်ကုန်းလေးရှေ့သို့ ရောက်လျှင် မြင်းကို ရပ်တန့်လိုက်လေသည်။

"ကောင်းပြီလေ၊ မင်းသိရမှာပေါ့"

ကျောက်တုံးများ နောက်ကွယ်၌ လှုပ်ရှားမှု ဖြစ်ပေါ်လာကာ လူတစ်ယောက် လှမ်းထွက်လာလေသည်။

ထိုလူသည် အမှောင်ရိပ်ထဲမှနေ၍ လရောင်ထဲ ရောက်ရှိလာလေသည်။

မျက်တောင်မခတ် အကဲခတ်နေသော ငွေလျှောင်မှာ ထိုလူအား သေသေချာချာ တွေ့မြင်လိုက်လေသည်။

ငွေလျှောင်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

"ဟင်"

အံ့ဩကာ လွှတ်ခနဲ ရေရွတ်သံ ထွက်ပေါ်လာသည်။

တဆက်တည်းပင်...

"အစ်ကိုကြီး"

ဟု ဝမ်းသာအားရ အော်ဟစ်ခေါ်လိုက်လေတော့သည်။

◆ ◆ ◆



ငွေလျှောင် အံ့ဩဝမ်းသာနေ၏။

သူလုံးဝမမျှော်လင့်ထားသူတစ်ယောက်အား တွေ့လိုက်ရခြင်း မဟုတ်ပါလား။

အမှောင်ရိပ်ထဲမှ ထွက်လာသူမှာ ယင်းချူး ဖြစ်နေ၏။

ယင်းချူးသည် သိုင်းလောကသားများအား ဦးဆောင်လာသည့် သူရဲကောင်းဆိုသည့်ခေါင်းဆောင် ဖြစ်နေပါတော့သည်။

"အစ်ကိုကြီး"

ငွေလျှောင်က တုန်ယင်လှိုက်လှဲသော အသံဖြင့် ခေါ်လိုက်လေသည်။

ယင်းချူးက...

"ညီလေး၊ ကျုပ်တို့ ပြန်ပြီး ဆုံတွေ့ကြပြီနော်၊ ညီလေးက ညီမှန်းထားတဲ့အတိုင်း နန်းတွင်းကိုယ်ရံတော်ခေါင်းဆောင်တောင် ဖြစ်နေပြီနော်"

ငွေလျှောင်က...

"အစ်ကိုကြီးကလဲ သိုင်းလောက သူရဲကောင်းကြီး ဖြစ်နေပါပြီဗျာ"

ထို့နောက် နှစ်ယောက်သား တဟားဟား ရယ်မောလိုက်ကြလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



လဝန်းသည် ကောင်းကင် အလယ်ဗဟိုသို့ ရောက်မှန်း မသိ ရောက်ရှိနေပြီ ဖြစ်လေသည်။

နှစ်အတန်ကြာ ကွဲကွာနေကြသော ဝှလျောင်နှင့် ယင်းချူ တို့ ပြန်လည်ဆုံတွေ့မိလိုက်ကြလေသည်။

မြစ်ဝါမြစ်ကမ်းဒေသမှ လူဆိုးကြီး သံမဏိကြူးလွေအား နှစ်ယောက် လက်တွဲ ဆုံးမနိုင်ရန် ပြန်လည်ဆုံတွေ့လိုက်ရခြင်းမျိုး လည်း ဖြစ်ရကား ကံတရား၏ဆန်းကြယ်သော စီရင်မှုဟုလည်း ဆို နိုင်ပါတော့သည်။

ယင်းချူးက...

"သံမဏိကြူးလွေဟာ အခြေအနေ မဟန်ဘူးဆိုတာ ကောင်းကောင်းကြီး သိနေပါပြီ၊ သူက ကိုယ်လွတ်ရုန်းပြေးဖို့ ကြိုးစား နေတာ၊ ဒါပေမယ့် ကျုပ်လက်ထဲက မလွတ်နိုင်ပါဘူး"

ဝှလျောင်က...

"ကြူးလွေ ဘယ်မှာ ရှိတယ်ဆိုတာ အစ်ကိုကြီး သိထားပြီ ပြီပေါ့ ဟုတ်လား"

ယင်းချူး ခေါင်းညိတ်လိုက်သည်။

"အင်း...သူ ဘယ်မှာ ပုန်းနေတယ်၊ ဘယ်လို ထွက်ပြေး ကြံစည်နေတယ်ဆိုတာ ကျုပ်သိထားပြီးပါပြီလေ"

ဝှလျောင်က...

"ကြူးလွေရဲ့ အပြစ်တွေက များလွန်းနေပြီ၊ သူ့ကို ဖမ်းဆီး



ဆောင်သွားပြီး တရားဥပဒေအတိုင်း အဆုံးအမ ခံယူနိုင်းရမှာပဲ"

ယင်းချူးက...

"ညီလေးက သူ့ကို ဖမ်းခေါ်သွားချင်တယ် ဟုတ်လား"

ဝှလျောင် ခေါင်းညိတ်လိုက်သည်။

"ကျူပ်တာဝန်က သူ့ကို ဖမ်းဆီးဖို့ပါပဲ"

ယင်းချူးက...

"သိုင်းလောကသားတွေကလဲ ကြူးလွေကို ဖမ်းဆီးပြီး လောကထုံးစံအတိုင်း စီရင်ချင်နေကြတာ"

ဝှလျောင်က...

"သိုင်းလောကစည်းကမ်းက ဘုရင်မင်းမြတ်ရဲ့ အမိန့် အောက် အဓိပ္ပါယ် ရှိပါ့မလားဗျာ"

ယင်းချူး သက်ပြင်းချလိုက်ပြန်လေသည်။

ဝှလျောင်က...

"ဘယ်သူမဆို ဘုရင်မင်းမြတ်ရဲ့ အမိန့်ကို တသွေမတိမ်း လိုက်နာကြရမှာပဲ မဟုတ်လားဗျာ"

ယင်းချူးက...

"ထားပါတော့လေ၊ ခုလောလောဆယ်တော့ ကြူးလွေကို ဖမ်းဆီးနိုင်အောင် အရင်ဆုံး ကြိုးစားကြတာပေါ့ ဟုတ်ပြီလား"

"ကောင်းပြီ အစ်ကိုကြီး"

ဝှလျောင် သဘောတူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းချူးက...

"ကဲ..သွားစို့"

ဟု ပြောကာ ထွက်သွားလျှင် ဝူလျောင်လည်း ကောက်ကောက်ပါအောင် လိုက်သွားလေတော့သည်။

◆ ◆ ◆

ညသန်းခေါင်အချိန် ကျော်လွန်သွားပြီး မကြာမီ ယင်းချူးနှင့် ဝူလျောင်တို့ ချောင်းကလေးတစ်ခု အနီးသို့ ရောက်ရှိလာကြလေသည်။

လရောင်အောက်၌ စမ်းရေတသွင်သွင် စီးဆင်းနေပါ၏။ ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

"ညီလေး သည်ဘက်ကိုလာ"

ယင်းချူးက ဝူလျောင်ကို စမ်းချောင်းကလေးတောင်ဘက်သို့ ခေါ်သွားလေသည်။

ဝူလျောင် လိုက်သွား၏။

နှစ်ယောက်သား သတိကြီးစွာဖြင့် သွားလိုက်ကြပြီး မကြာပါချေ။

ချောင်းစပ်၌ ဆိုင်ကပ်ထားသော လှေကလေးတစ်စင်းရှိနေသည်ကို တွေ့လိုက်ရလေသည်။



ယင်းချူးက...

"ကြူးလွေက လှေနဲ့စမ်းချောင်းလေးအတိုင်း ထွက်ပြေးဖို့ စီစဉ်ထားတယ်လို့ ကျုပ်သတင်းရထားတာ ခုတော့ သတင်းသေချာနေပြီ"

ဝူလျောင်က...

"ဒါဖြင့် သည်နေရာကို ကြူးလွေ ရောက်လာမှာပေါ့"

"သေချာတယ်"

နှစ်ယောက်သား ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ကြပြီး သစ်ပင်များကြား အမှောင်ရိပ်များကြားသို့ တိုးဝင်ကာ ကြူးလွေ ရောက်လာမည့်အချိန်ကို စောင့်ဆိုင်းနေလိုက်ကြလေသည်။

သူတို့ ကြာကြာ မစောင့်လိုက်ရပါချေ။

ဝဲဘက်တစ်နေရာမှ ခြေသံများ စကားသံများ ထွက်ပေါ်လာပြီး လူသုံးယောက် စမ်းချောင်းလေးဆီသို့ ဦးတည်လာနေသည်ကို တွေ့လိုက်ရလေသည်။

"သူတို့ လာနေပြီ"

ဝူလျောင်က စိတ်လှုပ်ရှားသောလေသံဖြင့် ပြောလိုက်သည်။

ယင်းချူးက...

"အလယ်ကလူဟာ ကြူးလွေပဲ၊ ဘေးကနှစ်ယောက်က လူမိုက်တွေ သူတို့ကို အလွတ်ပေးလို့ မဖြစ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ...အစ်ကိုကြီး"

ဝှလျောင်က တိုက်ပွဲဝင်ရန် အသင့်ပြင်ထားလိုက် သည်။

ကြူးလွှေနှင့် ကိုယ်ရံတော်နှစ်ယောက်သည် လှေက ဆိုက်ကပ်ထားသည့် ချောင်းကမ်းပါးအနီးသို့ ရောက်ရှိလာကြ သည်။

သူတို့ ပြောဆိုနေကြသော စကားသံများကို ကြားလို လေသည်။

"သည်ချောင်းရိုးလေးအတိုင်း သွားမယ်ဆိုရင် မိုးမလင်း လွတ်မြောက်ရာ နယ်မြေကို ရောက်သွားမှာပဲ"

"ကျုပ်တို့ကို ဘယ်သူမှ ဒုက္ခမပေးနိုင်တော့ပါဘူး"

ကိုယ်ရံတော်နှစ်ယောက်က ဝမ်းသာအားရ ပြောလို ခြင်း ဖြစ်လေသည်။

ကြူးလွှေကမူ...

"လှေက သေးသေးလေးပါလားကွ"

ဟုပြောလိုက်ရာ ကိုယ်ရံတော်တစ်ယောက်က...

"ဒေသခံတွေကပါ ကျွန်တော်တို့ကို ဒုက္ခပေးချင်နေကြ ကူညီမယ့်လူမရှိတော့ဘူး၊ လှေကြီးကြီးကောင်းကောင်းရဖို့ မလွ ဘူး၊ သည်လှေကလေးရတာတောင် အတော်ကံကောင်းနေ ဆရာ"



ကြူးလွှေ ပင့်သက်ရှိုက်လိုက်သည်။

"ထားပါတော့လေ၊ သည်လှေကလေးနဲ့ပဲ သွားတာပေါ့၊ ဒါပေမယ့် ခက်နေတာက ငါတို့သုံးယောက်အပြင် ငါတို့ သယ်လာတဲ့ ရွှေညီးတွေပါ ဆန့်ပါ့မလား၊ အလေးချိန် သိပ်များနေတော့ ရေလယ် ရောက်မှ နစ်မြုပ်သွားမှာ ကြောက်ရတယ်"

မှန်ပေသည်။

သုံးယောက်သား အထုပ်ကိုယ်စီ ကျောပိုးလာခဲ့ကြသည်။

ဓားပြတိုက်၍ရသမျှ စုဆောင်းထားသည့် ရွှေငွေကျောက် သံပတ္တမြားများဖြစ်လေသည်။

သူတို့သုံးယောက်နှင့် ကျောက်သံပတ္တမြားများ၏ အလေး ချိန်ကို လှေကလေးခံနိုင်ရည် ရှိလိမ့်မည် မဟုတ်ချေ။

ကြူးလွှေက...

"ကဲ...ကဲ...လှေကလေးကို အရင် စစ်ဆေးကြည့်လိုက်ဦး"

ဟု အမိန့်ပေးလိုက်သည်။

ကိုယ်ရံတော်နှစ်ယောက်လည်း လှေကလေးဆီသို့ အာရုံ ရောက်သွားကြလေသည်။

ထိုအချိန်လေးမှာပင် ကြူးလွှေက လျှပ်တပြက် လှုပ်ရှား လိုက်လေသည်။

သူ၏လက်ထဲ ဓားတစ်လက်ရောက်လာပြီး လက်ဝှေ့ယမ်း လိုက်လျှင် ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တဆက်တည်းပင်...

"အား"

"အမယ်လေး"

ကိုယ်ရံတော်နှစ်ယောက် ရှူးရှူးအော်ဟစ်ကာ မြေပေါ် ကျသွားတော့သည်။

ကြူးလွှေက ကိုယ်ရံတော်နှစ်ယောက်အား နတ်ပိဋကပစ္စည်းများကို အပိုင်စီးပြီး တစ်ယောက်ထဲ ထွက်သွားဖို့ကြံစည်လိုက်ခြင်းဖြစ်သည်။

ကိုယ်ရံတော်နှစ်ယောက်အား သုတ်သင်နိုင်ခဲ့သော်လည်း ဝူလျောင်နှင့် ယင်းချူးတို့ အမှောင်ရိပ်ထဲမှ ခုန်ထွက်လိုက်ကြသော အခါ...

"ကြူးလွှေ...လက်နက်ချပြီး အဖမ်းခံပါ။ ကျုပ်ဟာ နန်းတွင်း ကိုယ်ရံတော် ခေါင်းဆောင်ဝူလျောင်ပဲ"

ဝူလျောင်က အော်ငေါက်လိုက်ရာ ကြူးလွှေ လွတ်မြောက်ရန် မျှော်လင့်ချက် ကင်းမဲ့ကာ ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

◆ ◆ ◆

ဝူလျောင်သည် ပေးအပ်သောတာဝန် အမျိုးမျိုးကို ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့လေသည်။



ဓားပြကြီးကြူးလွှေအား လက်ရဖမ်းဆီးပြီးနောက် ဝူလျောင်လည်း အလွန်သတင်းကြီးလာလေသည်။

အထူးသဖြင့် သိုင်းလောကလူဆိုးများအား ဆုံးမနှိမ်နင်းရာ အထူးပင် အောင်မြင်ခဲ့လေသည်။

ထို့ကြောင့် နန်းတွင်းမှနေ၍ ဝူလျောင်အား ထိပ်ထိပ်ကြဲ သိုင်းကြီးများအား ချုပ်နှောင်ထားသည့် မဂဓာအကျဉ်းထောင်အား အုပ်ချုပ်ရသည့် ထောင်မှူးတာဝန် ပေးအပ်ခဲ့လေသည်။

ဝူလျောင်က ထောင်မှူးတာဝန်ထမ်းဆောင်လိုခြင်း မရှိပါ။ သို့သော် နန်းတွင်းက တာဝန်ပေးလာသည်ဖြစ်ရကား မငြင်းသာဘဲ လက်ခံခဲ့ရခြင်း ဖြစ်လေသည်။

ဝူလျောင်သည် မဂဓာအကျဉ်းထောင်ကြီးအား အုပ်ချုပ်နေသည့်တိုင် လူဆိုးဓားပြများ၊ သိုင်းသမားဆိုးများ ပေါ်ပေါက်လာလျှင် သိုင်းလောကသို့ဆင်းကာ ဆုံးမနှိမ်နင်းရဆဲဖြစ်သည်။

ဝူလျောင်သည် သိုင်းလောကသို့ ဆင်းရသည့်အချိန်တိုင်း၌ ယင်းချူးအား ရှာဖွေခဲ့လေသည်။

ယင်းချူးသည် သူ၏ဘဝတွင် အကောင်းဆုံး မိတ်ဆွေ(ဝါ) ဆွေမျိုးသောက်ညီအစ်ကို ဖြစ်ခဲ့သည် မဟုတ်ပါလား။

သို့သော်...

ယင်းချူးကား ပျောက် ချင်းမလှ ပျောက်ကွယ်နေသည်။

ယင်းချူးက သိုင်းလောကအား ကျောခိုင်းသွားပြီဟုလည်း

www.burmeseclassic.com

www.burmeseclassic.com



ကြားရသည်။

လူဆိုးဓားပြများ လက်ချက်ကြောင့် သေဆုံးသွားသည်ဟု လည်းကြားရသည်။

သတင်းစုံသော်လည်း မည်သည့်သတင်းကမျှ တိတိကျကျ မရှိချေ။ ယင်းချူးအား တွေ့ချင်သော်လည်း မတွေ့ရတော့ပါ။

သို့ဖြင့် ဂူလျောင်နှင့်ယင်းချူး ကွဲကွာသွားခဲ့ကြလေသည်။

◆ ◆ ◆

တစ်နေ့...

ဂူလျောင်သည် သိုင်းလောကမှ လူဆိုးဓားပြကြီးငါးဦး အားဖမ်းဆီးရန် တာဝန်ကျခဲ့လေသည်။

ထိုလူဆိုးကြီးငါးဦးအား အန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်ပြီး ဂူလျောင်က လက်ရဖမ်းဆီးနိုင်ခဲ့သည်။

ဂူလျောင်၏ အောင်မြင်မှုက လူဆိုးဓားပြလောက တစ်ခ လုံးကို ဖိန့်ဖိန့်တုန်သွားစေခဲ့လေသည်။

လူဆိုးဓားပြ အနက်ရောင်သိုင်းသမားများသည် ဂူလျောင် ၏အမည်ကို ကြားသည်နှင့် ကြောက်ဒူးတုန်ကာ ဝေးဝေးရှောင်သွား ကြသည်အထိပင်။

ဂူလျောင်က နန်းတွင်းမှအမိန့်ဖြင့် လူဆိုးကြီးငါးဦးအား



အကျဉ်းထောင်၌ ဖမ်းဆီးချုပ်နှောင်ထားခဲ့လေသည်။

ထိုလူဆိုးကြီးများအား အမှုများစစ်ဆေးစီရင်ပြီး သေဒဏ် တ်မည် ဖြစ်သည်။

ထိုအချိန်တွင်...

သိုင်းလောက၌ နောက်ထပ်ပြဿနာတစ်ရပ် ပေါ်ပေါက် ခဲ့လေသည်။

လူဆိုးကြီးငါးဦးကဲ့သို့ ကြောက်စရာကောင်းသူ တစ်ဦးထွက် လာပြန်ခြင်း ဖြစ်လေသည်။

ထိုလူကား မြွေပွေးကျောင်းစိန်ဖြစ်သည်။

မြွေပွေးကျောင်းစိန်သည် ပင်လယ်ကမ်းရိုးတန်းဘက်တွင် သည်ကျက်စားရင်း နောက်ပိုင်းတွင် ပြည်မသို့တိုင် ကျူးကျော် ခဲ့လေသည်။

နောက်လိုက်တပည့်တပန်း ပေါများပြီး အင်အားကောင်း ဓားပြအဖွဲ့ကြီးကို ထူထောင်ကာ မြို့ရွာများကိုပင် ဝင်ရောက် ခိုက်စီးနင်းသည်အထိ အတင့်ရဲလာခဲ့လေသည်။

အာမခံဌာနများ၊ ငွေတိုက်များ၊ သူဌေးသူကြွယ် ကုန်သည် များနှင့် အများပြည်သူများမှာ မြွေပွေးကျောင်းစိန်၏လက်ချက် ကြောင့် ဒုက္ခရောက်ခဲ့ကြလေသည်။

မြွေပွေးကျောင်းစိန် သောင်းကျန်းချင်တိုင်း သောင်းကျန်း သောအခါ ဆုံးမနှိမ်နင်းရန် နန်းတွင်းမှ ဂူလျောင်ကို တာဝန်ပေး

www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေသည်။

ဝူလျှောင်သည် မြွေပွေးကျောင်းစိန်၏သတင်းများကို စုံစမ်းခဲ့ပြီးနောက် သူတစ်ယောက်ထဲနှင့် ဖြိုခွဲဖို့ မလွယ်မှန်း နားလည်ခဲ့သည်။

မြွေပွေးကျောင်းစိန်အား ဆုံးမရာ၌ အခြားသော နည်းလမ်းများထက် သိုင်းလောကသားများ အသုံးပြုသည့် နည်းလမ်းများကို အသုံးပြုခြင်းက အထိရောက်ဆုံး ဖြစ်ကြောင်းလည်း ဆင်ခြင်မိလေသည်။

ထို့အပြင်...

မြွေပွေးကျောင်းစိန်နှင့် 'နဂါးငါးဖော်'ဆိုသည့် လူဆိုးကြီးငါးဦးမှာ ဒုစရိုက်လောက၌ စားကျက်လုယင်း မဟာရန်သူတော်ကြီးများ ဖြစ်ခဲ့ကြကြောင်းလည်း စုံစမ်းသိရှိခဲ့ရလေသည်။

ဝူလျှောင်က တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘောမျိုးဖြင့် မြွေပွေးကျောင်းစိန်အား ဆုံးမရာ၌ နဂါးငါးဖော်ကို အသုံးပြုဖို့ ဆုံးဖြတ်လိုက်သည်။

ငါးကြင်းဆီနှင့် ငါးကြင်းကြော်သည့် နည်းလမ်းကို အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။

ဝူလျှောင်က ပညာရှိသူပီပီ အမျိုးမျိုး ဆင်ခြင်သုံးသပ်ပြီးမှ နဂါးငါးဖော်ကို အသုံးချရန် ဆုံးဖြတ်ခဲ့သည်။

သို့သော်...



နဂါးငါးဖော်သည် မှန်းဆရခက်သူများ ဖြစ်လေသည်။

ဝူလျှောင်က အဖြစ်အပျက်များကိုသာ သုံးသပ်ပြီး နဂါးငါးဖော်၏ စိတ်နေသဘောထားကို သုံးသပ်ဖို့ မေ့လျော့ခဲ့လေသည်။

ထိုမေ့လျော့ခဲ့သည့် တစ်ချက်ကလေးကပင် သူ၏ဘဝ ပျက်စီးရသည်အထိ ဖန်တီးခဲ့တော့သည်။

ဝူလျှောင်က နန်းတွင်းသို့ သူ၏အစီအစဉ်ကို တင်ပြကာ ခွင့်ပြုမိန့်တောင်းခံပြီး နဂါးငါးဖော်အား အကျဉ်းထောင်မှထုတ်ကာ မြွေပွေးကျောင်းစိန်အား သွားရောက်ရင်ဆိုင်ခဲ့လေသည်။

နဂါးငါးကောင်သည် အကျဉ်းထောင်မှ လွတ်မြောက်ကာ ပြင်ပလောကသို့ ရောက်သည်နှင့် အကြောင်းအမျိုးမျိုးပြကာ ဝူလျှောင်အား လှည့်စားကြတော့သည်။

သူတို့၏ဆိုးမိုက်သည့် ညဉ်ဆိုးအတိုင်း အထိန်းအကွပ်မရှိ ဆင်ရာစိုင်းကြတော့သည်။ ဝူလျှောင်မှာ နဂါးငါးဖော်အား ထိန်းသိမ်းကွပ်ကဲနိုင်ခြင်း မရှိတော့ပါ။

နဂါးငါးဖော် ထင်းတိုင်းကျဲသမျှ အပြစ်အားလုံး ဝူလျှောင်၏ ဦးခေါင်းပေါ် ကျရောက်လာခဲ့တော့သည်။

ဝူးလျှောင် ပိုကြီးကျဆိုးသွားသည်မှာ နန်းတွင်းမှ အကြီးအကဲများသည် ဝူလျှောင်ကိုယ်တိုင်က နဂါးငါးဖော်နှင့် ပေါင်းဖော်ကာ ဆိုးမိုက်မှုများ ကျူးလွန်ခဲ့သည်ဟု အထင်မှားသွားခဲ့ခြင်း ဖြစ်လေသည်။ သို့ဖြစ်၍ ဝူလျှောင်အား သစ္စာဖျက်ယွင်းသူဟု သတ်မှတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သေဒဏ်အပြစ်ပေးလိုက်တော့သည်။

◆ ◆ ◆

ဝူလျောင်သည် သူ့အား အထင်မှားကာ သေဒဏ်စီရင်သဖြင့် ဖြေရှင်းရန် နန်းတွင်းသို့ သွားခဲ့သော်လည်း နဂါးငါးဖော်ထွက်ပြေးရှောင်တိမ်းသွားပြီး ဒုစရိုက်မှုကြီးများကို ဆက်လက်ကျူးလွန်ခဲ့ကြသည်။ ဝူလျောင်အပေါ် ပို၍ အပြစ်ကြီးသွားစေရန် မဟုတ်မမှန် သတင်းလွှင့်ကြသည်။

ဝူလျောင်က သူတို့ လုယက်တိုက်ခိုက်စုဆောင်းထားသည့် ရွှေငွေရတနာများကို ပေးလျှင် မရဏအကျဉ်းထောင်မှ လွတ်မြောက်ရလေအောင် စီစဉ်ပေးမည်ဟု ပြောဆိုခဲ့သည်ဟု လုပ်ကြံသတင်းလွှင့်ကြသည်။

မကောင်းသည့်ဘက်၌ ပါရဂူများ ဖြစ်သော နဂါးငါးဖော်၏ လုပ်ကြံသတင်းများက မည်သူမဆို ယုံကြည်သွားလောက်အောင် ပီပြင်လှသဖြင့် နန်းတွင်းမှ ဝူလျောင်အား သေဒဏ်စီရင်ခဲ့ခြင်း ဖြစ်သည်။

ဝူလျောင်မှာ သစ္စာပျက်ပုန်ကန်သူအဖြစ် သေဒဏ်စီရင်ခံရသကဲ့သို့ သူ၏မိသားစုလည်း မင်းပြစ်မင်းဒဏ်ခံရလေသည်။

ဝူလျောင်သည် ထောင်မှူးတာဝန်ထမ်းဆောင်ရင်း သား



အရုပ်သူလေးတစ်ဦးနှင့် ချစ်ကြိုးသွယ်မိကာ နှစ်ဦးသဘောတူ အိမ်ထောင်ပြုခဲ့ရာ သားယောက်ျားလေး တစ်ယောက်ပင် ထွန်းကားနေပြီ ဖြစ်လေသည်။

မိသားစုအပေါ် မင်းပြစ်မင်းဒဏ်သင့်လေသောအခါ ဝူလျောင်၏ဇနီးသည်က သားဖြစ်သူအား ခေါ်ပြီး အဝေးသို့ ရှောင်တိမ်းသွားရန် အိမ်တော်ထိန်းအား တာဝန်ပေးခဲ့လေသည်။

သူမ၏ဆုံးဖြတ်ချက်ကြောင့် သားငယ်နှင့် အိမ်တော်ထိန်းတို့ လွတ်မြောက်သွားကြပါသော်လည်း သူမကိုယ်တိုင်နှင့် အခြားမိသားများ၊ ကျေးကျွန်များမှာ မင်းပြစ်မင်းဒဏ် ခံခဲ့ရတော့သည်။

အိမ်တော်ထိန်းသည် ဝူလျောင်၏'သား'ကို ရပ်ဝေးသို့ ခေါ်သွားကာ ဇာတ်မြှုပ်လိုက်သည်။

ကလေးကြီးပြင်းလာအောင် ပြုစုစောင့်ရှောက်ခဲ့ပြီး ငယ်စဉ်ကပင် သိုင်းပညာကို လေ့ကျင့်စေခဲ့သည်။

ဝူလျောင်မှာ နဂါးငါးဖော်၏ မတရားမှုကြောင့် ကွပ်မျက်ခံရကြောင်း ပြောပြခဲ့သည်။

ဝူလျောင်၏မျိုးဆက် ရင်သွေး အရွယ်ရောက်လာချိန်တွင် အိမ်တော်ထိန်းကြီးလည်း လူကြီးရောဂါဖြင့် ကွယ်လွန်သွားခဲ့သလို ဝူလျောင်၏ရင်သွေးကလည်း ဖခင်အတွက် နဂါးငါးဖော်အား သွေးကြွေးဆပ်ရန် စိုင်းပြင်းခဲ့လေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## ပထမပြိုင်ဘက်

နှင်းမိုးသည် ရပ်စဲသွားပြီ ဖြစ်သော်လည်း လေပြင်းသည် တဟူးဟူး တိုက်ခတ်လျက်ပင် ရှိသည်။

လေပြင်းသည် ချယ်ရီပင်ပေါ်တွင် ဖုံးအုပ်ထားသော နှင်းပွင့်များအား ကြမ်းတမ်းစွာ ခွာချပစ်လိုက်သည်။

ထို့ကြောင့်...

နှင်းပွင့်များသည် လေထဲတွင် ဝေ့ဝဲနေသည်။

ယင်းနှင်းပွင့်များတွင် ရေခဲစများ ပါဝင်နေသောကြောင့် မျက်နှာပေါ်သို့ ရိုက်ခတ်ခြင်း ခံရပါက အပ်ဖြင့် စိုက်ခံရသကဲ့သို့ နာကျင်သွားမည် ဖြစ်သည်။

လူရွယ်သည် မြင်းကိုစီးလျက် ထိုနေရာတွင် ရပ်တန့်နေသည်မှာ အချိန်အတော်ကြာခဲ့ပြီ ဖြစ်သည်။

သူ၏ရှေ့တွင် နှင်းများ ဖုံးအုပ်ခြင်း ခံထားရသော ဖြူဖွေးသည့် လွင်ပြင်ကျယ်ကြီး ရှိသည်။



ထိုနှင်းလွင်ပြင်ကြီးသည် မိုးကုပ်စက်ဝိုင်းသို့တိုင် တမျှော်တခေါ် မြင်တွေ့နေရသည်။

သူ၏အနောက်တွင်မူ ချယ်ရီတောတန်းရှိသည်။

လူသွားလမ်းသွယ်သည် သစ်ပင်များကြားတွင် ကွေ့ကာကောက်ကာ တည်ရှိနေ၏။

ယင်းလမ်းကလေးသည် မြင်းတစ်စီး နှင်သာရုံမျှသာ ကျယ်ဝန်းလေသည်။

ထိုလမ်းကလေးအတိုင်း မြင်းကို နှင်သွားပါက တောင်ပေါ်သို့ ရောက်သွားပေမည်။

တောင်ပေါ်တွင် ကြီးမားသော အဆောက်အအုံတစ်ခု ရှိသည်။

ထိုအဆောက်အအုံကြီးသည် နှင်းဖြူစံအိမ်ကြီးပင် မဟုတ်လော။

နှင်းဖြူစံအိမ်သို့ သွားမည့်သူသည် ထိုလမ်းအတိုင်း သွားရှိသည်။

လူရွယ်သည် တစ်စုံတစ်ယောက်အား စောင့်မျှော်နေဟန်တူသည်။

သူသည် မလှုပ်မယှက် ငုတ်တုတ်ကြီး ရှိနေသည်။

လေပြင်းတိုက်ခတ်သံသည် တစီစီ မြည်ဟည်းနေသည်။

လူရွယ်၏ရှည်လျားသော ဆံပင်တို့သည် လေထဲတွင် တလူလူ

www.burmeseclassic.com

www.burmeseclassic.com



လူ လွင့်နေလေသည်။

သူ၏ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ်ကြွက်သားများဖြ
ဖုထစ်နေသော လက်နှစ်ဖက်နှင့် ဟန်ပန်တို့သည် နယ်စွန်နယ်ဖျား
တွင် ကျင်လည်ကျက်စားနေသော လူရိုင်းများ၏ပုံသဏ္ဌာန်နှင့် ခ
ဆင်ဆင်တူနေသည်။

သို့သော်...

သူ၏အသားအရေသည် လူရိုင်းများကဲ့သို့ မဟုတ်ဘဲ ဖြ
ဖွေးနေလေသည်။

သူ၏အသားအရေသည် သွေးရောင်ကင်းမဲ့ပြီး ဖြူဖပ်ဖြ
ရော် ဖြစ်နေလေသည်။

ရာသီဥတုသည် အရိုးခိုက်အောင် အေးစိမ့်လှသည်။

သို့သော်...

လူရွယ်သည် ကျားသစ်ရေဖြင့် ချုပ်လုပ်ထားသော အင်္ကျီ
တစ်ထည်ကိုသာ ဝတ်ဆင်ထားလေသည်။

သန့်စွမ်းကျစ်လျစ်လှသော ခန္ဓာကိုယ်ကြောင့် ကျားသစ်ခေ
ပင် ကွဲထွက်တော့မည့် ပုံစံမျိုး ဖြစ်နေသည်။

သို့သော်...

သူ၏ဖြူဖပ်ဖြူရော် မျက်နှာနှင့် သန်မာထွားကျိုင်းသော
ခန္ဓာကိုယ် အချိုးအဆစ်မှာ လုံးဝလိုက်ဖက်ခြင်း မရှိပါချေ။

သူ၏လက်သုံးတော်ဓားအမည်မှာ သက်ခြွေဓားဟု ခေ



ခွင်လေသည်။

ထိုဓား၏ဓားရိုးမှာ သာမန်ဓားထက် တစ်ဆခန့် ရှည်လျား
နေသည်။

ဓားရိုးထိပ်တွင် တပ်ဆင်ထားသော အဝါရောင်ပိုးစသည်
လေထဲတွင် တဖျပ်ဖျပ် လူးလွန့်နေလေသည်။

သူသည် သက်ခြွေဓားကို ကျောတွင် ပိုးထား၏။

အချိန်မည်မျှ ကြာသွားသည် မသိချေ။

လူရွယ်စီးထားသော မြင်းသည် ဟီးသံတစ်ချက် ပြုလိုက်
လေသည်။

ထိုအချိန်တွင် မိုးကုတ်စက်ဝိုင်းနှင့် မျဉ်းတစ်ကြောင်းတည်း
၌ အမည်းစက်ကလေးတစ်ခု ပေါ်လာသည်။

လူရွယ်သည် အမည်းစက်ပေါ်လာသည့် အချိန်မှစပြီး သူ
ရှတောက်ပသော မျက်လုံးအစုံသည် အမည်းစက်ကလေးအား
ွာ စိုက်ကြည့်နေသည်။

အမည်းစက်ကလေးသည် တစ်စထက်တစ်စ ကြီးမားလာ
သည်။

မကြာပါချေ။

အမည်းစက်ကလေးသည် မည်သည့်အရာ ဖြစ်ကြောင်း ရုပ်
ပေါ်လာသည်။

ထိုအမည်းစက်ကလေးသည် မြင်းစီးသမားတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



မြင်းကို အသော့နှင်လာခြင်း ဖြစ်သည်။

မြင်းစီးသမား ကိုယ်ပေါ်တွင် အနက်ရောင်နှင်းကာဝတ် တစ်ထည် ခြုံထားသည်။

သူ၏မြင်းမှာ အနက်ရောင် ဖြစ်သည်။

ထိုတဒင်္ဂ အချိန်အတွင်းမှာပင် မြင်းစီးသမားသည် လူရွ ရှိနေသောနေရာနှင့် နီးသည်ထက် နီးကပ်လာလေ၏။

မြင်းစီးသမားမှာ အသက်ခြောက်ဆယ်ကျော်ခန့် ရှိသော အဘိုးအိုတစ်ယောက် ဖြစ်သည်။

အနက်ရောင်အင်္ကျီအား ရစ်သိုင်းလွှမ်းခြုံထားသည်မှာ ညားလှလေသည်။

သူ၏အသားအရေမှာ မဖြူလှပေ။

ပါးမြိုင်းမွေးသည်လည်း ထိုးထိုးထောင်ထောင် ဖြစ် သည်။

အဘိုးအိုသည် ကိုယ်ခန္ဓာသန်မာထွားကျိုင်းသည်နှင့်အ အရပ်အမောင်းလည်း ကောင်းသည်။

သူစီးလာသော မြင်းမှာလည်း အားကောင်းမောင်းသ အနက်ရောင် မွန်ကိုမြင်းကောင်းမြင်းသန် ဖြစ်သည်။

သူစီးထားသော မြင်းနှင့် သူ၏ခန္ဓာကိုယ်ဘည် လိုက် ညီအောင် ခန့်ညားလှသည်။

လေပြင်းကြောင့် အဘိုးအို၏နှင်းကာမှာ အပေါ်သို့



ကာ ပခုံးနှင့် တစ်ပြေးညီ ဖြန့်ထားသကဲ့သို့ ဖြစ်နေ၏။

အဘိုးအို၏ ခေါင်းပေါ်တွင် ဆောင်းထားသော ဦးထုပ်မှာ ဦးထုပ်ကြီး ဖြစ်သည်။

ဓားရှိုးပါသော ဓားရှည်တစ်လက်သည် မြင်းကုန်းနှီးပေါ် တွင် ခပ်စောင်းစောင်းကလေး ချိတ်ထားလျက် ရှိနေ၏။

ဓားရိုးနှင့် မြင်းကုန်းနှီး ပွတ်တိုက်မိရာမှ တချွင်ချွင် အသံ ထွက်နေသည်။

မြင်းနက်ကြီးသည် ခရီးပြင်းနှင်ခဲ့သော်လည်း ပင်ပန်းနွမ်း နယ်သည့်ဟန် မရှိပါချေ။

မြင်းသည် နှာမှုတ်တိုင်း အဖြူရောင်အငွေ့များက လွင့်စဉ် သွားလေသည်။

မြင်းစီးသမားသည် လူရွယ်နှင့် ကိုက်တစ်ရာခန့် အကွာတွင် ရပ်တန့်စေသည်။

ထို့နောက်...

အဘိုးအိုသည် မြင်းဇက်ကြိုးကို တင်းတင်းဆွဲလျက် ပတ် ကျင်ကို အကဲခတ်ကြည့်နေသည်။

မြင်းနက်ကြီးမှာ မြေပြင်ပေါ်တွင် ပတ်ချာလည်နေ၏။

အဘိုးအိုသည် မြင်းကို မနားတမ်း အော်ငေါက်နေသည်။

နောက်ဆုံးတွင် မြင်းသည် ပတ်ချာလည်မနေတော့ဘဲ ရပ် သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်အထိ အဘိုးအိုသည် တောစပ်တွင် ရပ်နေသော လူရွယ်ကို သတိမပြုမိသေးချေ။

အဘိုးအို၏မျက်လုံးအစုံသည် တောင်ထိပ်ပေါ်တွင် ရှိနေသော နှင်းဖြူစက်အိမ်ကြီးဆီသို့ အာရုံရောက်နေသည်။

"ဩော်...တကုဖုံးဟာ တော်တော်စည်းစိမ်ခံတတ်တာပဲ"

အဘိုးအိုသည် တစ်ကိုယ်တည်း ရေရွတ်လိုက်သည်။

ထို့နောက်...

သူသည် မြင်း၏ဝမ်းဗိုက်ကို ခြေဖောက်ဖြင့် တစ်ချက် တော့လိုက်ရာ မြင်းသည် တူရှုသို့ ပြေးလွှားသွားသည်။

ချယ်ရီပင်အောက်တွင် ရှိနေသော လူရွယ်မှာမူ အဘိုးအို[…] မမှိတ်မသုန်ကြည့်ရင်း နေရာတွင် မလှုပ်မယှက် ရှိနေလေသည်။

သူစီးထားသော မြင်းမှာလည်း ထိုအတိုင်းပင် ဖြစ်သည်။

မြင်းနှင့်လူသည် မြေပေါ်တွင် အမြစ်တွယ်နေသကဲ့သို့ ဖြ[…] သည်။

အနက်ရောင်နှင်းကာ ဝတ်ဆင်ထားသော အဘိုးအို၏မြင်း နက်ကြီးသည် လူရွယ် ရှိရာဆီသို့ တောစပ်တစ်လျှောက် ပြေးလွှား လာသည်။

အဘိုးအို၏မြင်းနက်ကြီးသည် လူရွယ်၏ရှေ့တည့်တည့်မှ ဖြတ်ကျော်လုဆဲဆဲ အချိန်အထိ လူရွယ်သည် မလှုပ်မယှက်ပင် ရှိနေ သည်။



သို့သော်...

လူရွယ်၏မျက်နှာပေါ်တွင်မူ အပြုံးတစ်ရပ်ပေါ်လွင်နေ သည်။

သူ၏စူးရှသော မျက်လုံးအစုံမှာ မြင်းနက်ကြီးပေါ်မှ အဘိုး အိုအား မလွှဲတမ်း ကြည့်နေသည်။

လူရွယ်သည် သူ၏မြင်းပေါ်မှ ဖြစ်ပေါ်လာသော အခြေ အနေကို ရင်ဆိုင်ရန် အသင့်ပြင်ဆင်ထားပြီး ဖြစ်လေသည်။

အနက်ရောင်ဝတ်ဆင်ထားသော အဘိုးအိုသည် တစ်စုံတစ် ခု ရိပ်စားသွားမိဟန်တူသည်။

သူ၏မျက်နှာပေါ်မှ ကြွက်သားများသည် တစ်ချက်လှုပ်ခါ သွားသည်။

ထို့အပြင်...

မြင်းနက်ကြီးမှာလည်း အတော်ပင် ပါးနပ်ပုံရသည်။

အရှင်သခင်နည်းတူ တစ်စုံတစ်ခုကို ရိပ်စားမိသွားဟန်တူ သည်။

မြင်းနက်ကြီးသည် သခင်က ဇက်မသတ်ရသေးမီမှာပင် […]န့်လိုက်လေသည်။

အဘိုးအိုသည် ခါးကိုကိုင်း၍ မြေပြင်ကို အသေအချာ ကြည့် သည်။

နှင်းများ ထူထပ်နေသော မြေပြင်ပေါ်တွင် မြင်းခွာရာများ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်။

မြင်းခွာရာများမှာ အလွန်ထင်ရှားနေသေးသဖြင့် မကြာသေးမီကပင် မြင်းတစ်ကောင်သွားခဲ့ပုံရသည်။

အမှန်ဆိုရလျှင် ထိုမြင်းခွာရာများသည် ထူးဆန်းသည်ဟု မဆိုသာပါ။

သို့သော်...

အတွေ့အကြုံ ရှိသော သိုင်းသမားတိုင်းလိုလို သေးငယ်သော အချက်အလက် ဖြစ်စေကာမူ ဥပေက္ခာပြုထားလေ့ မရှိချေ။

အသေးအဖွဲဟု ထင်ရသော အရာပင်လျှင် ကြီးမားသော ဘေးအန္တရာယ်၏ ရှေ့ပြေးတစ်ရပ် ဖြစ်နိုင်သည် မဟုတ်ပါလော။

ဥပမာဆိုရလျှင် ယခု မြင်တွေ့ရသော မြင်းခွာရာမှာ နှင်းတောင်ပေါ်မှ ဆင်းလာသော ခွာရာမျိုး ဖြစ်သည်။

ထိုအချက်သည် ယုံမှားသံသယ ဖြစ်ဖွယ်ပင် မရှိပါချေ။

သို့သော်...

သံသယ ဖြစ်ဖွယ်ကောင်းသော အချက်တစ်ချက် ရှိနေသည်။

တောလမ်းတစ်လျှောက်တွင် မည်သည့် မြင်းခွာရာမျှ မတွေ့မိကြောင်း အဘိုးအိုက အတတ်သိထားသည်။

သို့ဆိုလျှင် နှင်းတောင်ပေါ်မှ ဆင်းလာသော မြင်းသည် မည်သည့်အရပ်သို့ ဦးတည်သွားပါသနည်း။



အဘိုးအိုသည် စဉ်းစားလေ သံသယ ဖြစ်လာလေ ဖြစ်သည်။

သူသည် မျက်မှောင်ကြုတ်လျက် မြင်းခွာရာများကို အသေအချာ အကဲခတ်နေလေသည်။

မြင်းခွာရာများသည် ရှုပ်ထွေးနေသည်။

သို့ဆိုလျှင်...

ထိုမြင်းမှာ မြင်းရိုင်းတစ်ကောင် ဖြစ်ပေလိမ့်မည်။

မြင်းရိုင်းတစ်ကောင်မဟုတ်လျှင် မြင်းနှင့်အတူ မြင်းစီးသူ ပေါ်လာမည် ဖြစ်သည်။

ထိုသို့လိုက်ပါလာပါက ထိုသူသည် အနီးတဝိုက်တွင် ရှိရပေမည်။

အဘိုးအို၏မျက်နှာပေါ်တွင် အပြုံးရိပ်တစ်ခု ဖြတ်သန်းသွားသည်။

သူ၏ ဘယ်ဘက်လက်မှာလည်း မြင်းဇက်ကြိုးကို တင်းတင်းဆွဲကာ ဦးလှည့်လိုက်လေသည်။

မြင်း၏ခြေထောက်သည် လေထဲသို့ မြောက်တက်သွားလေသည်။

မြင်းသည် ဟီသံတစ်ချက် ပြုလိုက်သည်။

မြင်းပေါ်မှ အဘိုးအိုသည် မြင်း၏လည်တိုင်ကို ဘယ်ဘက်လက်ဖြင့် အသာအယာဖိချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ...

မြင်း၏ရှေ့ခြေနှစ်ချောင်းကလည်း လေထဲမှ ပြန်ကျ... လေသည်။

ထိုအချိန်အတွင်းမှာပင် အဘိုးအို၏မြင်ကွင်းထဲသို့ မြင်း... စီးနှင့်လူတစ်ယောက်သည် ရိပ်ခနဲ တိုးဝင်လာလေသည်။

ဆံပင်ရှည်နှင့် လူရွယ်တစ်ယောက်ဖြစ်သည်။

ဆံရှည်ကိုယ်တော်သည် မြင်းပေါ်တွင် ဣန္ဒြေရရ... လိုက်ပါလာသည်။

သူ၏ဟန်မူရာမှာ အေးဆေးတည်ငြိမ်လှသည်။

အဘိုးအိုမှာမူ လူရွယ်အား တွေ့မြင်လိုက်စဉ်ကတည်း... အန္တရာယ်အငွေ့အသက်ကို ချက်ချင်းခံစားလိုက်မိသည်။

သူ၏မျက်လုံးအစုံသည် မြင်မြင်ချင်းပင် အကြည့်ချ... သွားသည်။

တစ်ယောက်က ထောင်ထောင်မောင်းမောင်း အဘိုး... ရင့်စားသမားကြီးဖြစ်သည်။

တစ်ယောက်မှာမူ ခြေဦးတည့်ရာ လျှောက်သွားနေ... လုလင်ပျိုတစ်ယောက်ဖြစ်သည်။

အတန်ကြာသည်အထိ နှစ်ယောက်စလုံး စကားမပြော... ကြချေ။

သို့သော်...



အန္တရာယ်၏ အငွေ့အသက်ကိုမူ နှစ်ဦးစလုံး ခံစားမိလိုက်... သည်။

အဘိုးအိုသည် လူမှုရေးအရ လူရွယ်အားပြုံး၍ ခေါင်းတစ်... ဆတ်ပြလိုက်လေသည်။

ထို့နောက် လူရွယ်ကို စိုက်ကြည့်ရင်း လေသံခပ်အေးအေး... မေးလိုက်သည်။

"သည်ကမောင်ကူက"

အဘိုးအို၏စကားသည် တစ်ပိုင်းတစ်စနှင့် ရပ်တန့်သွား... တော့သည်။

ယင်းသို့ ရပ်တန့်ခြင်းသည် အကြောင်းမဲ့ မဟုတ်ချေ။

အဘိုးအိုသည် ပြောနေစဉ်မှာပင် လူရွယ်၏လက်တစ်ဖက်... ကောကုန်းပေါ်မှ ဓားအိမ်ဆီသို့ ရောက်သွားခြင်းကြောင့် ဖြစ်...

သူ၏မျက်နှာပေါ်တွင်လည်း လူသတ်တော့မည့် အသွင်... ဆောင်နေလေသည်။

အနက်ရောင်နှင့်ကာ၀တ်စုံ ဝတ်ဆင်ထားသော အဘိုးအို... လည်း လက်မနေပါချေ။

သူသည် မြင်းကုန်းနှီးတွင် ခပ်စောင်းစောင်း ချိတ်ဆွဲထား... ဓားရှည်ကို ဆတ်ခနဲ ဆွဲလိုက်သည်။

ထိုအချိန်တွင် လူရွယ်၏ခန္ဓာကိုယ်သည် လေထဲသို့ ကြ...

www.burmeseclassic.com

www.burmeseclassic.com



တက်လာရာမှ အဘိုးအိုထံသို့ ခုန်ဝင်လာသည်။

သက်ခြေစားသည် အေးစိမ့်သော အငွေ့အသက်နှင့်အတူ ကောင်းကင်ပေါ်မှ သက်တန့်ပမာ အဘိုးအိုထံသို့ လိမ့်ဝင်လာလေသည်။

ဓားနှစ်လက်သည် လေထဲတွင် ပြင်းထန်စွာ ရိုက်ခတ်မိရာမှ ချွင်ခနဲအသံ မြည်ဟိန်းသွားလေသည်။

မြင်းနက်ကြီးသည် ဟီသံတစ်ချက် ပြုလိုက်သည်။

ဟီသံနှင့်အတူ ကျောထက်တွင် ထိုင်နေသော အဘိုးအိုမှာ မြေပေါ်သို့ ထိုးကျသွားလေသည်။

အဘိုးအိုသည် ထိပ်သီးဓားသမားတစ်ယောက် ဖြစ်၏။

ထို့အတူ ဆံပင်ရှည်နှင့်လူရွယ်ကလည်း နယ်နယ်ရရ မဟုတ်ပါလော။

အဘိုးအို၏ခန္ဓာကိုယ်သည် မြေပြင်ပေါ်တွင် လူးလိမ့်ရင်း ဆယ်ကိုက်အကွာသို့ ဆုတ်ချသွားသည်။

လူရွယ်သည် လေ၏လျင်မြန်ခြင်းမျိုးဖြင့် အဘိုးအို နောက်သို့ ပြေးလိုက်သွားလေသည်။

ဓားနှစ်လက်သည် သုံးချက်ဆန့်၍ ရိုက်မိရာမှ တစ်ချွင်ချွင် မြည်သံ ဆူညံသွားသည်။

တိုက်ပွဲသည် တချွင်ချွင် မြည်သံကြားတွင် အရှိန်အဟုန်ကြီးစွာ ဆင်နွှဲနေလေသည်။



တိုက်ပွဲသည် ထိပ်သီးဓားသမားတို့၏ တွေ့ဆုံပွဲဖြစ်၍ တိုက်ခိုက်မှုမှာ ကြောက်ခမန်းလိလိ ပြင်းထန်လှသည်။

ထိုတိုက်ပွဲသည် ရှာမှရှားသော ပွဲကြီးပွဲကောင်း တစ်ပွဲဟု ဆိုနိုင်သည်။

ကောင်းကင်ပြင်သည် နှင်းပြင်၏ အရောင်ပြန်ဟပ်မှုကြောင့် ဖွေးဖွေးလက်နေသည်။

မျက်နှာတစ်ခုသည် ဓားရောင်အောက်တွင် အရိုင်းအစိုင်း သတ္တဝါတစ်ကောင်၏ မျက်နှာကဲ့သို့ ကြမ်းတမ်းနေသည်။

နှစ်ယောက်လုံးသည် လက်ရည်ချင်းတူနေ၍ အလွန်ကြည့်ကောင်းနေသည်။

ထို့အတူ ကြောက်လန့်တတ်သူတစ်ယောက် ဖြစ်နေလျှင် ဤတိုက်ပွဲအား ကြည့်ကာ ဘုန်းဘုန်းလဲကျသွားစေနိုင်လေသည်။

မြင်းနှစ်ကောင်စလုံးသည် ရှည်လျားသော ဟီသံပြုနေကြသည်။

နှင်းပြင်ပေါ်တွင် အသေအကြေ တိုက်ခိုက်သော ပွဲကြီးပွဲကောင်းသည် တိုတောင်းသော အချိန်မှာပင် အဖြေပေါ်လာလေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



မြေပြင်ပေါ်ရှိ စားသမားနှစ်ယောက်သည် လှုချင်းခွာလို
ကြသည်။

တစ်ယောက်သည် တောင်ဘက်သို့ ဦးတည်ပြီး ကျန်တ
ယောက်မှာမူ မြောက်ဘက်သို့ ဦးတည်သည်။

တောင်ဘက်သို့ ဦးတည်သောလူမှာ အနက်ရောင်နှင်း
အင်္ကျီဝတ်ဆင်ထားသော အဘိုးအို ဖြစ်သည်။

မြောက်ဘက်သို့ ဦးတည်သွားသူမှာ ဆံပင်ရှည်လူရွယ်
ဖြစ်သည်။

သူတို့နှစ်ယောက်သည် ဦးတည်ရာချင်း မတူသလို အ
အနေကလည်း တစ်ခြားစီ ဖြစ်သည်။

တောင်ဘက်သို့ မျက်နှာမူနေသော အဘိုးအိုသည် မျက်
တစ်ခုလုံး ရှုံ့မဲ့သွားလေသည်။

သူ၏ခြေလှမ်းများက ခိုင်ခိုင်မတ်မတ် မရှိဘဲ တုံ့နှေးေ
ကန်သလို ဖြောင့်တန်းမှုလည်း မရှိချေ။

အဘိုးအို၏ခြေလှမ်းအစုံသည် ယိမ်းယိုင်ကွေးညွတ်သွ
လေသည်။

သူ၏ပါးစပ်မှလည်း ဝေါခနဲ သွေးအန်ထွက်သွားသည်

သူ၏ခန္ဓာကိုယ်သည်လည်း ရှေ့သို့ ငိုက်စိုက်သွားေ
သည်။

ထို့နောက်....



အဘိုးအိုသည် ဝုန်းခနဲ ဟပ်ထိုးလဲကျသွားသည်။

လူရွယ်သည် နဖူးပြင်တွင် စိမ့်ထွက်နေသော ချွေးသီးချွေး
ပေါက်ကို လက်ဖြင့် ပွတ်သုတ်လိုက်သည်။

လူရွယ်၏ရင်ထဲ၌ အမည်မဖော်နိုင်သော ဝေဒနာတစ်မျိုး
ဖြစ်ပေါ်သွားလေသည်။

တစ်ဖက်လူသည် သူတွေးထင်ထားသည်ထက် ပို၍ အစွမ်း
ထက်နေသည်မှာ အမှန်ပင် ဖြစ်သည်။

သူသည် ဝမ်းနည်းသည့် ခံစားချက်မျိုးကို ခံစားလိုက်ရ
သည်။

ထိုရန်သူမျိုးကို သုတ်သင်နိုင်ခဲ့သဖြင့် စိတ်အစဉ်သည်
ဘယ်သို့လျှင် မလှုပ်ရှားဘဲ နေနိုင်ပါမည်နည်း။

◆ ◆ ◆

နှင်းပွင့်တို့သည် တဖွဲဖွဲ တသဲသဲ ကျဆင်းနေဆဲ ဖြစ်သည်။

လူရွယ်သည် ကျားသရေတစ်ထည်ဝတ်လျက်ပင် နှင်းပြင်
ပေါ်တွင် ရှိနေသည်။

သူ့ရှေ့တွင် ချောမွေ့သော ကျောက်တုံးကြီးတစ်တုံး ရှိနေ

ထိုကျောက်တုံးသည် စားသွေးကျောက် ဖြစ်ဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်သည် သူ၏လက်စွဲတော်ဓား သက်ခြေဓားအား စိုး ရှည်လက်ရှည် သွေးနေ၏။

ရှေ့တည့်တည့် ခပ်လှမ်းလှမ်းတွင် သစ်ပင်တစ်ပင် ရှိနေ သည်။

သစ်ပင်ပေါ်တွင် အလောင်းတစ်လောင်း ချိတ်ဆွဲထားသေ ၏။

တစ်ညတာ နှင်းမိုးကြားတွင် ချိတ်ဆွဲခဲ့၍ အလောင်းပေါ် တွင် သွေးများ မရှိတော့ပေ။

အလောင်းသည် အအေးဒဏ်ကြောင့် မာကြောနေသည်

အသက်ရှင်စဉ်တုန်းကထက် သိသိသာသာ သေးငယ်နေသေ သည်။

အရောင်အဆင်းကလည်း မတူတော့ချေ။

လူရွယ်သည် သုံးနှစ်သုံးမိုး ဓားပညာကို အပတ်တကုတ် လေ့ကျင့်ခဲ့သည်။

ပထမဆုံး တိုက်ပွဲတွင် ထိုမျှ ကြီးမားသော ရန်သူတစ် ယောက်ကို အောင်မြင်စွာ ရှင်းပစ်နိုင်လိမ့်မည်ဟု လူရွယ်သည် လုံး မမျှော်လင့်ခဲ့ပေ။

ထိုလူ၏အမည်မှာ ကျင်းဖုံး ဖြစ်သည်။

သိုင်းလောကမှ လူများက သူ့အား ဝံပုလွေကျင်းဖုံးဟု ခေ ဆောင်ကြသည်။



ကျင်းဖုံး၏ တစ်သက်တာတွင် ကြီးမားသော တိုက်ပွဲများကို အောင်နိုင်သူအဖြစ် ဆင်နွှဲနိုင်ခဲ့သည်။

သူ၏လက်ချက်နှင့် သေဆုံးသွားခဲ့သော သိုင်းသမားပေါင်း ျင် မနည်းတော့ပေ။

မြေလတ်ပိုင်းသိုင်းငါးဖော်နှင့် မြစ်ဝါသူရဲကောင်းသုံး ယောက်တို့သည် ကျင်းဖုံး၏ဓားချက်အောက်တွင် ဇီဝိန်ကြွေခဲ့ရခြင်း ဖြစ်သည်။

ထို့ကြောင့် ဝံပုလွေကျင်းဖုံးအား လူတိုင်းလိုလိုက ကြောက် ရွံ့ခဲ့ကြသည်။

ကျင်းဖုံးသည် အောင်ပွဲအလီလီ အနိုင်ရခဲ့သော်လည်း နောက်ဆုံးတွင် လူရွယ်၏ဓားချက်ဖြင့် မရဏာလမ်းသို့ သွားရပြီ ဖြစ် သည်။

သုံးနှစ်ဆိုသော အချိန်ကာလမှာ သာမန်ဓားပညာမျိုးအား လေ့ကျင့်သူအဖို့ တိုတောင်းသော အချိန်ကာလ မဟုတ်ပေ။

သို့သော်...

လျို့ဝှက်နက်နဲသော ဓားပညာကို ဆည်းပူးလေ့လာသော လူရွယ်အဖို့မှာမူ သုံးနှစ်ဟူသော အချိန်သည် လုံလောက်သည်ဟု ဆိုနိုင်ပေ။

အခြေခံကောင်းသူ၊ ဉာဏ်ရည်ထက်မြက်သူ မဟုတ်ပါက လျို့ဝှက်နက်နဲသော သိုင်းပညာကို သုံးနှစ်တာ ကာလဖြင့် ပြီး

www.burmeseclassic.com

www.burmeseclassic.com



မြောက်အောင်မြင်နိုင်လိမ့်မည် မဟုတ်ပေ။

လူရွယ်၏ထူးခြားသော အရည်အသွေးမှာ စိတ်တည်ငြိမ်ခြင်းပင် ဖြစ်သည်။

သူသည် မည်သည့် အခြေအနေသို့ ရောက်စေကာမူ စိတ်ကို တည်ငြိမ်အောင် ထိန်းနိုင်ခြင်း ဖြစ်သည်။

ထိုအချက်သည် လူရွယ်အား ထိပ်တန်းစားသမားတစ်ယောက် အဖြစ်သို့ ပို့ဆောင်ပေးသော အဓိကအချက်ပင် ဖြစ်သည်။

လူရွယ်၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြင့် ခံစားချက်မဲ့သော မျက်နှာမျိုးပင် ဖြစ်သည်။

သူ၏မျက်လုံးအစုံမှာလည်း အမြဲလိုလိုပင် လျှို့ဝှက်သော အရိပ်အယောင်များဖြင့် ပြည့်နက်နေသည်။

လူရွယ်၏ပုံဟန်မှာ ပျော်ရွှင်ခြင်းသည် သူနှင့် လုံးဝမသက်ဆိုင်သလို ဖြစ်နေသည်။

ထို့ကြောင့် သူ၏မျက်နှာသည် ရွှင်ပျသော အသွင်မျိုး လုံးဝမဆောင်ပါချေ။

သူ၏စိတ်အစဉ်သည်လည်း မဖြေသာသော အစိုင်အခဲများကြောင့် လေးလံထိုင်းမှိုင်းလျက်ရှိသည်။

သူသည် ပျော်ရွှင်ခြင်းနှင့် ကင်းဝေးခဲ့သည်မှာ ဆယ့်ငါးနှစ်တာ ကြာညောင်းခဲ့ပြီ ဖြစ်သည်။

သူ၏ဘဝသည် အထီးကျန်ဘဝ ဖြစ်သည်။



အထီးကျန်ဆန်မှုကြောင့် သူ့စိတ်ဓာတ်ကို အထူးခိုင်မာစေသည်။

ထို့ကြောင့်...

သူသည် လူအများနှင့် ဆက်ဆံရာတွင် အလွန်ပင် ဂွကျနိုင်လှပေသည်။

သူသည် ပေါင်းသင်းရခက်သော လူတစ်ယောက်အဖြစ်သို့ ရောက်မှန်းသိ ရောက်ရှိသွားလေသည်။

သူ၏ဖခင်နှင့်မိခင် ညီအစ်ကို မောင်နှမများသည် သူဆယ်နှစ်သားကပင် ဆုံးပါးသွားခဲ့သည်။

ထိုမှ လွန်မြောက်သော် သူ့ဘဝ၏နောက်ပိုင်းရက်များသည် အစဉ်အမြဲ ဝမ်းနည်းမှုများဖြင့် ကုန်ဆုံးခဲ့သည်။

သူသည် တွေးမိတိုင်း ရင်ထဲတွင် တလှပ်လှပ် ခံစားရ၏။

လူတိုင်းလိုလိုပင် မျှော်လင့်ချက်ဖြင့် အသက်ရှင်သန်နေခြင်း ဖြစ်သည်။

ဆင်းရဲတွင်းနက်သူသည်ပင်လျှင် မျှော်လင့်ချက်ကိုယ်စီ ရှိနေကြသည်။ လူရွယ်သည်လည်း ထိုအတိုင်းပင် ဖြစ်သည်။

သူ့တွင် မျှော်လင့်ချက်တစ်ခု ရှိနေသည်မှာ အမှန်ပင် ဖြစ်သည်။

သူသည် စိတ်ညစ်လာသည့်အခါတိုင်း မိမိ၏မျှော်လင့်ချက်ကို တွေးမိတတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ…

အားသစ်များ တဖွားဖွား ပေါ်လာတတ်သည်။

သူ့ဘဝ၏အမှောင်ဖုံးသော နေ့ရက်များကို ယင်းမျှော်မှန်းချက်ကြောင့်ပင် ဖြတ်သန်းနိုင်ခဲ့သည် မဟုတ်ပါလော။

◆ ◆ ◆

တုချင်းလှျံ…။

သူမသည် သစ်ပင်တစ်ပင်အောက်တွင် ပုန်းခိုနေသည်မှာ အချိန်အတော်ပင် ကြာခဲ့ပြီဖြစ်သည်။

ဆံပင်ရှည်နှင့်လူရွယ်၏ အပြုအမူကြောင့် သူမ၏စိတ်ထဲတွင် အတော်ပင် ထူးဆန်းနေသည်။

တစ်နည်းဆိုရသော် သူမသည် လူရွယ်အပေါ် အထူးစိတ်ဝင်တစား ရှိလာသည်။

နှင်းဖြူစုံအိမ်ကြီးရှိ လူများထဲတွင် ပထမဆုံးအဖြစ် လူရွယ်ကို မြင်တွေ့လိုက်သူမှာ မိမိသာဖြစ်သည်ဟု သူမကိုယ်သူမ ယုံကြည်ထားသည်။

ထိုသူ၏ဇစ်မြစ်ကို သေချာစူးစမ်းလေ့လာရမည်။

သူမသည် အတွင်းကျကျ မသိမချင်း ယခုကိစ္စကို တခြားသူ သိသွားသည့် အဖြစ်ကို သူမအနေဖြင့် မသိုလားပေ။



မနေ့က သင်ခန်းစာရခဲ့သဖြင့် ဆံပင်ရှည်နှင့် လူရွယ်အား တုချင်းလှျံက ခပ်ပေါ့ပေါ့သဘောမထားဝံ့တော့ပေ။

အမှန်ဆိုလျှင်…

သူမ အနေဖြင့် လူရွယ်အပေါ် မုန်းတီးစိတ်များ ဖြစ်ပေါ်ရပေမည်။

သို့သော် သူမသည် လက်တွေ့တွင်မူ ထိုသို့ မဟုတ်ပေ။

လူရွယ်၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြင့် ဖွာဆန်ကြဲနေသော ဆံပင်ရှည်များ စသည်တို့သည် သူမ၏စိတ်ကို အကောင်းဘက်သို့ တွန်းပို့နေသကဲ့သို့ ဖြစ်နေသည်။

လူရွယ်၏အပြုအမူသည် ကြမ်းတမ်းသော်လည်း ရက်စက်သည်ဟု မဆိုသာချေ။

တုချင်းလှျံသည် ထိုကဲ့သို့ပင် ခံယူထားသည်။

မနေ့ညက သူမသည် တစ်ညလုံး အတွေးပေါင်းစုံဖြင့် အိပ်ရာထက်တွင် လူးလိမ့်ခဲ့သည်။

သူမသည် အကြောင်းအရာ တော်တော်များများ တွေးတောခဲ့သည်။

ယနေ့…

သူမသည် အလိုလိုပင် လူရွယ်ရှိသော နေရာသို့ တစ်ခေါက်ပြန်လာခဲ့သည်။

သို့သော်…

www.burmeseclassic.com

www.burmeseclassic.com



လူချင်း တွေ့မိလျှင် မျက်နှာမထားတတ်အောင် ဖြစ်လာမည်စိုး၍ လူရွယ်၏တဲအိမ်နှင့် ခပ်လှမ်းလှမ်းနေရာတွင် ပုန်းအောင်းခဲ့သည်။

လူရွယ်သည် သူမ၏မျက်စိရှေ့တွင်ပင် မနေ့က ထွက်ခွာသွားခဲ့သော လမ်းကြောင်းအတိုင်း မြင်းကို နှင်လျက် ထွက်ခွာသွားသည်။

ထိုအခါမှ ဘုရှင်းလျှံက သစ်ပင်အနားမှ ထွက်ခွာကာ တဲအိမ်ဆီသို့ ချဉ်းကပ်သွားသည်။

ထိုတဲအိမ်လေးသည် ယာယီဆောက်လုပ်ထားသော တဲအိမ်ဆီသို့ ချဉ်းကပ်သွားသည်။

ထိုတဲအိမ်လေးသည် ယာယီဆောက်လုပ်ထားသော တဲအိမ်လေး ဖြစ်သော်လည်း ယာယီဟူသော စကားလုံးနှင့် လိုက်လျောညီထွေမှု မရှိတော့ပေ။

အဘယ်ကြောင့်ဆိုသော်...

လူရွယ်သည် ယင်းတဲအိမ်ထဲတွင် နေထိုင်လာခဲ့သည်မှာ တစ်နှစ်တင်းတင်းပင် ပြည့်တော့မည် ဖြစ်သောကြောင့်ပင် ဖြစ်သည်။

တဲအိမ်တံခါးမှာ ဟင်းလင်းပွင့်နေသည်။

ဘုရှင်းလျှံသည် အနည်းငယ် တွံ့ဆိုင်းပြီး အထဲသို့ လှမ်းကြည့်လိုက်သည်။



ထိုအိမ်လေးထဲတွင် ခင်းကျင်းထားပုံမှာ ရှင်းရှင်းလင်းလင်း ရှိသည်။

ဖျဉ်ချုပ်ခင်းထားသော ခုတင်ပေါ်တွင် ကျားသစ်ရေဖြင့် ပြုလုပ်ထားသော အိပ်ရာခင်းတစ်ခု ခင်းထားသည်။

ထိုခုတင်၏ဘေးတွင် ဖြစ်ကတတ်ဆန်း ပြုလုပ်ထားသော စားပွဲတစ်လုံးရှိသည်။

ထိုစားပွဲပေါ်တွင် ပစ္စည်းပစ္စယများဖြင့် ရှုပ်ပွနေသည်။

ဘုရှင်းလျှံ၏ရင်သည် တလုပ်လုပ် ခုန်လာသည်။

သူမသည် သူတစ်ပါး၏ပစ္စည်းကို ခိုးကြည့်တတ်သော အကျင့်မရှိပေ။

သို့သော်...

ယခု သူမ ခိုးကြည့်တတ်နေပေပြီ။

သူမ၏စိတ်ထဲတွင် အတော်ပင် ထူးဆန်းနေသည်။

ထိုဆန္ဒသည် သူမ၏ရင်ကို တဒိတ်ဒိတ် ခုန်လာစေသည်။

သူမ၏ကြည်လင်တောက်ပသော မျက်လုံးအစုံသည် နေရာအနှံ့သို့ ဝေ့ဝဲကြည့်နေသည်။

ခုတင်ပေါ်တွင် ဝါးဖြင့် ယက်လုပ်ထားသော ခေါင်းအုံးရှည်တစ်ခု ရှိလေသည်။

ထိုခေါင်းအုံး၏အနားတွင် ဆိတ်သားရေဖုံးထားသော စာအုပ်ငယ်တစ်အုပ် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင်...

စာအုပ်အား အနီရောင်ပိုးကြိုးတစ်စဖြင့် ချည်နှောင်ထားသေးသည်။

တုချင်းလျှံသည် ဖွင့်နေသော ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

သို့သော်...

လူရွယ်၏အရိပ်အယောင်ကိုပင် မတွေ့ရပါချေ။

ထို့ကြောင့် သူမသည် အလိုလိုပင် သတိရှိလာ၏။

တုချင်းလျှံသည် စောစောကလို ပူ့တွန့်တွန့် ဖြစ်မနေတော့ပါချေ။

သူမသည် ချည်ထားသော ပိုးကြိုးစကို ဖြေ၍ စာအုပ်ကို ဖွင့်ကြည့်လိုက်ရာ ပုံတူပန်းချီစာရွက်များ ဖြစ်ကြောင်း သိရှိလိုက်သည်။

ပုံတူပန်းချီစာရွက်မှာ စုစုပေါင်း ငါးရွက်ရှိသည်။

ပထမပုံတူစာရွက်ပေါ်တွင် အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားသော လူတစ်ယောက်၏ပုံ ဖြစ်၏။

ထိုလူ၏ရုပ်ရည်သည် သန့်ပြန့်ပြီး သူ့လက်ထဲတွင် ဓားရှည်တစ်လက် ကိုင်ထားသည်။

သူ၏ပခုံးပေါ်တွင် အနက်ရောင်နှင်းကာဝတ်ရုံတစ်ထည် လွှမ်းခြုံထားသည်။



ထိုသူ၏သွင်ပြင်မှာ ခန့်ခန့်ညားညား ရှိသည်။

ဒုတိယပုံတူပေါ်တွင် လူလှလှကြီးတစ်ယောက်၏ပုံကို ရေးဆွဲထားလေသည်။

ထိုသူ၏မျက်လုံးအစုံသည် ပြူးကျယ်နေ၏။

ထိုသူ၏ညာဘက်လက်တွင် ဘူးသီးခန့်ရှိသော ချိန်းကြိုးတပ်ဆင်ထားသော သံလုံးတစ်လုံး ကိုင်ထားသည်။

သူသည် ယင်းပုံကို ကြည့်ရုံဖြင့် ရင်ထိတ်ဖွယ်ကောင်းနေသည်။

တတိယပုံတွင် အစိမ်းရောင်ဝတ်ဆင်ထားသော လူတစ်ယောက်ပုံကို ရေးဆွဲထားသည်။

ထိုသူ၏မျက်နှာမှာ အေးစက်စက်ထန်နေသယောင် ရှိ၏။

သူ၏လက်ထဲတွင် ဓားရှည်တစ်လက် ကိုင်ထားလေသည်။

သူသည် ဓားကို ရိုးရိုးတန်းတန်း ကိုင်ထားခြင်း မဟုတ်ဘဲ ဓားရိုးတစ်ခုကို နုတ်မည့်ဟန်မျိုး ဆောင်ထားသည်။

ထိုလူကို မြင်ရုံဖြင့် ဓားရေးအထူးကျွမ်းကျင်သူ ဖြစ်ကြောင်း သိသာသည်။

စတုတ္ထပုံမှာ အဖြူရောင်အကျႌရှည်ဝတ်ဆင်ထားသော လူတစ်ယောက်၏ပုံကို ရေးဆွဲထားသည်။

သူ၏မျက်နှာသည် သွယ်လျပြီး ရုပ်ရည်သန့်ပြန့်လေသည်။

သူ၏အသက်မှာ လေးဆယ်ကျော်ခန့် ရှိသည်ဟု ခန့်မှန်းရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ၏ရှေ့သို့ ဆန့်တန်းထားသော လက်တစ်ဖက်တွင်
မားသော စွန်ရဲတစ်ကောင် ရှိသည်။

စွန်ရဲကြီးသည် ထပျံမည့်ဟန် ဖြစ်နေသော်လည်း ထို
ချုပ်ကိုင်မှုအောက်တွင် ရှိနေ၍ ပျံခွင့်မရသည့် ပုံစံမျိုး ဖြစ်နေ

တုချင်းလျှံသည် ထိုပုံတူကို ကြည့်ရင်း ရင်ထဲ၌ တလှပ်
ဖြစ်လာသည်။

အကယ်၍သာ ဤပုံသည် သိုင်းပညာကို ဖော်ကျူး
ဖြစ်နေပါက အဖြူရောင်ဝတ်စုံရှင်၏သိုင်းဖွမ်းရည်မှာ အံ့ဖွယ်
မည်မှာ ကေန်မလွဲပေ။

တုချင်းလျှံသည် သူမ၏ဖခင်ထံမှ နေရာအနှံ့ ပိုက်
သိုင်းပညာကို သင်ယူခဲ့သည်။

သို့သော်...

ယခုတိုင် ကျွမ်းကျင်မှု မရှိသေးချေ။

သူမအနေဖြင့် သေးငယ်သော စာကလေးတစ်ကော
သာ ကိုင်စယ်နိုင်ခဲ့သည်။

ပုံတူထဲမှ အဖြူရောင်ဝတ်စုံရှင်မှာမူ စွန်ရဲကြီးကို ငါ
သည်။

သူမသည် ပဋ္ဌမစာရွက်ကို လှန်လိုက်ပြန်သည်။

ထိုပုံတူစာရွက်သည် နောက်ဆုံးစာရွက် ဖြစ်သည်။

ပုံထဲတွင် အိုမင်းရင့်ရော်သော အဘိုးအိုတစ်ယော



ထားသည်။

အဘိုးအို၏လက်ဆယ်ချောင်းစလုံးတွင် အလွန်ရှည်သော
ကသည်းများရှိသည်။

ထိုအဘိုးအို၏လက်နှစ်ဖက်သည် တစ်စုံတစ်ခုကို ထိန်း
သိမ်းထားဟန်ဖြင့် ရှေ့သို့ ခပ်ကားကား ဆန့်တန်းထားသည်။

သူ၏ခြေထောက်နှစ်ချောင်းသည် မြေကြီးနှင့် တစ်ပေခန့်
ကွာနေသည်။

တုချင်းလျှံသည် ပုံတူစာရွက်ကို အပြန်ပြန်အလှန်လှန်
ကြည့်ရှုနေသည်။

သို့သော်...

သူမသည် ပုံတူစာရွက်ထဲမှ လူငါးယောက်၏ဇစ်မြစ်ကို
သည်သို့မျှ စဉ်းစား၍ မရပေ။

ထိုပုဂ္ဂိုလ်ငါးယောက်စလုံး၏ ဟန်ပန်သည် သိုင်းပညာတစ်
မျိုးစီကို ဖော်ကျူးပြနေသကဲ့သို့ ရှိပေသည်။

သို့သော်...

ယင်းပုံတူများထဲမှ လူငါးယောက်၏ဟန်ပန်သည် အသက်
ဝင်လာသည်။

လက်ရာမြောက်လှသော ပန်းချီကားချပ်ဟု မှတ်ချက်ချနိုင်
လေသည်။

တုချင်းလျှံသည် ပုံတူစာအုပ်ကို ပြန်ပိတ်ပြီး နေသားတကျ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ထားလိုက်သည်။

တဲအိမ်တွင် သစ်ဥများ၊ မှိုခြောက်များ၊ ဝါးပိုးမှုန့်များ စုပြီ ထားသည်။

ချက်ငယ်တစ်ခုတွင် ဆားများ ရှိနေသည်။

ချက်ပြုတ်ရာတွင် သုံးစွဲသော အသုံးအဆောင်ပစ္စည်းများ စုံစုံလင်လင် ရှိသည်။

သို့သော်...

ပစ္စည်းအားလုံးကို ပစ္စလက်ခတ် ပစ်ထားခြင်း ဖြစ်၍ ရှုပ် နေသည်။

နံတင်ခြေရင်းတွင် ဘောလုံးတစ်လုံးကဲ့သို့ လုံးဝန်းချော နေသော ကျောက်တုံးတစ်တုံးရှိသည်။

တချင်းလျှံသည် ထိုကျောက်တုံးကို မကြည့်လိုက်ရာ အ လွန်လေးလံကြောင်း သိရှိလိုက်သည်။

ထိုကျောက်တုံးသည် သိုင်းပညာလေ့ကျင့်ရာတွင် သုံး သော ပစ္စည်းတစ်မျိုး ဖြစ်လိမ့်မည်ဟု တွေးမိသည်။

ထိုပစ္စည်းများအပြင် အဝတ်အစား သုံးလေးစုံ ရှိလေသည်။

ယင်းအဝတ်အစားများမှာလည်း ပစ္စလက်ခတ်ဖြင့် ပစ်ထား ၍ ရှုပ်ပွနေသည်။

တချင်းလျှံသည် မနေသာတော့ချေ။

သူမသည် ရှုပ်ပွနေသော ပစ္စည်းများကို နေသားတကျ ဖြစ်



အောင် ပြုပြင်ပေးလိုက်သည်။

ယင်းသို့ ပြုပြင်ပေးရာတွင် တစ်နာရီနီးပါးခန့် အချိန်ကုန် သွားသည်။

တချင်းလျှံသည် ညစ်ပေနေသော လူရွယ်၏အကျီများကို လျှော်ဖွပ်ပေးချင်သော်လည်း လူရွယ် ပြန်လာသောအခါ ပက်ပင်း တိုးမိပါက မျက်နှာမထားတတ်အောင် ဖြစ်နေမည်စိုး၍ လျှော်ပေးရ ကောင်းနိုးနိုးဖြင့် ချီတုံချတုံ ဖြစ်နေသည်။

ထိုစဉ်မှာပင်...

ခပ်လှမ်းလှမ်းဆီမှ မြင်းခွာသံကို ကြားလိုက်ရလေသည်။

တချင်းလျှံသည် ပြတင်းပေါက်ရှေ့သို့ ကပ်သွားပြီး အပြင် သို့ လှမ်းကြည့်လိုက်ရာ မြင်းဖြင့် ပြန်လာသော လူရွယ်ကို တွေ့လိုက် ရလေသည်။

လူရွယ်သည် တဲအိမ်နှင့် အတော်ပင် နီးကပ်နေပြီ ဖြစ် သည်။

အကယ်၍ သူမသာ တဲအိမ်အပြင်ဘက် ထွက်ပြေးပါက လူရွယ်နှင့် ပက်ပင်းတိုးမိမည် ဖြစ်သည်။

သူမသည် မနေ့ကစပြီး လူရွယ်အား အလိုလို လန့်နေ သည်။

သူမသည် လူရွယ်နှင့် ပက်ပင်းတိုးမည့် အရေးကို ရှောင်ရှား ရ ဖြစ်မည်ဟု ဆုံးဖြတ်ထားသည်။

www.burmeseclassic.com



တဲအိမ်ထောင့်တစ်ထောင့်တွင် လူတစ်ရပ်စာခန့် မြင့်သော ထင်းခြောက်များ စုပုံထားသည်ကို တွေ့ရသည်။

တုချင်းလျှံသည် စဉ်းစားခြင်း မပြုတော့ဘဲ ထင်းပုံ၏ အနောက်ဘက်သို့ ဝင်ရောက်ပုန်းခိုလိုက်လေသည်။

ထင်းပုံနှင့် အိမ်နံရံတွင် လူတစ်ကိုယ်စာ ကပ်နိုင်သော နေရာလွတ်ရှိနေ၍ သူမအတွက် ကံကောင်းသည်ဟု ဆိုရပေမည်။

ထင်းပုံနောက်တွင် ဝင်ရောက်ပုန်းခိုမိချိန်တွင်ပင် လူရွ... သည် တဲအိမ်ရှေ့သို့ ရောက်ရှိလာလေသည်။

တုချင်းလျှံသည် ထင်းပုံကြားမှ အပြင်သို့ ချောင်းမြောင်း ကြည့်လိုက်သည်။

သူမသည် မမျှော်လင့်သော မြင်ကွင်းကြောင့် လိပ်ပြာ... မတတ် ထိတ်လန့်တုန်လှုပ်သွားလေသည်။

လူရွှယ်၏ဆံပင်ရှည်များသည် ဖရိုဖရဲ ဖြစ်နေပြီး သူ၏မျက်နှာမှာလည်း ယခင်ကထက် ပို၍ ဖြူဖပ်ဖြူရော်ဖြင့် သွေးရော... မရှိသကဲ့သို့ ဖြစ်လေသည်။

လူရွှယ်သည် အိမ်သို့ ရောက်လာသည်နှင့် သူ၏လက်... တော်စားအားစိုက်လျက် တန်းလန်းဖြင့် တဆတ်ဆတ် တုန်ခါ... သည်။

လူရွှယ်၏မျက်လုံးအစုံသည် ဓားကို အတန်ကြာ စူးစိုက် ကြည့်နေသည်။



သူ၏မျက်နှာတစ်ခုလုံးမှာ တင်းမာခက်ထန်နေသည်။

လူရွှယ်သည် ပြင်းထန်သော လှုပ်ရှားမှုတစ်ခုခု ပြုလုပ်ဖြစ်ခဲ့ပုံရကြောင်း သူ၏အသွင်ကို ကြည့်ရုံဖြင့် သိသာနိုင်ပေသည်။

သူ၏အဝတ်အစားများသည်လည်း ဖရိုဖရဲ ဖြစ်နေလေသည်။

သူ၏ပုံဟန်မှာ မကြာခင်ကမှ တစ်စုံတစ်ယောက်နှင့် သူ...သေကိုယ်သေ တိုက်ခိုက်ခဲ့ပုံမျိုး ဖြစ်လေသည်။

သွေးစွန်းနေသော အဝတ်အစားများက ထိုအချက်ကို အခိုင်အမာပင် သက်သေထူနေပေသည်။

လူရွှယ်သည် ထော့နင်းထော့နင်းဖြင့် တဲအိမ်ထဲသို့ တစ်...ချင်း လှမ်းဝင်လာသည်။

သူ၏ညာဘက် ခြေထောက်တွင် သွေးများ ပေကျံနေသည်ကို တုချင်းလျှံ တွေ့မြင်လိုက်ရသည်။

လူရွှယ်သည် ခြေထောက်တွင် ဒဏ်ရာရလာသည်မှာ ထင်...နေသည်။

တုချင်းလျှံသည် ကြောက်လန့်လွန်းသဖြင့် အသက်ပင် ပြင်း...မရှူဝံ့ပေ။

လူရွှယ်သည် ခုတင်ပေါ်သို့ ထိုင်ချလိုက်ပြီး ဒဏ်ရာရထားသော ခြေထောက်တစ်ဖက်ကို ထောင်ထားလိုက်သည်။

ထိုအခါမှ တုချင်းလျှံသည် လူရွှယ်၏ဒဏ်ရာကို သေချာစွာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်လိုက်ရသည်။

လှရွှယ်၏ဒဏ်ရာသည် မသေးလှပါချေ။

မားဒဏ်ရာသည် ငါးလက်မခန့် ရှည်ပြီး တစ်လက်... နက်ရှိုင်းသည်။

ဒဏ်ရာမှ ထွက်သော သွေးများကြောင့် ခြေထောက်... ချောင်းလုံး သွေးချင်းချင်း နီရဲနေသည်။

လှရွှယ်သည် ခေါင်းအုံးအောက်တွင် သိမ်းဆည်းထား... သေတ္တာငယ်လေးအား ဆွဲယူပြီး သွေးတိတ်ဆေးကို ယူထုတ်... ရှိသည်။

ထို့နောက်...

သူသည် သွေးဆေးမှုန့်များအား ဒဏ်ရာပေါ်သို့ ဖြ... လိုက်ပြီး ဒဏ်ရာကို စည်းရန် အဝတ်စကို ရှာဖွေလေသည်။

ထိုအခါမှ လှရွှယ်သည် သူ၏တဲအိမ်ထဲတွင် တစ်စုံတ... ပြောင်းလဲနေသည်ကို ရိပ်စားမိသွားပုံရသည်။

သူသည် မျက်မှောင်ကြုတ်သွားသည်။

အကြောင်းမှာ ပြုပြင်ထားသော ပစ္စည်းများမှာ ယခင်... ကဲ့သို့ ရှုပ်ပွမနေတော့ဘဲ သန့်ရှင်းသပ်ရပ်နေသောကြောင့် ... သည်။

လှရွှယ်သည် အံ့သြလွန်းသောကြောင့် ဒဏ်ရာကိုပင် ... မစိုက်နိုင်တော့ဘဲ မတ်တတ်ထရပ်လိုက်လေသည်။



ထို့နောက်...

သူသည် တဲအိမ်လေးအနှံ့ မျက်လုံးတစ်ချက် ဝေ့ကြည့်... ိုက်သည်။

လှရွှယ်၏ စူးရှတောက်ပသော မျက်လုံးအစုံသည် ထင်းပုံ... ါသို့ ရောက်လာသည်။

သူသည် မျက်လုံးအစုံကို ထိုနေရာမှ မခွာတော့ဘဲ စူးစိုက်... ကြည့်နေလေသည်။

လှရွှယ်၏စူးရှသော အကြည့်ကြောင့် ထင်းပုံနောက်ကွယ်... ၌ ပုန်းကွယ်နေသော တုချင်းလျှိုမှာ ရင်တမမ ဖြစ်နေသည်။

လှရွှယ်သည် ထင်းပုံကို ကြည့်ရင်း ခပ်ယဲ့ယဲ့ ပြုံးလိုက်... သည်။

ထို့နောက်...

သူသည် ခုတင်ပေါ်သို့ ပြန်လည်ထိုင်ချလိုက်ပြီး...

"မင်းကို။ ဘယ်သူလာခိုင်းလို့လဲ"

ဟု ထင်းပုံကို ကြည့်ရင်း မေးလိုက်သည်။

တုချင်းလျှိုသည် တုံ့ပြန်ခပြောဆိုခြင်း မပြုဘဲ ထင်းပုံ နောက်... ွယ်တွင်ပင် ဆက်လက် ပုန်းခိုနေလေသည်။

လှရွှယ်သည် စိတ်ရှည်ပုံ မပေါ်တော့ချေ။

သူသည် လက်တစ်ဖက်ဖြင့် ထင်းပုံအား တွန်းထိုးလိုက်... သည်။ ထိုအခါ ထင်းချောင်းများသည် တဝုန်းဝုန်းဖြင့် ပြိုဆင်းကျ

www.burmeseclassic.com

www.burmeseclassic.com



လာလေတော့သည်။

ထင်းပုံ၏နောက်ကွယ်တွင် ရှိသော တုချင်းလျှံသည် ထိ... လန့်တကြားဖြင့် အပြင်သို့ ခုန်ထွက်လိုက်သည်။

ထိုသို့ ခုန်ထွက်လိုက်သဖြင့် တုချင်းလျှံ၏ခန္ဓာကိုယ်သည် လူရွှယ်၏ရှေ့မှောက်သို့ ရောက်မှန်းမသိ ရောက်ရှိသွားလေသည်။

မျက်လုံးချင်း ဆုံမိသော တဒင်္ဂအချိန်အတွင်းမှာပင် တု... ချင်းလျှံသည် ကြက်သေသေကာ တွေတွေကြီး ရပ်နေမိလေသည်။

"မင်းပဲဆိုတာ ကျုပ်အစောကြီးကတည်းက ရိပ်မိလို... တယ်၊ ဘာလာလုပ်တာလဲ"

လူရွှယ်သည် မျက်နှာထားတင်းတင်းဖြင့် ခပ်ဆတ်ဆ... မေးလိုက်သည်။

တုချင်းလျှံသည် အဖြေမပေးဘဲ လူရွှယ်အား ဂရုမ... သည့်ဟန်မျိုးဖြင့် မျက်နှာထားကို တင်းထားလိုက်လေသည်။

"ပြောစမ်း"

လူရွှယ်သည် စိတ်မရှည်နိုင်တော့ဘဲ ငေါက်ငမ်းလိုက်... သည်။

တုချင်းလျှံသည် ပခုံးတစ်ချက် တွန့်လိုက်ပြီး...

"ဘာမှ ပြောစရာမရှိဘူး၊ ကျွန်မက အပျင်းပြေ ... လျှောက်ထွက်ရင်း ရှင့်အိမ်ကို မြင်တာနဲ့ ဝင်ကြည့်တာ ပစ္စည်း... ရှုပ်ပွနေတာကို မြင်လို့ ကြုံတုန်းကြုံခိုက် ရှင်းပေးတာ"



တုချင်းလျှံသည် အေးစက်သော လေသံဖြင့် ပြန်ပြောလိုက်သည်။

လူရွှယ်၏မျက်နှာမှာ စိတ်လှုပ်ရှားမှုကြောင့် တစ်ချက်တွန့်သွားသည်။

သို့သော်...

သူသည် ချက်ချင်းပင် ဣန္ဒြေပြန်ဆည်လိုက်သည်။

တုချင်းလျှံသည် မိမိကိုယ်ကို ရဲဆေးတင်ကာ ရှေ့သို့အနည်းငယ် တိုးလိုက်လေသည်။

ထို့နောက် သူမသည် လူငယ်နားတွင် ဒူးထောက်ထိုင်ချလိုက်ပြီး...

"ဒဏ်ရာတော်တော် ပြင်းတယ် ထင်တယ်၊ သည်အတိုင်းထားလို့ ဘယ်ဖြစ်မလဲ"

တုချင်းလျှံသည် ပြောပြောဆိုဆိုဖြင့် လူရွှယ်၏ဒဏ်ရာရထားသော ခြေထောက်ကို လက်ဖြင့် ဖမ်းဆုပ်ကိုင်လိုက်သည်။

လူရွှယ်သည် နောက်သို့ ဆုတ်လိုက်ပြီး...

"လွှတ်စမ်း"

ဟု အော်ဟစ်လိုက်သည်။

တုချင်းလျှံသည် လူရွှယ်ကို မော့ကြည့်လိုက်ပြီး...

"ကျွန်မက ရှင့်ကို စေတနာနဲ့ ကြည့်ပေးမလို့ပါ"

လူရွှယ်သည် ဘာမျှ ပြန်မပြောတော့ဘဲ တုချင်းလျှံအား

www.burmeseclassic.com

www.burmeseclassic.com



ခြေဆုံးခေါင်းဆုံး အကဲခတ်နေသည်။

တချင်းလျှံသည် သူမ၏အကျီအိတ်ထဲမှ ကြွေဘူးတစ်ဘူး ထုတ်ယူလိုက်သည်။

ထို့နောက်...

သူမသည် ဒဏ်ရာကို သေသေချာချာ ကြည့်လိုက်ပြီး—

"ဒဏ်ရာက မသေးပါလား၊ ဓားခုတ်ခံထားရတာ ထင် တယ်၊ ခဏနေဦး"

သူမသည် ယင်းသို့ ပြောပြီးသည်နှင့် အပြင်သို့ လှည့်ထွက် သွားသည်။

မကြာပါချေ။

တချင်းလျှံသည် အိမ်ထဲသို့ ပြန်ဝင်လာလေသည်။

ထိုအခါ သူမ၏လက်ထဲတွင် ဖြူဆွတ်သော နှင်းခဲများ ထ မွေ့ကြီး ပါလာသည်။

တချင်းလျှံသည် နှင်းခဲများကို ဒဏ်ရာနေရာတွင် ပုံထား ကာ အထက်အောက် ပွတ်သပ်ပေးလိုက်လေသည်။

နှင်းခဲများသည် အရည်ပျော်သွားရာမှ သွေးများနှင့်အတူ မြေပြင်ပေါ်သို့ စီးကျလာလေသည်။

ထိုအခါ လူရွယ်၏ခြေထောက်သည် အနည်းငယ် တုန် သွားသည်။

သူသည် ဒဏ်ရာကို ငုံ့ကြည့်လိုက်သောအခါ သွေးတိတ်



ပြီ ဖြစ်ကြောင်း သိရှိလိုက်သည်။

ထို့နောက်...

သူမသည် ကြွေဘူးအဖုံးကို ဖွင့်ကာ ဆေးမှုန့်တစ်ဝက်ခန့် သွန်ထုတ်လိုက်ပြီး ဒဏ်ရာအား လိမ်းကျံပေးလိုက်လေသည်။

"ရှင် မနာဘူးလား"

တချင်းလျှံသည် ညင်သာစွာ မေးလိုက်သည်။

သူမ၏စကားကြောင့် လူရွယ်၏မျက်နှာသည် အလိုမကျ သံများ ပေါ်လွင်သွားလေသည်။

သို့သော်...

သူသည် ဝတ္ထုရားအရ ခေါင်းကို ခါယမ်းလိုက်သည်။

တချင်းလျှံသည် ထိုင်ရာမှထကာ သူမ၏ခါးတွင် ချည်နှောင် ထားသော အဖြူရောင်ပိုးပဝါကို ဖြည်လိုက်ပြီး လူရွယ်၏ဒဏ်ရာကို ရှတာစိုက် စည်းပေးလိုက်သည်။

လူရွယ်၏မျက်လုံးအစုံသည် တချင်းလျှံအား စူးရှစွာ စိုက် ကြည့်နေသည်။

တချင်းလျှံသည် မတ်တတ်ထရပ်လိုက်ပြီး...

"သက်သာရဲ့လား"

ဟု မေးလိုက်သည်။

လူရွယ်က ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလိုက်ပြီး...

"သက်သာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



တုချင်းလျှံသည် ပြုံးပြလိုက်ပြီး...

"ကျွန်မက ရှင့်အိမ်ကို ရှင်းပေးတယ်၊ ဒဏ်ရာကိုလဲ ပြု
ပေးတယ်၊ ဒါတောင် ကျေးဇူးတင်စကားပြောဖို့ ဝန်လေးနေသလား"

လူရွယ်သည် မချိပြုံးပြုံးလျက် ခေါင်းကို ခါယမ်းလိုက်
သည်။

သူ၏ဟန်အမူအရာမှာ စကားမပြောလိုသော အဓိပ္ပါယ်
ဖြစ်သည်။

တုချင်းလျှံသည် မျက်မှောင်ကြုတ်သွားသည်။

"ရှင်က ဘယ်သူလဲ"

လူရွယ်သည် အဖြေမပေးဘဲ အံကို တင်းတင်းကြိတ်ထား
သည်။

တုချင်းလျှံသည် ပြုံးလိုက်ပြီး...

"ကောင်းပြီ၊ ရှင် မပြောချင်ဘူးဆိုရင်လဲ ကျွန်မ အတင်း
အဓမ္မ မပြောခိုင်းပါဘူး၊ ဒါနဲ့ ရှင်လူတစ်ယောက်ကို သတ်ခဲ့တာ
မဟုတ်လား"

လူရွယ်သည် ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက်...

လူရွယ်သည် ထိုင်နေရာမှ ဖြည်းညင်းစွာထကာ အိမ်အပြ
ဘက်သို့ လှမ်းထွက်သွားသည်။

တုချင်းလျှံသည် လူရွယ်၏အမူအရာကြောင့် ကြောင်အ



အမ်း ဖြစ်သွားသည်။

အတန်ကြာမှ သူမသည် သတိဝင်လာဟန်ဖြင့် လူရွယ်
နောက်သို့ လိုက်သွားသည်။

လူရွယ်သည် အိမ်နှင့် ခပ်လှမ်းလှမ်းရှိ ကုန်းမို့မို့လေးဆီသို့
လျှောက်လှမ်းသွားလေသည်။

ထိုကုန်းမို့လေးပေါ်တွင် ချယ်ရီပင်တစ်ပင်ရှိသည်။

ချယ်ရီပင် ခြေရင်း၌ သစ်လွင်သော မြေပုံလေး နှစ်ခု ရှိနေ
သည်။

တုချင်းလျှံသည် မြေပုံနှစ်ခုကို ကြည့်၍ မျက်မှောင်ကြုတ်
သွားသည်။

"ဒါကျုပ်လက်ချက်နဲ့ သေသွားတဲ့ ရာဇဝတ်ကောင်တွေ
ပဲ"

သူ၏စကားကြောင့် တုချင်းလျှံ ရင်ထိတ်သွား၏။

လူရွယ်သည် မည်သည့်အရာကို သဘောကျသည် မသိ။
ကောက်ကာငင်ကာ ရယ်မောလိုက်သည်။

သို့သော်...

သူ၏ရယ်မောသံသည် ရယ်မောသံနှင့် မတူဘဲ နာကြည်း
ကြေကွဲလွန်း၍ ငိုရှိုက်လိုက်သော ရှိုက်သံတစ်သံနှင့်ပင် တူနေလေ
သည်။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com



## သွေးကြွေး

လူစွယ်သည် မိုးမလင်းမီကပင် အိပ်ရာမှထသည်။

ထို့နောက်...

သူသည် တဲအိမ်လေး၏ရှေ့ နှင်းပြင်ပေါ်တွင် ခေါက်
ခေါက်ပြန် လမ်းလျှောက်နေခဲ့လေသည်။

အကြောင်းမှာ သူသည် အနည်းငယ်ပုံပျက်နေသော
တစ်ဖက်ကို ပုံမှန်အတိုင်း ဖြစ်လာအောင် လေ့ကျင့်နေခြင်းသာ
သည်။

သူ၏မျက်နှာပေါ်တွင် စိုးရိမ်ကြောင့်ကျသော အသွင်
ဆောင်နေလေသည်။

အဘယ်ကြောင့်ဆိုသော် သူသည် မကြာမီတွင် တ
မြောက် ရန်သူကို ရင်ဆိုင်ရတော့မည် ဖြစ်သည်။



သူသည် နှစ်ရက်ဆက်တိုက် လူနှစ်ယောက်ကို သတ်ဖြတ်ခဲ့
လေသည်။

သေသူနှစ်ယောက်မှာ ဝံပုလွေကျင်းဖုံးနှင့် မျက်နှာဖုံးကျွေ့
တို့ပင် ဖြစ်လေသည်။

ထိုလူနှစ်ယောက်သည် သိုင်းလောက၏နာမည်ကြီး ဓားပြ
များ ဖြစ်ကြသည်။

သိုင်းလောကတွင် လှုပ်ရှားလာခဲ့သူ မှန်ပါက နဂါးတောင်
မှ ဓားပြကြီးငါးယောက် အကြောင်းကို သိရှိထားမည်မှာ မလွဲ
ကန်ပင် ဖြစ်သည်။

ထိုဓားပြကြီးငါးယောက်အား နဂါးငါးဖော်ဟု လူအများက
ခေါ်ကြလေသည်။

အချိန်ကာလမှာ နှစ်ပေါင်းဆယ့်ငါးနှစ်ပင် ကြာညောင်းခဲ့
ပြီ။

သို့သော်...

နဂါးငါးဖော်တို့၏ လက်ချက်ဖြင့် သေဆုံးသွားသူတို့ ကျန်
ခဲ့သော မိသားစုအတွက်သော်လည်းကောင်း၊ သွေးကြွေးအတွက်
သော်လည်းကောင်း အသိသည် သံမှိုဖြင့် ရိုက်ထားသကဲ့သို့ အသည်း
ထဲတွင် စွဲထင်နေသည်မှာ အမှန်ပင် ဖြစ်သည်။

အတိတ်မှ ဖြစ်ရပ်ဆိုးကို တွေးမိသည့်အခါတိုင်း သွေးများ
လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်သက်တာ မေ့ပျောက်၍ မရအောင် နာကြည်းခဲ့ရ သည်။ သိုင်းလောကတွင် လူဆိုးဓားပြများ အလွန်ပေါများပြီး ရက်စက်ကြမ်းကြုတ်မှုများလည်း ထူပြောလှပေသည်။

သို့သော်...

နဂါးငါးဖော်လောက် ရက်စက်ကြမ်းကြုတ်သော ဓားပြ များများစားစား ရှိမည် မဟုတ်ပေ။

နှစ်ကာလ ကြာညောင်းခဲ့လေပြီ ဖြစ်သည်။

ထို့အပြင်...

နဂါးငါးဖော်သည်လည်း ဓာတ်မြုပ်သွားကြပြီ ဖြစ်ပေ သည်။

သို့သော်...

၎င်းတို့ ကျူးလွန်ခဲ့သော ပြစ်မှုများ၊ ၎င်းတို့၏လက်ချက် စွန်းထင်းခဲ့သော သွေးများသည် နှစ်ကာလ မည်မျှကြာညောင်းသော် လည်း ဖျောက်ဖျက်၍ရမည် မဟုတ်ပါချေ။

စိတ်အားထက်သန်သူအတွက်ဆိုလျှင် အချိန်ကြာညောင်း လာလေလေ အာဃာတစိတ်များက ပို၍ကြီးထွားလာလေ ဖြစ် သည်။

ထို့အတူ...

တရားဥပဒေကလည်း လျစ်လျူရှုထားမည် မဟုတ်ပေ အချိန်ကာလ ကြာမြင့်ခြင်းသည် ရန်ကြွေးပေးဆပ်မည့်



...အား ပြင်ဆင်ရန် ဖန်တီးသကဲ့သို့ ဖြစ်နေလေသည်။

လူရွယ်သည် နှင်းမြေပေါ်တွင် သုံးလေးပတ် ပတ်လျှောက် ... ကျောက်တုံးတစ်တုံးပေါ် ထိုင်ချလိုက်သည်။

သူသည် တတိယမြောက် ရန်သူကို ယနေ့တွင် ရှင်းပစ်ရန် ...ဖြတ်ထားကြောင်း သူ၏မျက်နှာထားကို ကြည့်ခြင်းအားဖြင့် သိ ...နေလေသည်။

အိမ်ထဲ ပြန်ဝင်လာသောအခါ သူသည် အသင့်ပြင်ဆင်ထား ...သာ ဝိတ်စများဖြင့် ခြေလက်များရှိ အဆစ်များကို စည်းထားလိုက် ...သည်။

ယင်းသို့ ပြုလုပ်ခြင်းမှာ အချိန်ကြာမြင့်စွာ လဲလျောင်း ...ယူခဲ့သူအတွက် အရိုးအဆစ်များ ပုံမှန်အတိုင်း လှုပ်ရှားနိုင်စေ ... ညှိရွယ်ထားခြင်း ဖြစ်သည်။

အခေါင့်မြင့်သိုင်းပညာ တတ်ကျွမ်းထားသော ရန်သူနှင့် ရင် ...ရမည်ဖြစ်၍ သူ့အနေဖြင့် မလွဲမသွေ ကြိုတင်ပြင်ဆင်မှုများ ...ထားရမည်သာ ဖြစ်သည်။

ထို့အပြင်...

ရန်သူကို ရှင်းလင်းသုတ်သင်ရာတွင် နည်းပရိယာယ်သုံးနိုင် ...နက်ကာကျမည် မဟုတ်ပါလော။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဤနေရာတွင် ရန်သူနှစ်ယောက်ကို သုတ်သင်း
ပြီး ဖြစ်သည်။

ယခု...

သူသည် ဤနေရာတွင် တတိယရန်သူနှင့် ရင်ဆိုင်ရတော့
မည် ဖြစ်သည်။

သူသည် သူ၏ဓားဖြင့် မြေကျင်းတစ်ခုကို တူးဆွနေ
သည်။

လူတစ်ကိုယ်စာ လဲလျောင်းရန် မြေကျင်းတစ်ခု တူးဆွ
ခြင်း ဖြစ်သည်။

သူသည် မြေကျင်းတူးပြီးသည်နှင့် မြေကျင်းထဲသို့ ဝင်
ပက်လက်လှန်၍ လဲလျောင်းနေလိုက်သည်။

မကြာပါချေ။

နှင်းပွင့်များသည် သူ၏ခန္ဓာကိုယ်အား ဖုံးလွှမ်းသွား
သည်။

နောက်ဆုံးတွင်...

မြေကျင်းတစ်ခု ရှိနေသည်ကိုပင် အလွယ်တကူ သိမြင်နိုင်
တော့မည် မဟုတ်ပေ။

လူရွယ်သည် နှင်းခဲများ အောက်တွင် တိတ်ဆိတ်စွာ
လျောင်းလျက် ရန်သူ အလာကို စောင့်ဆိုင်းနေသည်။

နှင်းမိုးသည် အတန်ကြာသည်အထိ ဆက်လက်ရွာသွန်း



သည်။ နှင်းမိုးစဲသွားသောအခါ မြင်ကွင်းသည် ရှင်းရှင်းလင်းလင်း
ဖြစ်သွားသည်။

မျက်နှာချင်းဆိုင်ရှိ တောင်ကုန်းပေါ်တွင် တရုတ်ဆီးသီးပင်
များ အစီအရီ ပေါက်နေလေသည်။

ကောင်းကင်ပြင်ကြီးတစ်ခုလုံး ကြည်လင်နေသည်။

တစ်ခါတစ်လေ နှင်းခဲများ၊ နှင်းဖတ်များ၊ သစ်ပင်များပေါ်
မှ ပြုတ်ကျလာသည့် အသံကိုသာ ကြားရသည်။

အသံနှင့်အတူ နှင်းစိုင်နှင်းခဲများသည် ကွဲကြေကာ ဖောဘီ
သို့ လွင့်စဉ်သွားလေသည်။

အဝေးဆီမှ ပျံ့လွင့်လာသော ဆည်းလည်းသံသည် ကြည်
ကြည်လင်လင် ထွက်ပေါ်လာသည်။

အသံလာရာဆီသို့ မျှော်ကြည့်ပါက ထူးခြားသော မြင်ကွင်း
တစ်ခုကို မြင်တွေ့ရမည် ဖြစ်သည်။

ဆံဝင်စုတ်ဖွား၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ထိုးထိုး
ထောင်ထောင်နှင့် လူထွားကြီးတစ်ယောက် ဖြစ်လေသည်။

ထိုလူထွားကြီးသည် အုန်းခွံရောင်မြင်းကို စီးနင်းလာလေ
သည်။

သူ၏မြင်းသည် လူရွယ်ပုန်းကွယ်နေရာ မြေကျင်းနှင့် တစ်
ဆက်တစ်စ နီးကပ်လာသည်။

လူထွားကြီး၏ ဆံပင်နှင့် မုတ်ဆိတ်မွေးများသည် ထူထပ်

www.burmeseclassic.com

www.burmeseclassic.com



သန်စွမ်းစွာ ပေါက်နေလေသည်။

သူ၏ကျယ်ပြန့်သော ပခုံးကြွက်သားများသည် အမြော
လိုက်ထနေလေသည်။

သူ၏ခါးတွင်လည်း ဘူးသီးလုံးခန့်ရှိသော ချိန်းကြိုးတ
သံလုံးကြီးတစ်ခုကို ချိတ်ထားလေသည်။

အတိအကျဆိုရလျှင် အလွန်ကြမ်းတမ်းသော လူကြမ်းကြီး
တစ်ယောက်သာ ဖြစ်လေတော့သည်။

◆ ◆ ◆

ထိုမျှ သန်မာထွားကျိုင်းသော လူမျိုးသည် သိုင်းလော
တွင် အလွန်ရှားသည်ဟု ဆိုရမည် ဖြစ်သည်။

မြင်းသည် နှင်းပြင်ပေါ်တွင် တရိန်ထိုး ပြေးလွှားနေ
သည်။

ရုတ်တရက် တရိန်ထိုး ပြေးလွှားနေသော အုန်းခွံရောင်မြ
သည် ကြောက်လန့်တကြားဖြင့် ဟီလိုက်ခြင်း ဖြစ်သည်။

ဟီသံနှင့်အတူ မြင်း၏ရှေ့ခြေ နှစ်ချောင်းသည် လေထဲ
မြှောက်တက်သွားသည်။

ထိုအခါ...

လူထွားကြီး၏ကြီးမားသော ခန္ဓာကိုယ်သည်လည်း နောက်



သို့ လွင့်ထွက်သွားလေသည်။

ထိုစဉ်မှာပင် ပြောင်လက်သော ဓားသွားတစ်လက်သည်
မြင်း၏ဝမ်းဗိုက်မှနေ၍ ကျောကုန်းအထက်သို့ ထုတ်ချင်းခတ်သွား
သည်။

အုန်းခွံရောင်မြင်း ပတပ်ရပ်လိုက်သည့် အချိန်မှာပင် မြေ
ကျင်းထဲတွင် ပုန်းအောင်းနေသော လူရွယ်သည် ကျားတစ်ကောင်ကဲ့
သို့ ခုန်ထလာသည်။

လူထွားကြီးသည် ထိုသို့ ဖြစ်လာလိမ့်မည်ဟု လုံးဝမျှော်
လင့်ထားပုံ မရပါ။

သူသည် နောက်သို့ လွင့်ထွက်သွားသော အုန်းခွံရောင်မြင်း
နှင့်အတူ နှင်းမြေပေါ်သို့ လွင့်စဉ်ကျသွားသည်။

ထို့အပြင်...

မြင်းပေါ်တင်ဆောင်ထားသော အဖိုးတန်ပစ္စည်းများသည်
လည်း နှင်းမြေပေါ်သို့ လွင့်ကျပြန့်ကျဲသွားလေသည်။

ထိုပစ္စည်းများထဲတွင် ကျောက်သံပတ္တမြားနှင့် ပိုးဖဲကတ္တီပါ
များ ပါဝင်နေသည်။

လူထွားကြီးသည် ထိုသို့ ဖြစ်လာလိမ့်မည်ဟု လုံးဝမျှော်
လင့်ထားပုံ မရပါ။

သူသည် နောက်သို့ လွင့်ထွက်သွားသော အုန်းခွံရောင်မြင်း
နှင့်အတူ နှင်းမြေပေါ်သို့ လွင့်စဉ်ကျသွားသည်။

www.burmeseclassic.com



ထို့အပြင် သူ၏ခြေထောက်နှစ်ဖက်သည် နှင်းခဲအတွင်း တစ်ထောင်နီးပါး ကျွံဝင်သွားလေသည်။

သူ၏ထွားကျိုင်းသန်မာသော ခန္ဓာကိုယ်ကြီးသည် လဲ မသွားဘဲ နှင်းမြေပေါ်တွင် မတ်မတ်ကြီး ရပ်နေ၏။

လူရွယ်သည် မြေကျင်းထဲမှ ခုန်ထလိုက်သည်နှင့် လက် တွင် အသင့်ကိုင်ထားသော သက်ခြေဓားဖြင့် လူထွားကြီးအား ထံ ရောက်တိုက်ခိုက်လိုက်သည်။

သူ၏ဓားချက်သည် လျင်မြန်ပြီး အားမာန်ပြည့်လှ၏။

သူသည် လေထဲသို့ ခုန်ပျံရင်း လူထွားကြီးအား ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

လူထွားကြီးသည် လူရွယ်၏ဓားချက်ကို ရှောင်တိမ်းသည့် အနေဖြင့် ကိုယ်ကိုလှန်ကာ ဘေးသို့ ခုန်ထွက်သွားသည်။

တစ်ချိန်တည်းမှာပင်...

သူသည် ခါးတွင် ပတ်ထားသော ချိန်းကြိုးကို ဖြုတ် လိုက်သည်။

ယင်းချိန်းကြိုး၏ထိပ်နှစ်ဘက်တွင် ကြီးမားသော သံလုံး တစ်လုံးရှိသည်။

လူထွားကြီးသည် ချိန်းကြိုးကို ဝှေ့ယမ်းလိုက်ရာ လူရွယ် ခုတ်ချလိုက်သောဓားနှင့် ရိုက်ခတ်မိသွား၍...

"ချွမ်း"



ဟူသော သံမဏိခြင်း ရိုက်ခတ်သံနှင့်အတူ မီးပန်းများ ဖြာ ထွက်သွားသည်။

သူတို့နှစ်ယောက်သည် ဘဒင်အချိန်အတွင်း လူချင်းပြန်ခွာ လိုက်ကြသည်။

လူရွယ်မှာ ခေသူတစ်ယောက် မဟုတ်ပါချေ။

သူသည် မိမိ၏အားနည်းချက်ကို သိရှိထားသည်။

သူ၏အားနည်းချက်ဆိုသည်မှာ ကိုယ်စွမ်းရည် မဟုတ်ဘဲ ကိုင်ဆောင်ထားသော လက်နက်ပင် ဖြစ်သည်။

သူ၏ဓားရှည်သည် မည်မျှပင် ထက်မြက်စေကာမူ လေးလံ သသော သံလုံးကို ခံနိုင်မည် မဟုတ်ကြောင်း လူရွယ်က အတတ်သိ ထားသည်။

လူရွယ်သည် လူချင်းခွာလိုက်ပြီးနောက် လူထွားကြီးအား ဓားဖြင့် ဝင်ခုတ်ရန် ခုန်ပျံလိုက်သည်။

လူထွားကြီးသည် သူ၏လက်ထဲတွင် ကိုင်ဆောင်ထားသော ချိန်းကြိုးဖြင့် လူရွယ်၏ဓားချက်ကို ဆီး၍ ခုခံလိုက်သည်။

တစ်ချိန်တည်းမှာပင် သူသည် ညာခြေကို မြှောက်ကာ လူရွယ်အား လှမ်းကန်လိုက်သည်။

ချိန်းကြိုးသည် ဓားသွားကို ပတ်မိရာမှ ချွမ်ခနဲအသံ မြည် သွားသည်။

လူထွားကြီးသည် လူရွယ်၏ဓားကို လက်ထဲမှ လွတ်ကျစေ

www.burmeseclassic.com

www.burmeseclassic.com



ရန် နိုင်နင်းကြိုးကို တအားဆောင့်ဆွဲလိုက်လေသည်။

ထိုအခါ...

လူရွယ်၏ဓားသည် တစ်တောင်ခန့် အမြင့်သို့ ကန်ထွက်သွားလေသည်။

သို့သော် ဓားသည် သူ၏လက်ထဲမှ လွတ်ကျမသွားပါ။

လူရွယ်၏ခန္ဓာကိုယ်သည် တစ်ချိန်တည်းမှာပင် လေထဲသို့ ခုန်တက်လိုက်သည်။

ထို့ကြောင့် လူထွားကြီး၏ညာခြေမှာ လေထဲသို့ ချော်ထွက်သွားလေသည်။

လူရွယ်သည် ဓားကို မြဲမြံစွာ ထိန်းသိမ်းထားနိုင်သည့်အပြင် လူထွားကြီး၏ကန်ချက်ကိုလည်း လွတ်အောင် ရှောင်နိုင်ခဲ့သည်။

လူရွယ်သည် လူထွားကြီး၏ကန်ချက်ကို ရှောင်တိမ်းနိုင်သော်လည်း အဝေးသို့ ရှောင်တိမ်းသွားခြင်း မဟုတ်ပါချေ။

သူသည် လွတ်ရုံမျှသာ ရှောင်တိမ်းလိုက်ပြီး လူထွားကြီးသို့ ချက်ချင်းပြန်လည်တိုးကပ်သွားလေသည်။

လူရွယ်၏ပြုမူပုံမှာ အန္တရာယ်များလှသည်။

သူ၏လှုပ်ရှားမှုမှာ စွန့်စားမှုတစ်ရပ်ဆိုလျှင် ပို၍ မှန်ကန်ပေလိမ့်မည်။

စွန့်စားခြင်းသည် သိုင်းပညာ တတ်မြောက်ထားသူအဖို့ မလိုလားအပ်သော လုပ်ရပ်တစ်ခု ဖြစ်သည်။



မိမိကိုယ်ကို အပြည့်အဝ ယုံကြည်သူ မဟုတ်လျှင် ထူးကဲသော သိုင်းစွမ်းရည်ကို ပိုင်ဆိုင်ထားသူ မဟုတ်ပါက ယခုကဲ့သို့ မိုက်မဲ့ဆန်မည် မဟုတ်ပေ။

လူထွားကြီးသည် အလွန်တရာ အံ့သြနေလေသည်။

သံကြိုးဖြင့် ဆောင့်ဆွဲရာတွင် လူရွယ် ဓားလွတ်ကျမသွားသည့် အချက်ကပင် လူရွယ်သည် လူထွားကြီးအား တအံ့တသြ ဖြစ်စေခဲ့လေသည်။

သူ၏ကန်ချက်ကို လူရွယ်က လွတ်အောင် ရှောင်လိုက်သောအခါ လူထွားသည် ပို၍ အံ့သြသွားလေသည်။

လူထွားကြီး အံ့သြတုန်လှုပ်နေချိန်မှာပင် လူရွယ်သည် သူ့ထံသို့ ချဉ်းကပ်လာပြီ ဖြစ်သည်။

လူထွားကြီးအဖို့ ရှောင်တိမ်းချိန် မရတော့ပါချေ။

သူသည် အသက်ကို ပြင်းပြင်း တစ်ချက်ရှူရှိုက်၍ ရှိသမျှ အတွင်းအားကို ညှစ်ထုတ်လိုက်သည်။

ထိုအခါ...

သူ၏မျက်နှာတစ်ခုလုံးသည် ရဲခနဲ ဖြစ်သွားသည်။

သူ၏တစ်ကိုယ်လုံးရှိ ကြွက်သားများသည်လည်း သံမဏိကဲ့သို့ မာကျောလာလေသည်။

လူထွားကြီးသည် တံငါကွန်အုပ်ဟူသော ကိုယ်ခံပညာကို အသုံးပြုလိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုပညာသည် အလွန်အကျင့်ရခက်သော သိုင်းပညာ
မျိုး ဖြစ်သည်။

ယင်းပညာ တတ်မြောက်သော သူသည် သိုင်းလောက
အလွန်ရှားပါးသည်ဟု ဆိုရမည် ဖြစ်သည်။

ယင်းပညာကို လေ့ကျင့်သူသည် မူလကိုယ်ခံအား အ
ကောင်းမွန်ရန် လိုအပ်သည့်အပြင် ပညာကို လေ့ကျင့်ရာတွင်
မတူအောင် ဖွဲ့နှပဲ ရှိရမည်ဖြစ်သည်။

လူထွားကြီးသည် ရောင်တိမ်းချိန် မရမှန်းသိ၍ ထိုပညာ
သုံးစွဲကာ လူရွယ်အား ရင်ဆိုင်လိုက်ခြင်း ဖြစ်လေသည်။

လူထွားကြီး၏သိုင်းပညာမှာ အစွမ်းထက်လှသည်။

သို့သော်...

သူရင်ဆိုင်နေရသောသူမှာ သာမန်ရန်သူမျိုး မဟု
ကြောင်း ထည့်တွက်ခဲ့ပုံ မရချေ။

လူရွယ်၏ဓားသွားသည် လူထွားကြီးထံသို့ တန်းဝင်လာ
သည်။

ဓားသွားသည် လူထွားကြီး၏ခန္ဓာကိုယ်ပေါ်သို့ ကျရော
မလာမီပင် ကြီးမားသော အရှိန်တစ်ခု ဝင်ဆောင့်လာသည်။

ဤတွင် လူထွားကြီးက ခုခံခြင်း မပြုတော့ဘဲ နောက်သို့
ခုန်ဆုတ်လိုက်သည်။

သို့သော်...



သူသည် အချိန်အနည်းငယ် နောက်ကျသွားသည်။

"ဒုတ်"

ဟူသော အသံနှင့်အတူ လူထွားကြီး၏ပခုံးတွင် သွေးများ
ထွက်လာသည်။

လူထွားကြီးသည် အော်ဟစ်အသံပြုရင်းပင် နောက်သို့ ယိုင်
ကျသွားသည်။

သူသည် နောက်သို့ ခြေလှမ်းငါးလှမ်းမျှ ဆုတ်ပြီးမှ ကိုယ်
ကို ပြန်လည် ထိန်းထားနိုင်ခဲ့သည်။

လူရွယ်၏မျက်နှာပေါ်တွင် အေးစက်သော အပြုံးတစ်ခု
ဖြစ်ပေါ်လာလေသည်။

သူ၏စူးရှသော မျက်လုံးအစုံသည် လူထွားကြီးအား စူးရှစွာ
ကြည့်နေသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ဝါး
ရိုက်ခန့်ပင် မကွာလှမ်းတော့ပါ။

လူထွားကြီး၏ ကြီးမားသော လက်ဝါးက ဒဏ်ရာအား ဖိ
ထားသော်လည်း သွေးများက တားမရ ဆီးမရ ဆက်လက်စီးကျနေ
သည်။

လူထွားကြီးသည် လူရွယ်ကို မျက်လုံးပြူးကြီးဖြင့် ကြည့်
ရင်း...

"ဟေ့.. မင်း ဘယ်သူလဲ၊ ဘာကြောင့် သည်လောက် ရက်

www.burmeseclassic.com

www.burmeseclassic.com



စက်ကြမ်းကြုတ်ရတာလဲ”

ဟု မေးလိုက်သည်။

လူရွှယ်သည် အောင်နိုင်သော အပြုံးမျိုးဖြင့် တစ်ချက်ပြ လိုက်သည်။

“ခင်ဗျား သက်တမ်းစေ့ပြီ”

လူထွားကြီးသည် ဘာမျှ ပြန်မပြောဘဲ သွေးအကျရပ်စေ ရန် ဒဏ်ရာပတ်ဝန်းကျင်ရှိ သွေးကြောသုံးခုကို မိမိဘာသာမိမိ ပိတ်လိုက်သည်။

သို့သော်...

ဒဏ်ရာမှ ကျဆင်းနေသော သွေးများသည် ရပ်တန့်သွား ခြင်း မရှိပါချေ။

လူထွားကြီးသည် ကြောက်လန့်တကြားဖြင့် သွေးကြော အချို့ကို မိမိဘာသာ ထပ်မံ၍ ထိုးပိတ်လိုက်ပြန်သည်။

လူရွှယ်သည် မဲ့ပြုံးပြုံးလိုက်ပြီး...

“မလုပ်ပါနဲ့ဗျာ၊ ပင်ပန်းရုံပဲ ရှိမယ်၊ ခင်ဗျားက အဆင့်မြ သိုင်းပညာကို လေ့ကျင့်ခဲ့တဲ့သူပဲ၊ သည်လို သွေးကြောတွေ လျှော ပိတ်လို့ ဘယ်ရမလဲ”

ဤတွင် လူထွားကြီးသည် မာန်သွင်းသံတစ်ချက်ပြု လက်ထဲတွင် ကိုင်ဆောင်ထားသော သံလုံးနှစ်လုံးဖြင့် လူရွှယ်အား ပစ်ပေါက်လိုက်သည်။



သံကြိုးဖြင့် ဆက်ထားသော သံလုံးကြီးနှစ်လုံးသည် ရှေ့နောက်ခွဲကာ လူရွှယ်ထံသို့ အရှိန်ပြင်းစွာဖြင့် လွင့်ပျံလာသည်။

လူရွှယ်သည် လူထွားကြီး လှုပ်ရှားလိုက်သည့် အချိန်မှာပင် လေထဲသို့ ပေါ့ပါးစွာ ခုန်တက်လိုက်သည်။

ထို့နောက် သူသည် ပစ်လွှင့်လာသော သံလုံးကြီးနှစ်လုံးကို ခြေဖြင့် ဖွနင်းလိုက်သည်။

ထိုအခါ...

သံလုံးကြီးနှစ်လုံးမှာ အောက်သို့ နိမ့်ဆင်းသွားလေသည်။

လူရွှယ်၏ခန္ဓာကိုယ်မှာ လူထွားကြီးအနီးသို့ ဝဲပျံသွားလေသည်။

လူရွှယ်သည် လေထဲတွင် ခုန်ပျံရင်းနှင့်ပင် ဓားရှည်ဖြင့် ခုတ်ချလိုက်ရာ လူထွားကြီး၏ဘယ်ဘက် နံကြားသို့ ထိမှန်သွားသည်။

ယခု...

ဓားချက်သည် ယခင်ကထက်ပင် အဆပေါင်းများစွာ ပြင်းထန်နေကြောင်း ထင်ရှားနေသည်။

လူထွားကြီးသည် ငယ်သံပါအောင် တစ်ချက်အော်ရင်း နောက်သို့ ခုန်ထွက်သွားသည်။

ဤတစ်ကြိမ်တွင် လူထွားကြီးသည် မိမိ၏ကိုယ်ဟန်ကို မည်သို့မျှ မထိန်းနိုင်တော့ပါချေ။

ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



သူသည် မြေပေါ်သို့ ဖင်ထိုင်လျက် ကျသွားလေသည်။

ဒဏ်ရာနှစ်ခုမှ စီးဆင်းကျလာသော သွေးများသည် အ ရှိ ဖြူဖွေးသော နှင်းပြင်ပေါ်တွင် သွေးချင်းချင်း နီသွားလေ သည်။

လူထွားကြီးသည် လူရွယ်အား မကြာသေးမီက သံလုံး ပစ်ပေါက်ခဲ့သော်လည်း ချိန်းကြိုးကိုမူ လက်ထဲတွင် မြဲမြဲကိုင်ထား လေသည်။

ယခု...

သူသည် သံလုံးနှစ်လုံးအား ပြန်လည်ရုပ်သိမ်းခဲ့သော် လည်း အရှိန်မသတ်နိုင်သေးဘဲ သံလုံးနှစ်လုံးက လေထဲတွင် တဝဲ လည်နေသည်။

လူထွားကြီးသည် လူရွယ်အား စားမတတ် ဝါးမတတ် စိုက်ကြည့်ရင်း အသက်ကို ပြင်းပြင်းရှူလိုက်သည်။

လူထွားကြီးသည် မိမိအဖို့ မျှော်လင့်ချက် ကုန်ဆုံးချေ ဖြစ်ကြောင်းကို ရိပ်စားလိုက်မိလေသည်။

တံငါကွန်အုပ်ဟူသော သိုင်းပညာကို သုံးစွဲလိုက်ခြင်းမှာ လူထွားကြီး၏အမှားပင် ဖြစ်လေသည်။

"ချိန်းစု၊ ခင်ဗျားကံကောင်းနေပြီ"

လူရွယ်သည် လှောင်ပြောင်သော အသံဖြင့် ပြောလိုက်လေ သည်။



ထို့နောက်...

သူသည် လက်ထဲတွင် အသင့်ကိုင်ထားသော ဓားဖြင့် လှမ်း ချိန်လိုက်၏။

တဆက်တည်း လူထွားကြီးကိုလည်း ခပ်ဆတ်ဆတ် မေး လိုက်သည်။

"ချိန်းစု၊ ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျားသိသလား"

ချိန်းစုဟု အခေါ်ခံရသော လူထွားကြီးသည် မြေပေါ်မှ ငေါက်ခနဲ မတ်တတ်ထရပ်လိုက်လေသည်။

ထို့နောက်...

လူထွားကြီးသည် သံလုံးနှစ်လုံးကို ဝှေ့ယမ်းလိုက်လေ သည်။

သေမင်းနှင့် လက်တစ်ကမ်း အကွာသို့ ရောက်နေသည့် လူထွားကြီးမှာ မာန်မလျော့သေးပါချေ။

လူထွားကြီး၏ဒေါသမီး တောက်လောင်နေသော မျက်လုံး အစုံသည် လူရွယ်ကို စူးစူးဝါးဝါး ကြည့်နေသည်။

သူသည် နောက်ဆုံး အခွင့်အရေးတစ်ရပ် ရလိုရငြား လူရွယ်အား စူးရှစွာ စိုက်ကြည့်နေသည်။

"မင်းက ဘယ်သူလဲ၊ မင်းကို ကျုပ် မသိဘူး"

လူထွားကြီးက လူရွယ်အား ဒေါသတကြီးဖြင့် မေးမြန်း လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်...

သူသည် သံလုံးကို ဝှေ့ယမ်းလိုက်သည်။

ပြီးလျှင် လူရွှယ်ထံသို့လည်း တစ်လှမ်းချင်း တိုးလာသေ သည်။

လူရွှယ်သည် လုံးဝမပေါ့ဆတော့ချေ။

သူသည် အနောက်ဘက်သို့ တစ်လှမ်းချင်း ဆုတ်နေသည်

သူ၏မျက်လုံးအစုံသည် ချန်းစု၏လှုပ်ရှားမှုကို စောင့်ကြည့် နေသည့်အပြင် တဝီဝီ ဝှေ့ယမ်းနေသော သံလုံးနှစ်လုံးကိုလည်း သတိထားနေရသည်။

"မင်းကို ကျုပ်မေးနေတာ မကြားဘူးလား၊ မင်း ဘယ်သူ လဲ"

ချန်းစုသည် ဒေါသတကြီးဖြင့် ဝေါက်ခနဲ မေးလိုက်ပြန်သည်။

လူရွှယ်သည် မထီမဲ့မြင်ဟန်ဖြင့် နှုတ်ခမ်းတစ်ချက်မဲ့ပြီး ပြုံးလိုက်ပြီးလျှင်...

"ဟုတ်တယ်၊ ခင်ဗျားနဲ့ ကျုပ် တစ်ခါမှ မဆုံခဲ့မိတာ အမှန် ပါပဲ"

ဟု ပြောလိုက်၏။

လူထွားကြီးသည် သူ့အတွက် အချိန်များများ မရှိတော့ မှန်း ရိပ်မိသွားဟန်တူသည်။

ထို့ကြောင့်...



သူသည် စကားကို ဆက်လက်ပြောဆိုခြင်း မပြုတော့ချေ။

တဆက်တည်းပင် သံလုံးနှစ်လုံးကို အရှေ့ဘက်သို့ လွင့် ထွက်သွားအောင် ချိန်းကြိုးကို ဝှေ့ယမ်းလိုက်၏။

သံလုံးနှစ်လုံးသည် ဝယာခွဲကာ လေးကိုင်းသဏ္ဌာန်ဖြင့် အလယ်သို့ စုရုံးသွားလေသည်။

သံလုံးနှစ်လုံး စုစည်းမိနေရာမှာ ပစ်မှတ် ရှိနေလေသည်။

ယင်းပစ်မှတ်သည် တစ်ခြားအရာ မဟုတ်ပါချေ။

သူ၏ရှေ့တွင်ရှိသော လူရွှယ်ပင် ဖြစ်ပေတော့သည်။

လူထွားကြီးသည် ဟာသံမောင်နှံသိုင်းကွက်ကို အသုံးပြု ကာ လူရွှယ်အား တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သံလုံးဖြင့် တိုက်ခိုက်ရာတွင် ယင်းသိုင်းကွက်ဖြင့် တိုက်ခိုက် သူမှာ မရှိသလောက် ရှားပါးသည်။

ချန်းစုသည် ယခုကဲ့သို့ တိုက်ခိုက်လာမည်ကို လူရွှယ်က ကြိုတင်၍ တွက်ဆထားမိဟန်တူ၏။

လူထွားကြီးသည် သံလုံးနှစ်လုံးကို အလယ်သို့ စုလျက် လူရွှယ်ထံသို့ အရှိန်ပြင်းပြင်းဖြင့် ပစ်လွှတ်လိုက်ချိန်တွင် လူရွှယ်သည် ကိုယ်ကို လှုပ်တစ်ပြက် ဝပ်ချလိုက်လေသည်။

ထိုအခါ သံလုံးနှစ်လုံးသည် လူရွှယ်၏ခေါင်းပေါ်မှ ပွတ် ကာသီကာ ဖြတ်သန်းသွားသည်။ ယင်းသို့ ဖြတ်သန်းသွားစဉ် သံ လုံးချင်း ပြင်းထန်စွာ ရိုက်သွားသဖြင့် ချွင်ခနဲ မြည်ဟည်းသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သံလုံးချင်း ပြင်းထန်စွာ ရိုက်မိသဖြင့် မီးပန်းများ ဖြာထွက်လာသည်။

ချန်းစုဆိုသူသည် အခြေအနေ မဟန်မှန်း သိ၍ သံလုံးနှစ်လုံးကို ပြန်လည်ရုတ်သိမ်းရန် ချိန်းကြိုးကို ဆွဲယူလိုက်သည်။

သို့သော် သူသည် အနည်းငယ် နောက်ကျသွားလေ၏။

အဘယ်ကြောင့်ဆိုသော် လူရွှယ်သည် ချန်းစုထက် ဦးအောင် ချိန်းကြိုးကို လက်နှစ်ဖက်ဖြင့် ဆတ်ခနဲ ဖမ်းဆွဲထားလိုက်သောကြောင့် ဖြစ်၏။

လူရွှယ်သည် သူ၏ညာဖက်လက်တွင် ကိုင်ဆောင်ထားသော ဓားရှည်အား သူ၏ပါးစပ်တွင် ကိုက်ထားလျက် ရှိသည်။

လူရွှယ်၏တုံ့ပြန်မှုမှာ မယုံကြည်နိုင်လောက်အောင် သွက်လက်လျင်မြန်လှသည်။

သူတို့နှစ်ယောက်သည် ချိန်းကြိုးကို တအားဆောင့်ဆွဲလိုက်သဖြင့် ငါးပေခန့် ရှည်သော ချိန်းကြိုးမှာ တဖြောင့်တည်း ဖြစ်သွားသည်။

လူရွှယ်သည် အားစိုက်ရလွန်းသဖြင့် သူ၏မျက်နှာတစ်ခုလုံး ရဲတက်လာလေ၏။

လူထွားကြီးချန်းစုမှာမူ ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်နေသည်။ သူ၏ဒဏ်ရာနှစ်ခုမှ သွေးများသည်လည်း စီးကျနေသည်။



သူတို့နှစ်ယောက်စလုံးသည် သံကြိုးကို လွန်ဆွဲသကဲ့သို့ ဆွဲထားကြသည်။

သူတို့၏ခြေအစုံသည်လည်း နှင်းပြင်ထဲသို့ တစ်စထက်တစ်စ ဝင်ရောက်သွားလေတော့သည်။ အမှန်ဆိုရလျှင်…

လူထွားကြီးချန်းစုသည် လူရွှယ်ထက် အားပိုသန်သည်။

သို့သော်…

ယခု ချန်းစုသည် ဒဏ်ရာရထားသဖြင့် တပန်းရှုံးနေသည်။

လူရွှယ်သည် ခေသူ မဟုတ်ပါချေ။

သူ၏ကိုယ်ဟန်သည် ချန်းစုလောက် ကြီးမားထွားကျိုင်းခြင်း မရှိသည့်တိုင် လက်အားမှာ အလွန်သန်စွမ်းသူတစ်ယောက်ဖြစ်သည်။ မကြာပါချေ။

ချိန်းကြိုးသည် အလယ်မှ ပြတ်ထွက်သွားလေတော့သည်။

ဤတွင် နှစ်ယောက်စလုံးသည် နောက်သို့ ကိုယ်စီ ယိုင်သွားလေသည်။

လူရွှယ်သည် နောက်သို့ ယိုင်သွားသော်လည်း သူသည် ခြေနှစ်ဖက်ကို ခိုင်မြဲစွာ ထိန်းထားနိုင်သည်။

ထို့ကြောင့် သူ၏ခန္ဓာကိုယ်သည် ဟိုဒီယိုင်သွားသော်လည်း နေရာတွင်ပင် ပြန်လည်၍ ရပ်မြဲရပ်နေနိုင်လေသည်။

လူထွားကြီးချန်းစုမှာမူ သူ့ထက် များစွာ ခြားနားနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သံကြိုးပြတ်ထွက်သွားသည်နှင့် ချန်းစုသည် နောက်သို့ လှန်ကာ မြေပြင်ပေါ်သို့ ဖင်ထိုင်လျက်သား ကျသွားလေသည်။

သူသည် မြေပြင်ပေါ်မှ ပြန်ထရန် ကြိုးစားသော်လည်း ။ ၍မရ ဖြစ်နေ၏။

လူရွယ်သည် သူ့ထံသို့ တစ်လှမ်းချင်း လှမ်းသွားေ သည်။ ထို့နောက် ချန်းစုသည် ပြန်မထနိုင်တော့ချေ။

သူသည် အံကို တင်းတင်းကြိတ်ရင်း လူရွယ်အား အခဲ ကြေနိုင်ဟန်ဖြင့် မော့ကြည့်လိုက်၏။

"ချန်းစု၊ ကျုပ် ဘယ်သူလဲဆိုတာကို သိချင်သလား"

လူရွယ်သည် ယင်းသို့ မေးလိုက်၏။

သို့သော် ချန်းစုသည် စကားမပြောနိုင်အောင် မောဟိုက် နေသဖြင့် လူရွယ်ကိုသာ မီးဝင်းဝင်းတောက်နေသော မျက်လုံး အစုံဖြင့် စိုက်ကြည့်နေသည်။ လူရွယ်ကပင် စကားဆက်လိုက်သည်

"လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကျော်တုန်းက လုရန်မြို့က မရှော အကျဉ်းထောင်မှူးဝူလျောင်ကို ခင်ဗျားမှတ်မိမှာပေါ့"

ဟု မေးလိုက်၏။

သူ၏စကားကြောင့် ချန်းစု၏မျက်လုံးအစုံ ရီဝေသွား၏

သူသည် အတိတ်မှ ဖြစ်ရပ်များကို ပြန်လည်စဉ်းစားေ ကြောင်း ထင်ရှားသည်။

လူရွယ်၏မျက်နှာပေါ်တွင် မချိပြုံးတစ်ရပ် ထင်ဟပ်လာ



သည်။ ပြီးလျှင်...

"အဲသည် ထောင်မှူးဝူလျောင်ဟာ ခင်ဗျားတို့ကြောင့် ဘယ် လောက် ဒုက္ခရောက်ခဲ့တယ်ဆိုတာ စဉ်းစားမိရဲ့လား"

ဟု မေးလိုက်၏။

လူရွယ်သည် ခံပြင်းစွာ မေးရင်း မချိပြုံးပြုံးလိုက်ပြန်သည်။

"ထောင်မှူးကြီးဟာ လူအကဲခတ် မှားလို့ သစ္စာမရှိတဲ့ လူ ယုတ်မာ ဓားပြငါးယောက်ကို လူစွမ်းကောင်းလို့ ထင်ခဲ့တယ်၊ သူဟာ အသက်နဲ့ရင်းပြီး လူယုတ်မာ ငါးယောက်ကို အာမခံလုပ်ပြီး ထောင် ထဲက ကယ်ထုတ်လိုက်တယ်"

သူသည် စကားကို ခေတ္တရပ်လိုက်သည်။

ချန်းစုဆိုသူသည် ထိတ်လန့်တုန်လှုပ်လွန်း၍ ခန္ဓာကိုယ်တစ် ခုလုံး တဆတ်ဆတ် တုန်နေသည်။

လူရွယ်က စကားဆက်လိုက်ပြန်သည်။

"လူယုတ်မာ ဓားပြငါးယောက်ဟာ မရဏအကျဉ်းထောင် ကြီးက ထွက်တာနဲ့ ထောင်မှူးခိုင်းတာကို လုပ်မလိုလိုနဲ့ လုယန်မြို့ရဲ့ ငွေတိုက်ကိုလဲ ဓားပြတိုက်သွားတယ်၊ နောက်ပြီး အဲသည် ညမှာပဲ လူသတ်မှုတွေ ကျူးလွန်ခဲ့တယ်၊ နောက်ဆုံး သူတို့ငါးယောက်ဟာ ငွေတိုက်က ငွေတွေကို ယူပြီး လုယန်မြို့က အပြီးအပိုင် ထွက်ခွာ သွားတယ်၊ ကျေးဇူးရှင်ဖြစ်တဲ့ ထောင်မှူးဝူလျောင်နဲ့ ပြန်တွေ့မှာ စိုးလို့ တစ်ခါတည်း ရှောင်သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပြောရင်းမှ အံကိုတင်းတင်း ကြိတ်လိုက်သေးသည်။ ထို့နောက် သူသည် နာကျည်းသောလေသံဖြင့်...

"ချန်းစု၊ နောက်ဆက်တွဲ စကားတွေကို ခင်ဗျားနားထောင်ချင်သေးသလား"

"မင်း...မင်း"

ချန်းစုသည် မောဟိုက်နေသဖြင့် ထိုမျှသာ အသံထွက်နိုင်ပေသည်။ လူရွှယ်က စကားဆက်လိုက်ပြန်သည်။

"စေတနာကြီးမားခဲ့တဲ့ ထောင်မှူးကြီးက လူယုတ်မာကြီးတွေကို စိတ်ကောင်းထား သနားညှာတာမိလို့ ဒုက္ခလှလှကြီး တွေ့ခဲ့တယ်၊ ဓားပြတွေနဲ့ ပူးပေါင်းကြံစည်တယ်ဆိုပြီး အမှုတင်သွားတယ်၊ ပြီးတော့ သူကိုယ်တိုင်ရော သူ့မိသားစုအားလုံးပါ သေဒဏ်ပေးခံလိုက်ရတယ်"

သူ၏စကားအဆုံးတွင် ချန်းစုက ငေါက်ခနဲ ထထိုင်လိုက်သည်။ ချန်းစုသည် သူ၏သွေးများ ပေကျံနေသော လက်တစ်ဖက်ကိုဆန့်ထုတ်ရင်း လူရွယ်အား လက်ညှိုးထိုးကာ...

"မင်း...မင်း"

ဟုသာ ပြောနိုင်သည်။

"ကျုပ်က ဂူထင်းနန်၊ စောစောက ပြောခဲ့တဲ့ ထောင်မှူးဟောင်ရဲ့သားပဲ၊ အခု ကျုပ် ဘယ်သူလဲဆိုတာ သိပြီလား"

လူရွယ်က ခံပြင်းသော လေသံဖြင့် ဖွင့်ပြောလိုက်သည်။



လူထွားကြီး၏ခန္ဓာကိုယ်သည် ဆတ်ခနဲ တုန်ခါသွားသည်။

ဂူထင်းနန်သည် လူထွားကြီးချန်းစုကို စိုက်ကြည့်လိုက်သည်။ ပြီးလျှင် ခပ်ယဲ့ယဲ့ပြုံးကာ...

"ခင်ဗျား အသေဖြောင့်လောက်ပါပြီဗျာ"

လူထွားကြီးချန်းစုသည် ဂူထင်းနန်၏စကားသံကို ကြားနိုင်တော့မည် မထင်ပါ။ သူသည် ရှေ့သို့ ငိုက်ကျသွားသည်။

နှင်းမြေပြင်ပေါ်တွင် သူ၏ပစ္စည်းများသည် ပြန့်ကျဲလျက်ကျန်ရစ်သည်။ ထို့အတူ ချန်းစု၏အလောင်းသည်လည်း စန့်စန့်ကြီးလျက် ကျန်ရစ်ခဲ့လေသည်။

ဝန်းကျင်တစ်ခုလုံးသည် ရုတ်တရက် ငြိမ်သက်တိတ်ဆိတ်သွားသည်။ မကြာသေးမီ အချိန်ကပင် ဤနေရာတွင် ပြင်းထန်သော တိုက်ပွဲကြီးတစ်ပွဲ ဖြစ်ပွားခဲ့ကြောင်း မည်သူမျှ ယုံကြည်နိုင်မည်မဟုတ်ပေ။

◆ ◆ ◆

ဂူထင်းနန်သည် မြင်းကို အရှိန်ပြင်းစွာ စီးနှင်းနေလေသည်။

လပြည့်ဝန်းသည် ကောင်းကင်ထက်တွင် ထိန်ထိန်သာနေသည်။ ကောင်းကင်ပြင်တွင် မိုးသားတိမ်လိပ်များ ကင်းစင်ပြီး ကြယ်တာရာများ မိုတ်တုတ်မှိတ်တုတ် လင်းလက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လရောင်ထင်ဟပ်နေသောကြောင့် နှင်းပြင်ကြီးသည် ငေ
ငွေရောင်များဖြင့် တလက်လက် တောက်ပနေလေသည်။

ဝန်းကျင်တစ်ခုလုံးသည် ပကတိ တိတ်ဆိတ်ငြိမ်သက်
သည်။

တစ်ချက်တစ်ချက် ထွက်ပေါ်လာသော ဝံပုလွေအော်သံ
ကြားလိုက်ရလေသည်။ ဝံပုလွေအော်သံသည် တစ်ဘက်တော
ကုန်းမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ဝံပုလွေများ၏ အော်ဟစ်သံသည် တိတ်ဆိတ်ငြိမ်သက်
သော ညဥ့်ယံကို အသက်သွင်းပေးလိုက်သကဲ့သို့ ဖြစ်နေသည်။

ညသည် အလွန်အမင်း သာယာတိတ်ဆိတ်လျက် ရှိ
သည်။ ယနေ့ ညတွင် ဂူထင်းနန်၏စိတ်သည် အလွန်အမင်း
တွေးနေသည်။

သူသည် ယခု နဂါးငါးဖော်အနက်မှ သုံးဖော်ကို သုတ်သ
ပြီးဖြစ်သည်။ သူ နောက်ထပ် သုတ်သင်ရန် နှစ်ယောက်သာ ကျ
တော့သည်။

သူ၏သွေးကြွေးဆပ်မှုသည် မကြာမီ ပြီးဆုံးတော့မည် ဖြ
သည်။ သူသည် ချန်းစုတို့သုံးယောက်အား သုတ်သင်နိုင်ခဲ့သော်လည်
ကျန်နှစ်ယောက်အား သုတ်သင်နိုင်ရန်မှာ သေချာပါမည်လော။

သိုင်းပညာချင်း ယှဉ်ပြိုင်နိုင်ပါမည်လော။

အမှန်ဆိုလျှင် သူ၏မြင်းသည် နှင်းဖြူစံအိမ်ကြီး အနီး



ရောက်ရှိနေပြီဖြစ်သည်။

သူသည် ယနေ့ ညတွင် နှင်းဖြူစံအိမ်သခင် တုကုဖုံးအား ယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားပြီး ဖြစ်၏။

သို့သော် သူသည် အပြန်ပြန် အလှန်လှန် တွေးတောချင့်ချိန်လိုက်ပြီးနောက် ထိုနေရာမှ ပြန်လည်ထွက်ခွာလာခဲ့သည်။

သူသည် ရှေ့က ရန်သူသုံးယောက်ကဲ့သို့ နောက်ထပ် နှစ်ယောက်အား မယှဉ်ပြိုင်နိုင်ခဲ့ပါလျှင်...

သူ၏သွေးကြွေးသည် ဤအတိုင်းသာ ပြီးဆုံးသွားတော့မည်လော။ သူ မတွေးတော့ တော့ပါချေ။ သူသည် သက်ပြင်းတစ်ချက်ကို ခပ်ပြင်းပြင်းချလိုက်လေသည်။

ညဥ့်လေသည် ဓားသွားပမာ သူ၏စိတ်အစဉ်ကို မနားတမ်း ဖွန်းနေသည်။

သူသည် မြင်းကို တရှိန်ထိုးမောင်းနှင်၍ သူ၏တဲအိမ်လေးဆီသို့ ပြန်လာခဲ့၏။ သူ၏လက်စွဲတော်မြင်းသည် နှာမှုတ်သံ ထပ်တလဲလဲ ပေးနေသည်။ မကြာပါချေ။

သူ၏တဲအိမ်ကလေး အနီးသို့ ရောက်ရှိလာလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## နှင်းဖြူစံအိမ်ရှင်

တဲအိမ်ငယ်လေးရှေ့ရှိ သစ်ပင်အောက်တွင် မြေပုံတစ်ခု ထ
မ်တိုးလာပြန်ပြီ ဖြစ်သည်။

ထို့ကြောင့် မြေပုံမှာ အားလုံးပေါင်း သုံးခု ရှိသွားချေပြီ

ဤအချက်ကို ကြည့်ခြင်းအားဖြင့် ဝူထင်းနန်သည် ရန်
သုံးယောက်ကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ပြီ ဖြစ်ကြောင်း သိနိုင်ေ
သည်။ မှန်ပေသည်။

ဝူထင်းနန်သည် ရန်သူငါးယောက်အနက် သုံးယောက်
သုတ်သင်နိုင်ခဲ့ချေပြီ။

သူသည် ထပ်မံသုတ်သင်ရန်မှာ ရန်သူနှစ်ယောက်သ
ကျန်တော့သည်။

ဝူထင်းနန်သည် မြေပုံများကို တစ်ချက်လှမ်းကြည့်လို
သည်။ ထို့နောက် သူသည် အံကို တင်းတင်းကြိတ်လိုက်သည်။

သူ၏မျက်နှာမှာ အံကြိတ်ထားသဖြင့် မေးကြောများ ထ
နေသည်။



သူသည် ခြေလှမ်းကြဲကြဲဖြင့် တဲအိမ်လေး ရှိရာသို့ လျှောက်
သွမ်းသွားသည်။ တဲအိမ်ထဲတွင် မှောင်နှင့်မည်းမည်း ဖြစ်နေလေ
တော့သည်။

ဝူထင်းနန်သည် ညတိုင်းလိုလိုပင် အမှောင်ထဲတွင် ထိုင်
သွက် ဖြူလွလွနှင်းပြင်ကြီးကို ငေးကြည့်နေလေ့ ရှိသည်။

သူသည် ယခု ညလည်း ထိုနည်းအတိုင်းပင် ဖြစ်ပေသည်။

သူသည် တဲအိမ်လေး ပြတင်းပေါက် အနီးတွင် တိတ်ဆိတ်
ငြိမ်သက်စွာထိုင်နေ၏။

လရောင်အောက်တွင် အတိုင်းသား မြင်နေရသော မြေပုံ
ကြီး သုံးပုံတို့ကို ကြည့်ရင်း သွေးများ ဆူပွက်လာသည်။

သူသည် အတိတ်ကို ပြန်တွေးတိုင်း ရင်ထဲ အဆမတန် နာ
ကျင်လာ၏။ နဂါးငါးဖော်ကိုလည်း အလွန်အမင်း မုန်းတီးလာမိလေ
သည်။

သူသည် သက်ပြင်းတစ်ချက် ခပ်ပြင်းပြင်း ရှိုက်မိလိုက်
သည်။ ထိုအချိန်တွင် အလင်းရောင်တစ်ခုသည် သူ့နောက်တွင် ရုတ်
တရက် ဖျပ်ခနဲ လင်းလက်လာသည်ကို တွေ့လိုက်ရသည်။

ဝူထင်းနန်က ချာခနဲဆိုသလိုပင် လှည့်ကြည့်လိုက်လေ
သည်။ ထိုအခါ သူသည် မမျှော်လင့်သော အဖြစ်အပျက်ကြောင့်
ကြောင်အမ်းအမ်းဖြစ်သွားသည်။

အဘယ်ကြောင့်ဆိုသော် သူသည် တချင်းလျှံအား တွေ့မြင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသောကြောင့် ဖြစ်သည်။

တချင်းလှုံသည် မည်သည့်အချိန်က သူ၏တဲအိမ်ထဲ ရောက်နေမှန်း မသိပါချေ။

သူမ၏လက်ထဲတွင် မီးခြစ်ဆံတစ်ခု ကိုင်ထားလေသည်။

သူမသည် မီးခြစ်ဆံဖြင့် အနီးရှိ မီးခွက်ကို ထွန်းညှိလိုက်သည်။ ထိုအခါ တဲအိမ်ငယ်လေးထဲတွင် ချက်ချင်းပင် လင်းထိန် သွားလေသည်။ ဂူထင်းနန်သည် တချင်းလှုံအား တအံ့တသြဖြင့်ကြည့်ကာ...

"မင်း ဘယ်တုန်းက ရောက်နေတာလဲ"

ဟု မေးလိုက်၏။ တချင်းလှုံက ပြုံးလိုက်ရင်း...

"ကျွန်မက အစောကြီးကတည်းက ရောက်နေတာ"

သူမ၏လေသံမှာ ပျော့ပျောင်းမှု မရှိဘဲ ခပ်မာမာ ဖြစ်နေသည်။ သို့သော် ဂူထင်းနန်က ဘာမျှပြန်မပြောချေ။

တချင်းလှုံအား ကြည့်ကာ တိတ်ဆိတ်၍သာ နေလေသည်။ တချင်းလှုံသည် မီးခြစ်အား သိမ်းဆည်းလိုက်လေသည်။

ပြီးလျှင်...

"လူတစ်ယောက်ဟာ မီးမထွန်းဘဲ အမှောင်ထဲမှာ သည်အတိုင်း ထိုင်နေရင် အပြစ်တစ်ခုခုကို ကျူးလွန်လာလို့ပဲ ဖြစ်ရမယ်"

ဟု ပြောလိုက်၏။

ဂူထင်းနန်သည် ယခုတိုင် သူမအား တုံ့ပြန်ပြောဆိုခြင်း မ



သေးချေ။ သူသည် ခပ်ယဲ့ယဲ့သာ ပြုံးနေ၏။

သူသည် ခါတိုင်းဆိုလျှင် ဒေါသပုန်ထသွားပြီ ဖြစ်လေသည်။ သို့သော် ယနေ့ ညတွင်မူ သူ၏စိတ်သည် ထူးထူးခြားခြား ပြောင်းလဲနေသည်။ သူ၏စိတ်သည် အလွန်နူးညံ့ပျော့ပျောင်းသော အသွင်ဆောင်နေလေသည်။

တချင်းလှုံသည် ဂူထင်းနန် ရှေ့တွင် သွားရောက်မတ်တပ် ရပ်လိုက်ပြီး...

"ရှင်ဟာ တော်တော်ထူးဆန်းတဲ့ လူတစ်ယောက်ပဲ၊ ရှင်ဟာ ကြောက်စရာလဲ ကောင်းတယ်၊ သနားစရာလဲ ကောင်းတယ်၊ ပြီးတော့.."

သူမသည် ပြောရင်း စကားသည် အလိုလိုပင် ရပ်တန့်သွားသည်။ ဂူထင်းနန်သည် တချင်းလှုံအား ဆတ်ခနဲ မော့ကြည့်လိုက်သည်။ သူ၏မျက်လုံးအစုံတွင် ဒေါသရောင်လွှမ်းနေလေတော့သည်။ သူမသည် သက်ပြင်းတစ်ချက်ရှိုက်ရင်း...

"ရှင် လူတစ်ယောက်ကို သတ်ခဲ့ပြန်ပြီ မဟုတ်လား"

ဟု မေးလိုက်လေသည်။

"ဟုတ်တယ်"

ဂူထင်းနန်က မှန်မှန်ကန်ကန်ပင် ဝန်ခံလိုက်၏။

တချင်းလှုံသည် ဂူထင်းနန်အား စိတ်ပျက်သည့် မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်၏။ သူမသည် ဦးခေါင်းကို ဖြည်းညင်းစွာ

www.burmeseclassic.com

www.burmeseclassic.com



ခါယမ်းလိုက်လေသည်။

"ကျွန်မတော့ ဘယ်လိုမှ စဉ်းစားလို့ မရတော့ပါဘူး"

ဝူထင်းနန်သည် သူမအား ဖူးရှစွာ စိုက်ကြည့်လိုက်လေသည်။ ထို့နောက် အေးစက်ခက်ထန်သော လေသံဖြင့်...

"မင်းက ဘာတွေများသိလို့ ပြောနေရတာလဲ"

တချင်းလျှံက ဝူထင်းနန်အား ပြန်ကြည့်လိုက်ပြီး...

"ကျွန်မက ဘာကိုသိရမှာလဲ၊ ဒါပေမယ့် ရှင်လုပ်ပုံက မလွန်လွန်းဘူးလား"

"တိတ်စမ်း"

ဝူထင်းနန်က ဒေါသတကြီးဖြင့် အော်ဟစ်လိုက်သည်။

ထို့နောက် သူသည် ရှေ့သို့ တိုးကာ တချင်းလျှံအား သူ၏လက်ဖြင့် ဖမ်းချုပ်လိုက်လေသည်။ တချင်းလျှံသည် ကြောက်လန့်တကြားဖြင့် နောက်သို့ ရှောင်တိမ်းလိုက်သည်။ သို့သော်...

သူမသည် အချိန်အနည်းငယ် နောက်ကျသွားလေသည်။

ဝူထင်းနန်၏လက်သည် သူမ၏ပခုံးအား မိမိရရ ဆုပ်ကိုင်မိသွားလေသည်။ တချင်းလျှံသည် နာကျင်လွန်း၍ အော်ဟစ်ညည်းတွားလိုက်ပြီး...

"ရှင်က လူတစ်ဖက်သားကို အနိုင်ကျင့်တတ်တယ်၊ ရှင်သတ်မှုကို ကျူးလွန်တတ်တယ်၊ ဒါ့အပြင် ရှင် ဘာများလုပ်တတ်သေးလဲ"



ဝူထင်းနန်သည် သူမ၏ပခုံးအား တအားဖျစ်ညှစ်ထားသဖြင့် တချင်းလျှံမှာ နာကျင်မှုဝေဒနာ ပြင်းထန်စွာ ခံစားနေရလေသည်။ သူမသည် ဒေါသကို ချုပ်တည်း၍ မရတော့ပါ။

ထို့ကြောင့် သူမသည် ဝူထင်းနန်၏မျက်နှာအား လက်ဝါးဖြင့် တအားရိုက်ချလိုက်လေတော့သည်။

အံ့ဩဖွယ်ကောင်းသည်မှာ ဝူထင်းနန်သည် သူမ၏ရိုက်ချက်ကို ရှောင်တိမ်းခြင်း မပြုဘဲ အရိုက်ခံလိုက်ခြင်း ဖြစ်လေသည်။

ထိုအခါ သူ၏ ပါးတစ်ခြမ်းလုံးသည် တချင်းလျှံ၏လက်ဝါးချက်ကြောင့် ပူထူသွားလေသည်။

သူသည် ယင်းသို့ အရိုက်ခံလိုက်ရသဖြင့် ဦးနှောက်တစ်ခုလုံး ပြန်လည် ကြည်လင်လာလေသည်။

ဝူထင်းနန်သည် တချင်းလျှံ၏လက်ကို ပြန်လွှတ်လိုက်ပြီး နောက်ဘက်သို့ ခြေတစ်လှမ်း ဆုတ်သွားလေသည်။

တချင်းလျှံသည် ဝူထင်းနန်အား မျက်လုံးအဝိုင်းသားဖြင့် ကြည့်ရင်း...

"ကျွန်မ လက်လွန်သွားတယ်၊ ရှင် တအားနာသွားသလားဟင်၊ ကျွန်မက ရှင်ရှောင်လိုက်မယ် ထင်တာ"

တချင်းလျှံသည် ကြောက်အားလန့်အားဖြင့် ပြောလိုက်လေသည်။ အကြောင်းမှာ သူမသည် ဝူထင်းနန် လက်တုန့်ပြန်မည့် အရေးကို တွေးကြောက်နေမိသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်…

ဂူထင်းနန်သည် မည်သို့မျှ လက်တုန့်ပြန်ခြင်း မပြုပါချေ

"ကဲ..တုချင်းလှျံ၊ မင်းနိုင်သွားပြီ"

ဟု ခပ်ပြုံးပြုံးဖြင့် ပြောလိုက်လေသည်။ သူ၏အမူအရာ ကြောင့် တုချင်းလှျံသည် စိတ်ပျက်သွားလေသည်။

"ရှင်ဟာ တော်တော်ခေါင်းမာတဲ့ လူတစ်ယောက်ပဲ၊ တယ သန်တယ်၊ စိတ်ဆတ်တယ်၊ ရှင့်ရဲ့နာမည်ကို ပြောပြနိုင်မလားဟင်"

"ဂူထင်းနန်"

ဂူထင်းနန်သည် တိုတိုပြတ်ပြတ်ပင် ပြန်ဖြေလိုက်လေ သည်။

"ဂူထင်းနန် ဟုတ်လား"

တုချင်းလှျံက ပြန်မေးလိုက်သည်။

ထို့နောက် သူမသည် ထိုင်ခုံပေါ်သို့ ဖြည်းဖြည်းချင်း ပြ လည်ထိုင်ချလိုက်ပြီး…

"ကျွန်မသိပြီ၊ ရှင်က ဟိုလူငါးယောက်ကို သတ်ဖို့ သည်နေ ရာကို ရောက်လာတာ ဟုတ်တယ် မဟုတ်လား"

ဟု ပြောလိုက်လေတော့သည်။

ပထမပိုင်း ပြီး၏။

ဒု–ဓာတ်သိမ်းပိုင်း ဆက်လက်ဖတ်ရှုပါရန်။

BURMESE CLASSIC

www.burmeseclassic.com